ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၄ ရက်၊ စနေနေ့။ Saturday 16 June 2018 ၉၁၁၉

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ACMECS CEO Forum ဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ACMECS CEO Forum ဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

ဒေသတွင်းနိုင်ငံများအကြား ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သောဝန်းကျင်ကို လျှောက်လှမ်းနိုင်မည်ဖြစ်

ဗန်ကောက် ဇွန် ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ACMECS CEO Forum "Connecting our Future:Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲသို့တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ACMECS အဖွဲ့ဝင်နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)က မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် ACMECS အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းနိုင်ငံများ အချင်းချင်းအကြားတွင်သာမက ဒေသအပြင်ဘက်ရှိ အခြားသောနိုင်ငံများနှင့် ချိတ်ဆက်မှုများကို တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

တီမောလက်စ်တေ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး၊ တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး၊ အမေရိကန်အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာအကြီးတန်းညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တီမောလက်စ်တေသမ္မတနိုင်ငံ သမ္မတဟောင်း နိုဘယ်ဆုရှင် ဝါရင့်ဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိုဆေးရာမိုစ်ဟော်တာအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

မြန်မာနိုင်ငံအကျိုးစီးပွားမြင့်မားရေးကို ဆောင်ကြဉ်း

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သမ္မတအဖြစ်တာဝန်ယူခဲ့ပြီး ယခုနှစ်ဧပြီ ၂၆ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီးနောက် ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ခြင်းဖြစ်ပြီး တစ်ဆက်တည်းတွင် ဖော်ပြပါ ဆွေးနွေးပွဲများသို့လည်း တက်ရောက်ဆွေးနွေးခဲ့သည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးနှင့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး အစည်းအဝေးနှစ်ခုကို တစ်ဆက်တစ်စပ်တည်း ကျင်းပလေ့ရှိသည်။ စီအယ်လ်အမ်ဗွီတွင် မူလက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ် လေးနိုင်ငံပါဝင်ခဲ့ပြီးနောက် ပထဝီအနေအထားအရ ဆက်စပ်နေသော ထိုင်းနိုင်ငံလည်း ပါဝင်ခဲ့သည်။ အက်မက်စ်တွင် အဆိုပါနိုင်ငံ ငါးနိုင်ငံပါဝင်ပြီး ညီလာခံနှစ်ခုလုံး၏ ရည်ရွယ်ချက်မှာ နိုင်ငံများအကြားတွင် ဖွံ့ဖြိုးမှုကွာဟချက်လျော့နည်းပြီး စီးပွားရေးတိုးတက်လာစေရန်ဖြစ်သည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အက်မက်စ်) ပထမအကြိမ်အစည်းအဝေးကို ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံ ပုဂံမြို့၌ ကျင်းပခဲ့ပြီး ပုဂံကြေညာစာတမ်းကို အတည်ပြုခဲ့သည်။ အက်မက်စ်နှင့် စီအယ်လ်အမ်ဗွီ တို့နှစ်မျိုးစလုံးတွင် အဖွဲ့ဝင်နိုင်ငံများသည် အာဆီယံ၏တစ်ခုတည်းသောအသိုက်အဝန်း(ACE) အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ရာ အထောက်အကူများစွာရရှိနေပြီဖြစ်သည်။ ပုဂံကြေညာစာတမ်းတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နယ်စပ်စီးပွားရေးဇုန်များတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ရေးလုပ်ငန်းများပါဝင်ပြီး နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အားလိုင်းများ တည်ဆောက်ရေးအတွက် လျာထားချက်များလည်းပါဝင်သည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့၏ ယခုခရီးစဉ်အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)နှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲနှင့် နှစ်နိုင်ငံဆွေးနွေးပွဲတို့တွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ သင့်လျော်သည့် ရပိုင်ခွင့်နှင့် ကာကွယ်စောင့်ရှောက်မှုများပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် ထိုင်းနိုင်ငံမှ အပြုသဘောအကူအညီပေးရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေးတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့၏ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆွေးနွေးနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးသောခရီးစဉ်ဖြစ်သောကြောင့် ဒေသတွင်းနှင့် မြန်မာနိုင်ငံမှ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် ပိုမိုဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား လျှောက်ထားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပါရဂူဘွဲ့(ဗုဒ္ဓဓမ္မ)ရရှိသူ ရဟန်း နှစ်ပါး၊ သီလရှင် နှစ်ပါး၊ အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦးတို့အား လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) ရရှိသူ ရဟန်း လေးပါး၊ သီလရှင် လေးပါး၊ အမျိုးသား တစ်ဦး၊ အမျိုးသမီးသုံးဦးတို့အား လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)ရရှိသူ ရဟန်း ၁၄ ပါး၊ သီလရှင် ၁၂ ပါး၊ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦးတို့အား လည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူပြီး ဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော စာကြည့်တိုက်သုတပညာ အခြေခံသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံ ၁၇ နိုင်ငံနှင့် ပြည်တွင်းမှ ရဟန်းသံဃာများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်လျက်ရှိရာ ယနေ့အချိန်ထိ တက္ကသိုလ်သို့ တက်ရောက်ခဲ့သော ပြည်တွင်း ပြည်ပ သင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၂၆ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၁၈၉ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၇၀၃ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၀၇၇ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပြည်တွင်းပြည်ပ သင်တန်းသား စုစုပေါင်း ၂၈၄ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်အား အမြဲတမ်းအတွင်းဝန်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၅

ရန်ကုန်(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀ မန္တလေး(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၈၉၀/၉၁၀ ကျပ်၊	၉၄၀/၉၅၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၉၁၀/၉၃၀ ကျပ်၊	၉၈၀/၉၈၅ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၈၅၅/၈၈၀ ကျပ်၊	၉၂၅/၉၄၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၀၅/၉၂၅ ကျပ်၊	၉၅၀/၉၅၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၈၅၅/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၀/၈၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၉. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၅၇၀. ၇
(ဂ)	တရုတ်	တစ်ယွမ်	=	၂၁၂. ၂၉
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၂. ၁၇၉
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၄၀. ၉၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၀. ၀၇၇
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၂၉. ၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၄. ၈၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၁၃. ၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၁၀. ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီမောလက်စ်တေသမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဟိုဆေးရာမိုစ်ဟော်တာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Mr. Matt Pottinger အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ ရှေ့ဖုံးမှ

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု အိမ်ဖြူတော်ဆိုင်ရာ အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Mr. Matt Pottinger အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ နက်နဲသိမ်မွေ့မှု၊ ဘက်မျှစွာ စဉ်းစားဆောင်ရွက်ရန်လိုမှု၊ သမိုင်းကြောင်းနှင့် ဒေသခံမြန်မာနိုင်ငံသားများ၏ သဘောသဘာဝ အခြေအနေအရပ်ရပ်အပေါ် သိနားလည်ရန်လိုအပ်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

၂၀၁၈ ခုနှစ် (ဧပြီလမှ မေလထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၅၇၆၁ သန်း ဆောင်ရွက်နိုင်ပြီး ယခင်နှစ်ထက် ဒေါ်လာ ၈၁၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၈ ခုနှစ်(ဧပြီလမှ မေလထိ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၃၇၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၃၃၈၃ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၇၆၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မေလထိ) တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၉၇၀၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၇၆ သန်း ဖြစ်၍ ပြည်ပ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၉၄၆ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၄၀၈ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၄၀၇ ဒေါ်လာသန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၁၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုအလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် တစ်ဖက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည် -

တန်ဖိုးဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၈ (ဧပြီလမှ မေလထိ)	၂၀၁၇-၂၀၁၈ (ဧပြီလမှ မေလထိ)	နှိုင်းယှဉ်ချက် (+)/(-)
၁	လယ်ယာထွက်ပစ္စည်း	၅၀၇.၁၅၄	၅၈၃.၂၄၃	-၇၆.၀၈၉
၂	တိရစ္ဆာန်ထွက်ပစ္စည်းများ	၄၁.၈၅၁	၂.၁၀၃	၃၉.၇၄၈
၃	ရေထွက်ပစ္စည်းများ	၁၀၄.၆၂၇	၈၈.၅၂၆	၁၆.၁၀၁
၄	သတ္တုတွင်းထွက်ပစ္စည်း	၂၀၈.၃၀၉	၁၄၈.၉၄၃	၅၉.၃၆၆
၅	သစ်တောထွက်ပစ္စည်း	၃၀.၅၁၀	၄၂.၈၅၂	-၁၂.၃၄၂
၆	စက်မှုကုန်ချောပစ္စည်း	၁၂၀၈.၁၃၈	၈၂၃.၉၀၆	၃၈၄.၂၃၂
၇	အခြားပစ္စည်းများ	၂၇၇.၁၈၇	၂၈၀.၇၃၀	-၃.၅၄၃
	စုစုပေါင်း	၂၃၇၇.၈၂၆	၁၉၇၀.၃၅၃	၄၀၇.၄၇၃

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ မေလထိ) သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၈၃ သန်း ရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၇၆ သန်းရှိသည့်အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။**သတင်းစဉ်**

တန်ဖိုး-ဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၈ (ဧပြီလမှ မေလထိ)	၂၀၁၇-၂၀၁၈ (ဧပြီလမှ မေလထိ)	နှိုင်းယှဉ်ချက် (+)/(-)
၁	ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ	၁၂၅၄.၅၈၉	၁၀၇၅.၅၅၇	၁၇၉.၀၃၂
၂	လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ	၁၃၉၉.၅၈၉	၁၁၇၉.၆၂၁	၂၁၉.၉၆၈
၃	လူသုံးကုန်ပစ္စည်းများ	၇၂၈.၅၃၀	၇၂၀.၆၅၅	၇.၈၇၅
	စုစုပေါင်း	၃၃၈၂.၇၀၈	၂၉၇၅.၈၃၃	၄၀၆.၈၇၅

✪ **နိုင်ငံတော်သမ္မတမှ**
သက်တမ်း ၁၅ နှစ်ရှိခဲ့ပြီဖြစ်သည့် ACMECS ပူးပေါင်းဆောင်ရွက်မှုသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစရှိသည့် အဓိကနယ်ပယ် ရှစ်ခုကို အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဘုရင့်စီမံကိန်းစိုက်ပျိုးရေးပြတိုက်၌ လှည့်လည်ကြည့်ရှုစဉ်။

ပိုမိုနီးကပ်စွာဆောင်ရွက်နိုင်မည်

ယခုအခါ ပြုပြင်ပြောင်းလဲ ဖွဲ့စည်းသွားမည့် ACMECS ပူးပေါင်းဆောင်ရွက်မှု ပုံစံအသစ်အရ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ACMECS CEO Forum သည် အက်မက်စ်ပင်မစီမံကိန်း(ACMECS Master Plan) ၏ ကနဦး စတင်တည်ထောင်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယခု CEO Forum ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ အက်မက်စ်နိုင်ငံများ၏အစိုးရ၊ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုများက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတွင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ဖန်တီးပေးနိုင်ပါကြောင်း။

ပြောင်းလဲကျင့်သုံးလျက်ရှိ

မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ပြီး ဗဟိုချုပ်ကိုင်မှု စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်း၊ ထိုသို့ပြောင်းလဲကျင့်သုံးရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာအခွင့်အလမ်းများ ရရှိစေရေးအတွက် ဥပဒေ၊ မူဝါဒများလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် ပုဂ္ဂလိကကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် နယ်ပယ်အသီးသီးတွင် အပြည့်အဝ အထောက်အကူပြုသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အင်အားတစ်ခုဖြစ်ပါကြောင်း။

အတူယှဉ်တွဲနေထိုင်ရေး

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံရေးကတိကဝတ် တစ်ခုတည်းဖြင့် အောင်မြင်အောင် ဆောင်ရွက်၍မရနိုင်ဘဲ ဒေသတွင်း၌ နားလည်မှုရှိရှိ အတူယှဉ်တွဲနေထိုင်ရေးက ပိုမိုအရေးကြီးပါကြောင်း၊ မဟာမဲခေါင်ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများအနေဖြင့် သမိုင်းပေးအမွေအနှစ်များကို အခြေပြု၍ ရည်မှန်းချက်ပန်းတိုင်ကို **စာမျက်နှာ ၅ သို့** ❍

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဘုရင့်စီမံကိန်းစိုက်ပျိုးရေးပြတိုက်အတွင်း ပြသထားသည့် ပြခန်းများအား ကြည့်ရှုစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့နှင့်အတူ ACMECS CEO Forum ဖွင့်ပွဲသို့ တက်ရောက်လာကြသည့်အဖွဲ့ဝင်နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

❍ စာမျက်နှာ ၄ မှ
အရောက်လှမ်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဒေသတွင်း နိုင်ငံများအကြား ညှိညှိနှိုင်းနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သော ဝန်းကျင်ကို ထိထိရောက်ရောက်လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် ACMECS CEO Forum ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ACMECS အဖွဲ့ဝင် နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ACMECS CEO Forum သို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဒေါ်ချိုချိုတို့သည် ပထုမ်ဌာနီခရိုင်ရှိ MadoPavillion ဘုရင့်စီမံကိန်းစိုက်ပျိုးရေး ပြတိုက်သို့ရောက်ရှိကြပြီး စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြတိုက်၌ ကျေးလက်ဒေသနေပြည်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရရှိရေး၊ စွန့်ပစ်ပစ္စည်းများမှ လောင်စာဆီထုတ်လုပ်ရေး၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ အောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်မှု Father Footstep video presentation ကို ကြည့်ရှုပြီး ပြတိုက်အတွင်းပြသထားသည့် ထိုင်းရိုးရာ စိုက်ပျိုးထုတ်လုပ်ရောင်းချမှုပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဂုဏ်ပြုညစာစားပွဲ

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် (၈)ကြိမ်မြောက် ဧရာဝတီ-ကျောက်ရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးတို့နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၄၂)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးနှင့်ပတ်သက်၍ ဇွန် ၂၄ ရက်မှ ဇူလိုင် ၄ ရက်အထိ Bahrain နိုင်ငံ Manama မြို့၌ ကျင်းပမည့် (၄၂)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံသို့ တက်ရောက်မည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်ရုံးခွဲ၌ တွေ့ဆုံမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခု Bahrain နိုင်ငံ Manama မြို့၌ ကျင်းပမည့် (၄၂)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ညီလာခံသို့ သွားရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် ၂၁ နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းထားခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကိုယ်စားလှယ်အနေဖြင့် မိတ်ဆက်စကားပြောကြားခြင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအကြောင်းကို ဖော်ပြထားသည့် Booklet၊ Pamphlet၊ Video Clip DVD နှင့် နှလုံးသားထဲကပုဂံ ဓာတ်ပုံပြပွဲစာအုပ်များဝေငှခြင်း ညီလာခံသို့ တက်ရောက်လာမည့် ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်ဖြစ်သော မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး ဦးကျော်ဇေယျနှင့် ပူးပေါင်း၍ ကမ္ဘာ့အမွေအနှစ်အဖြစ် ထောက်ခံနိုင်ရေးအတွက် တွေ့ဆုံရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ရန် လိုကြောင်း။

မြန်မာနိုင်ငံမှ ကမ္ဘာ့အမွေအနှစ်တင်သွင်းထားသော ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ထူးခြားထင်ရှားမှုများကို ကမ္ဘာ့နိုင်ငံများက သတိပြုလာစေရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ကြွရောက်လာသော ဧည့်သည်များအား ဖိတ်ကြား၍ မြန်မာ့အမွေအနှစ်ကို ကမ္ဘာကသိရှိရန် အခွင့်အခါကောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပါက မြန်မာတစ်မျိုးသားလုံးက ဂုဏ်ယူဝင့်ကြွားနိုင်ရန်အတွက် စွမ်းဆောင်ခဲ့ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့ ရှင်းလင်းဖြေကြားခဲ့ကြသည်။

တန့်ဆည်မြို့နယ် ပုတီးကျေးရွာအုပ်စု တိုက်နယ်ဆေးရုံ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **တန့်ဆည်မြို့နယ် ပုတီးကျေးရွာအုပ်စုအတွက် တိုက်နယ်ဆေးရုံတစ်ရုံ ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တန့်ဆည်မြို့နယ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ ၄ ရုံ၊ မိခင်နှင့်ကလေးဌာန ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၆ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခုနှင့် လူဦးရေ ၁၆၀၀၀၀ ကျော်ကို ကျန်းမာရေး ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ တိုက်နယ်ဆေးရုံတောင်းဆိုထားသော ကျေးလက်ကျန်းမာရေးဌာနတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄ ခုရှိပြီး ရွာပေါင်း ၁၈ ရွာနှင့် အိမ်ခြေ ၃၃၈၈ လုံး လူဦးရေ ၁၇၀၀၀ ကျော်ကို ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ တောင်းဆိုထားသည်ကို သေချာလေ့လာကြည့်ရာတွင် တောင်ပိုင်းတွင် တန့်ဆည်မြို့နယ်ဆေးရုံနှင့် ၂၆ မိုင်ဝေးကွာပါကြောင်း၊ ဂျင်း၊ ကျောက်ကြမ်းလမ်းနှင့် ဆက်သွယ်ထားပြီး မိုးရာသီတွင် ချောင်း ၃ ချောင်း ရှိနေသည်ကိုလည်းတွေ့ရပါကြောင်း၊ တိုက်နယ်ဆေးရုံနှင့် ၁၄ မိုင် ဝေးကွာပါကြောင်း၊ ဂျင်း၊ ကျောက်ကြမ်းလမ်းနှင့် ဆက်သွယ်ထားပြီး ချောင်း ၂ ချောင်းရှိနေသည်ကိုလည်းတွေ့ရပါကြောင်း၊ ညောင်ကျွန်းလှမြို့နယ်တွင်ရှိသည့် ညောင်ကိုင်းတိုက်နယ်ဆေးရုံနှင့်လည်း ၆ မိုင်သာဝေးသော်လည်း လမ်းသည် ရွှံ့စေး၊ မြေသားလမ်းနှင့် ဆက်သွယ်ထားပြီး မိုးရွာသီတွင် များစွာခက်ခဲသည်ကိုတွေ့ရပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လေ့ကျင့်ရေး အားကစားကွင်း တစ်ကွင်းနှင့် ရပ်ကွက်အားကစားကွင်း ၁၁ ကွင်း ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ်လေ့ကျင့်ရေးအားကစားကွင်း တစ်ကွင်းနှင့် ရပ်ကွက်ပေါင်း ၁၁ ခုအတွက် ရပ်ကွက်အားကစားကွင်း ၁၁ ကွင်း အမြန်ဆုံး သတ်မှတ်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ရပ်ကွက် ၄၄ ခု ရှိပါကြောင်း၊ ရပ်ကွက်ကွင်းများကို အစဉ်အလာအရ ဆောက်လုပ်မပေးပါကြောင်း၊ စည်ပင်သာယာရေးကသာ ဆောင်ရွက်ပေးပါကြောင်း၊ ယခု ဒဂုံမြို့သစ်တွင် ဘောလုံးကွင်း ၁၀ ကွင်းရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရှိ ရပ်ကွက် ၄၅ ရပ်ကွက်တွင် မီတာ ၄၀၀ ကွင်း ၁၁ ကွင်း၊ ရိုးရိုးဘောလုံးကွင်း ၁၉ ကွင်း ရှိပါကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ဘောလုံးကွင်း လွန်စွာများပြားနေပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂ ကွင်းပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးတွင် စာရင်းပါပြီး ဖြစ်ပါကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ် ၂၂ ရပ်ကွက် မြတ်လေး(၁)နှင့် (၂)လမ်းထောင့်ရှိ မြေနေရာကွက်လပ်တွင် ဘောလုံးကွင်း တစ်ကွင်း၊ ရတနာပုံလမ်းနှင့် စွယ်တော်ပတ်လမ်းကြားတွင် ရပ်ကွက် ဘောလုံးကွင်းတစ်ကွင်း တည်ဆောက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

အားကစားသည် အရေးကြီးသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေဖြည့်ရာတွင် ၅၀ ဘီလီယံအထိ တိုးမြှင့်ထားပါကြောင်း၊ အားကစားအတွက် လိုအပ်သည့် ပစ္စည်းများဝယ်ယူရန်နှင့် သင်တန်းများဖွင့်လှစ်ရန်အတွက် ငွေကျပ် ၂၈ ဘီလီယံခန့်ကို တစ်ပြည်လုံးအတွက် လျာထားပါကြောင်း၊ ဘောလုံးအားကစားကွင်းများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရပ်ကွက်ကို လာမည့်နှစ်တွင် စဉ်းစားပေးမည်ဖြစ်ပြီး မြို့နယ်များကိုသာ အဓိက ဦးစားပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ်နှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းသည့် **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ် တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး

ရခိုင်ပြည်နယ် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ပတ်သက်သောအဆို ဆွေးနွေး

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲမင်းဦးက ရခိုင်ပြည်နယ် မောင်တောဒေသသို့ ARSA အကြမ်းဖက်အဖွဲ့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သည့်အတွက် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေး ကျိုးပေါက်ခဲ့ပါကြောင်း၊ ထိုဖြစ်စဉ်အပေါ် တိကျမှန်ကန်မှုမရှိသော သတင်းများနှင့် အချက်အလက်များကို ကိုးကားပြီး UN အပါအဝင် နိုင်ငံအချို့၊ အဖွဲ့အစည်းအချို့နှင့် မီဒီယာအချို့က အကြမ်းဖက်တို့ဘက်မှ ရပ်တည်ကာ ဘက်ပေါင်းစုံမှ ဖိအားပေးဆောင်ရွက်လာကြသည့်အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်ခံနေရသည့် အနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ယင်းအခြေအနေကို ကျယ်ပြန့်မှန်ကန်စွာဖြင့် စနစ်တကျ တုံ့ပြန်နိုင်ရန်၊ အကြမ်းဖက်ခံရသည့် ဒေသများတွင် တည်ငြိမ်အေးချမ်းမှုရှိစေရန်၊ တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထုလုံခြုံရေးနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့ကို အာမခံသော တိုင်းပြည်၏ အမျိုးသားရေးဝိသေသလက္ခဏာများကို ထိန်းသိမ်းကာကွယ်မှုအတွက် အာမခံသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အာမခံသော အမျိုးသားလုံခြုံရေးမဟာဗျူဟာတစ်ရပ်ကို အရေးတကြီး လိုအပ်နေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လက်ရှိဖြစ်ပွားခဲ့သော ARSA အကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အချုပ်အခြာအာဏာ ထိပါးခံရမှုနှင့် လုံခြုံရေးကျိုးပေါက်မှုများကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော Defence White Paper ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သုံးသပ်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပြီး အမျိုးသားလုံခြုံရေးမဟာဗျူဟာတစ်ရပ်ချမှတ်ရန် လိုအပ်နေသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အမျိုးသားလုံခြုံရေး မဟာဗျူဟာနှင့်အညီ စနစ်တကျကျယ်ပြန့်စွာဖြင့် အောင်မြင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်က အကြမ်းဖက်မှုသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေပါကြောင်း၊ လူသားချင်းစာနာမှုနှင့် အခြေခံလူ့အခွင့်အရေးကို အကြောင်းပြု၍ အမျိုးသားလုံခြုံရေးကို ထည့်သွင်းမစဉ်းစားသောကြောင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စိုးရိမ်နေသည်ဟု နားလည်ပါကြောင်း၊ ARSA အကြမ်းဖက်တိုက်ခိုက်မှုနှင့် တိုက်ခိုက်မှုအပြီး နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအပေါ်တွင် အင်အားကြီးနိုင်ငံများ၏ စွက်ဖက်လာမှုကို နိုင်ငံတကာနှင့် မဟာဗျူဟာမြောက် ပူးပေါင်းပြီး သံခင်း၊ တမံခင်းနည်းအရ ထိန်းညှိကာကွယ်ရန်လည်း အရေးတကြီး လိုအပ်လာသည့် နည်းလမ်းတစ်ခုဖြစ်သည့်အပြင် ပြဿနာ၏အရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းရန်လည်း လိုအပ်ပါကြောင်း။

စစ်ရေး၊ စီးပွားရေး အင်အားနည်းပါးနေသည့် နိုင်ငံငယ်များသည် ဥပဒေကြောင်းအရ မှန်ကန်မှုနှင့် တရားဥပဒေစိုးမိုးမှုကို အခြေမပြုဘဲ နိုင်ငံတကာရေစီးကြောင်းကို တွန်းလှန်ရန်ခက်ခဲမည်ဖြစ်ပါကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်း လုပ်ဆောင်မှုအပေါ် သံသယမဝင်ဘဲ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မိမိတို့နိုင်ငံကို မိမိတို့လက်များဖြင့် ပါဝင်ထုဆစ်နိုင်ပါစေကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန်၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အပြင် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ကို ထပ်မံဖွဲ့စည်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အကြမ်းဖက်ကျူးလွန်ခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ အကြမ်းဖက်တိုက်ဖျက်မှုဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထွက်ပြေးတိမ်းရှောင်သူများ ဖမ်းဆီးရမိရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရန်အတွက် အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ ပြည်နယ်ရဲတပ်ဖွဲ့များနှင့် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများပေါင်းစပ်၍ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထု၏ စီးပွားရေးဘဝတိုးတက်ရေးအတွက် ရေတိုရေရှည် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ တည်ဆဲဥပဒေတို့နှင့်အညီ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်၍ ဘက်ပေါင်းစုံမှ ဟန်ချက်ညီအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုလိုကြောင်း တင်ပြသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇွန် ၁၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်ခင်သန်းနုမင်းတုန်းမဲဆန္ဒနယ်၏ မိသားစုဝင် နှစ်ဦး၊ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုးညောင်ရွှေမဲဆန္ဒနယ်၏မိတ်ဆွေနှစ်ဦး၊ ဦးမင်းကြည် သံတွဲမဲဆန္ဒနယ်၏ မိတ်ဆွေနှစ်ဦး၊ ဦးနေမျိုးထွန်း ထန်းတပင်မဲဆန္ဒနယ်၏ မိတ်ဆွေငါးဦး၊ ဒေါက်တာမေဝင်းမြင့် မရမ်းကုန်းမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ကော့မှူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းကော်မတီမှ ဒေါ်ခင်မေလင်း ဦးဆောင်သည့် ကော်မတီဝင် ၁၁၇ ဦးနှင့် ကွန်ပျူတာတက္ကသိုလ်(မအူပင်)မှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်မြမြသက် ဦးဆောင်သည့် ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၀၉ ဦး စုစုပေါင်း ၂၃၇ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင် အလုံမဲဆန္ဒနယ်၏ မိတ်ဆွေကိုးဦးနှင့်အတူ လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၃၈၀၀၈ ဦးနှင့် ပြည်ပဧည့်သည် ၁၇၁၄ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၅

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးခင်မင်စွာ

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးတွင် လွှတ်တော်၏ပါဝင်မှုအခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ချင်းပြည်နယ် ကိုးမြို့နယ်ကို သဘာဝထိန်းသိမ်းရေးနယ်မြေများ လွှမ်းခြုံ၍ ဖွဲ့စည်းနိုင်ခြင်းမရှိသေး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ်ရှိ မြို့နယ် ကိုးမြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များ တားဆီးကာကွယ်ထိန်းသိမ်းရန် ဘေးမဲ့တောများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ချင်းပြည်နယ် ကိုးမြို့နယ်တစ်ခုလုံးကို လွှမ်းခြုံ၍ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းနိုင်ရေးနှင့်ပတ်သက်၍ ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူရန် လိုအပ်ခြင်း၊ သဘာဝထိန်းသိမ်းရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ရန် အခက်အခဲရှိခြင်း၊ သဘာဝနယ်မြေများ ဖွဲ့စည်းပြီးပါက အုပ်ချုပ်ရေးမှူးရုံးများ ဆောက်လုပ်ပြီး ကင်းလှည့်ထိန်းသိမ်းရေး ဆောင်ရွက်ရန် လိုအပ်နေခြင်းတို့ကြောင့် ကိုးမြို့နယ်တစ်ခုလုံးကို လွှမ်းခြုံ၍ ဖွဲ့စည်းနိုင်ခြင်း မရှိသေးပါကြောင်း။

သို့သော် ချင်းပြည်နယ်တွင် ဆက်လက်ဆောင်ရွက်နေသည့် သဘာဝထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တွင် ကျရောက်လျက်ရှိသည့် ဗွေပါးတောင်ဒေသ ဧရိယာ ၄၆ ဒသမ ၈၇၅ စတုရန်းမိုင်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ပြီး ဗွေပါးတောင်အမျိုးသားဥယျာဉ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တွင် ကျရောက်လျက်ရှိသည့် ကျီးရီးယန်းတောင်ဒေသဧရိယာ ၁၃ ဒသမ ၁၀၄ စတုရန်းမိုင်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖလမ်းမြို့နယ် လေသာတောင် ၁၇ ဒသမ ၂၇ စတုရန်းမိုင်ကို ၂၀၁၈ ခုနှစ် မေလတွင် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထန်တလန်မြို့နယ်တွင် ကျရောက်လျက်ရှိသည့် မီအေပီတောင် ၁၉ ဒသမ ၃၀ စတုရန်းမိုင်၊ ဇိန်မူတောင် ၁၂ ဒသမ ၄၁ စတုရန်းမိုင်၊ စာမွှန်းတောင် ၄၄ ဒသမ ၃၀ စတုရန်းမိုင်တို့ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်း အမိန့်စာထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါဆောင်ရွက်နေသည့် လုပ်ငန်းများပြီးစီးပါက ဇီဝမျိုးစိတ်မျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တွင် ဂေဟစနစ်နှင့် ဇီဝမျိုးစိတ်မျိုးကွဲ၏ အရေးကြီးသည့်နေရာများကို လေ့လာ၍ သဘာဝနယ်မြေထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စ၊ ရာထူးတိုးကိစ္စ

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများနှင့် ရာထူးတိုးကိစ္စများကို ဦးစားပေးစိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဝန်ကြီးဌာနအများစုမှ နယ်စပ်ဒေသနှင့် နယ်စွန်နယ်ဖျားများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ပြောင်းရွှေ့ရေးမူဝါဒအဖြစ် အများဆုံး နှစ်နှစ်၊ အနည်းဆုံး တစ်နှစ်သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်း၏ မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲများကြောင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုရန် ဆန္ဒပြုလျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုသောဒေသတွင် နေရာလစ်လပ်မှုမရှိပါက အနီးစပ်ဆုံးဒေသတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝန်ကြီးဌာနများမှ ဖြေကြားချက်များ ပေးပို့လာပါကြောင်း။

ရာထူးတိုးကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေ

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲခိန်း

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

ဖြင့် တစ်ပြေးညီလိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပုဒ်မ ၂၃ မှ ပုဒ်မ ၃၀ အထိလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် နည်းဥပဒေ ၂၆ မှ နည်းဥပဒေ ၅၀ အထိလည်းကောင်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိပါက သတ်မှတ်ချက်များနှင့်အညီ လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည့်အပြင် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကိုလည်း ခံစားပိုင်ခွင့်ရှိပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း တာဝန်ယူမှု၊ တာဝန်ထမ်းဆောင်မှု အရည်အချင်းများအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

လျှော်ဖြူပင်စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့်စပ်လျဉ်းသော မေးခွန်း

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၏ **လျှော်ဖြူပင်(Sterculia Versicolour Wall) စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးပညာဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ လျှော်ဖြူပင်မှထွက်ရှိသော လျှော်ဖြူစေးတင်ပို့ရောင်းချခြင်းတို့အတွက် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းများပြုလုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လျှော်ဖြူစေးမှာ ဈေးနှုန်းမြင့်မားကောင်းမွန်သည့်အပြင် ပြည်ပဈေးကွက် ဝယ်လိုအားမြင့်မားသော ကုန်ပစ္စည်းဖြစ်၍ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website များတွင် ဖော်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကုန်သွယ်မှုဗဟိုဌာန တာဝန်ခံများမှတစ်ဆင့် ထုတ်လုပ်သူများ သိရှိနိုင်ရေး သတင်းဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လျှော်ဖြူသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံအမည်စုံ စိုက်ပျိုးရေးနှင့် သီးနှံ - သစ်တော ရောနှောတောင်သူပညာပေးစိုက်ကွက်များအဖြစ် စိုက်ပျိုးပြသခြင်း၊ ကျွမ်းကျင်လုပ်သားဖြင့် အစေးထုတ် နည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်ပျိုးပင်များ ရရှိနိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေသစ်များ ပေါ်ထွက်လာရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်လိုသူများနှင့် ချိတ်ဆက်ဆွေးနွေးနေပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအစီအမံများအပေါ် မိမိဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်တို့၏မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကသဘောတူ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုအတည်ပြုရန်** လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက **မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အခန်း(၃) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဖွဲ့စည်းခြင်းဆိုသည့် ခေါင်းစဉ်တွင် ဖြည့်စွက်လိုသည်မှာ အပိုဒ် ၄၊ အပိုဒ်ခွဲ (စ) အနေဖြင့် ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်ဟု ဖြည့်စွက်လိုပါကြောင်း၊ မူလဥပဒေကြမ်းနှင့် ပြင်ဆင်လိုက်သည့်အထဲတွင် ကောင်စီဥက္ကဋ္ဌဆိုသည့် စကားရပ်သည် ပါရှိထားခြင်းမရှိသည့်အတွက် ဖြည့်စွက်လိုခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ကောင်စီဝင်များသည် သက်တမ်း ၂ ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရဆိုသည်ကို ကောင်စီဥက္ကဋ္ဌသည် သက်တမ်း ၂ ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရဟု ပြင်ဆင်လိုပါကြောင်း၊ ကောင်စီဥက္ကဋ္ဌအဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလသည် ကောင်စီ၏သက်တမ်းထက်ဝက်အောက် လျော့နည်းပါက သက်တမ်းတစ်ခုဟု မသတ်မှတ်ရဟူ၍ ပြောင်းလဲပြင်ဆင်လိုပါကြောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့် သက်တမ်းအနည်းဆုံး ၁၅ နှစ်ရှိသူ ဆိုသည့်နေရာတွင် အနည်းဆုံး ၁၀ နှစ်ရှိသူဟု ပြင်ဆင်လိုပါကြောင်း။

ကောင်စီသည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်လျှင်တစ်ကြိမ် တင်သွင်းရမည်ဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ၄ လတွင် ၁ ကြိမ်ဆိုသည့်နေရာတွင် ၆ လတွင် ၁ ကြိမ် ကျင်းပရမည်ဆိုပါက လုံလောက်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါမောက္ခချုပ် ၂ ဦး၊ ပါမောက္ခ၊ ဌာနမှူး ၂ ဦး၊ အရာထမ်း ၁ ဦးဆိုသည့်နေရာတွင် ပါမောက္ခနှင့် ဌာနမှူးကြားတွင် သို့မဟုတ် ဖြည့်ချင်ပါကြောင်း၊ ထိုမှသာ စကားရပ်သည် အဓိပ္ပာယ်ရှင်းရှင်းလင်းလင်း ရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ ကိုယ်စားလှယ် ၁ ဦးနေရာတွင် ကိုယ်စားလှယ် ၂ ဦးဖြည့်စွက်လိုပါကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ် ၁ ဦးကို ပယ်ဖျက်လိုပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၅
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး General Wei Fenghe အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)** ယင်းနောက် အခမ်းအနား တက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်မည့် အခြေအနေ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံမှုရှိရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အခြေအနေများအပေါ် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေမှုများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား မဟာဗျူဟာအကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာ ဆေးပညာများ အပြန်အလှန် ဖလှယ်ရေးနှင့် အားကစားကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့် တပ်မတော်က ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၅
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့မှု၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့မှု၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် NGO၊ INGO နှင့် CSO များမှ ပံ့ပိုးကူညီဆောင်ရွက်မှု၊ UNDP မှ ပံ့ပိုးကူညီမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို လူငယ်များနှင့်အတူ ပြည်သူအားလုံးပါဝင်နိုင်ရန် စီစဉ်ကျင်းပမည်

နေပြည်တော် ဇွန် ၁၅
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါကြောင်း၊ ပွဲတော်ကျင်းပမည့် မန္တလေးတက္ကသိုလ်သို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် တက္ကသိုလ်နှင့် အထက်တန်းကျောင်းသား ကျောင်းသူများကိုရည်ရွယ်ပြီး ထူးခြားဆန်းသစ်သည့် အစီအစဉ်များ ထည့်သွင်းနိုင်ရေး ဆွေးနွေးကြစေလိုပါကြောင်း၊ လူငယ်များနှင့်အတူ ပြည်သူအားလုံးပျော်ရွှင်စွာဖြင့် ပါဝင်နိုင်သည့် ပွဲတော်တစ်ရပ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အောင်မြင်စွာ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပနိုင်ရန်အတွက် လျာထားအစီအမံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အကြံပြုဆွေးနွေးကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးများ မြင့်မားလာစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(ရန်ကုန်)ကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ပြီး ယခုအခါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ဩဂုတ်လလယ်ခန့်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

❍ **ကျောဖုံးမှ**

လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဖြစ်ပေါ်တိုးတက်မှုတစ်ရပ်ဟု ဆိုနိုင်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ သုတေသနတွေ့ရှိချက်များအရ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်မှု အရှိဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ကမ္ဘာ့နိုင်ငံ အတော်များများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ယနေ့ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေ ၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၈)ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်ကြီး (၁၁)ရပ်ကို ချမှတ်ခဲ့ပါကြောင်း။

ယင်းကော်မတီ၏ လုပ်ငန်းတာဝန် (၁၁) ရပ်မှာ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား လေ့လာဆန်းစစ်ခြင်းနှင့် ဌာနအသီးသီးတို့မှ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများအား ချမှတ်ဆောင်ရွက်ရန်၊ ကုလသမဂ္ဂအပါအဝင် INGO ၊ NGO အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လိုအပ်သောနည်းပညာနှင့် အရင်းအမြစ်များအား ရှာဖွေစုဆောင်းရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ဒေသအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လူမှုကာကွယ်စောင့်ရှောက်ရေး ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များအား ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်၊ အန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိသည့် အသက်အရွယ်အပိုင်းအခြားအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အခြားအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေတွင် ရှိသူများအပါအဝင် အလွှာပေါင်းစုံနှင့် ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအပေါ်အခြေခံသော စောင့်ရှောက်မှု၊

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ပံ့ပိုးမှု စနစ်တစ်ရပ် ပေါ်ပေါက်စေရေးဆောင်ရွက်ရန်၊ နိုင်ငံသားအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဝင်ငွေအာမခံချက်နှင့် အလုပ်အကိုင်အာမခံချက်ရရှိရေး ဦးတည်ဆောင်ရွက်ရန်၊ အလုံးစုံ လွှမ်းခြုံနိုင်သော အာမခံစနစ်များ ထူထောင်ခြင်းဖြင့် အလုပ်သမား၊ လယ်သမားတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်၊ ဘေးအန္တရာယ်တစ်ခုခုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ရန်၊ အမျိုးသားကော်မတီသည် လိုအပ်ပါက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းရန်တို့ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် **ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်**ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်းကောင်း၊ **လူမှုရေးပင်စင်အစီအစဉ်**ကို တစ်နိုင်ငံလုံးတွင် လည်းကောင်း၊ **ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်**ကို ရွေးချယ်ထားသည့် မြို့နယ် ၃၇ ခုတွင်လည်းကောင်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွက် ကာလလတ်လူမှုကာကွယ် စောင့်ရှောက်ရေးအစီအစဉ်ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ပေးအပ်ထားသည့် လုပ်ငန်းတာဝန် (၁၁)ချက်အပေါ် အခြေခံပြီး လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးပေးသွားရန်နှင့် ကော်မတီဝင်များအနေဖြင့်လည်း ရှေ့ဆက်ဆောင်ရွက်သွားရမည့်အကြောင်းအရာများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးသွားကြစေလိုပါကြောင်း။

ထိုသို့ဆွေးနွေးရာတွင်လည်း ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် အချက် (၄)ချက်ကို အဓိကထားပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် **“နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ ဦးစားပေးသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး”** အပိုင်းဖြစ်ပါကြောင်း၊ မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများသည် မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တို့နှင့် ကိုက်ညီသည့် အကောင်အထည်ဖော်မှုမျိုးဖြစ်ရန် သတိထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဒုတိယအချက်မှာ **“ရန်ပုံငွေရရှိရေးဆောင်ရွက်ခြင်းနှင့် ရေရှည်တွင် အကုန်အကျခံနိုင်ခြင်း”** ဖြစ်ပါကြောင်း၊ ယင်းနှစ်ချက်သည် ဆက်စပ်စဉ်းစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိရေးအပိုင်းတွင် နိုင်ငံတော်ရန်ပုံငွေမှ ကျခံသုံးစွဲသွားနိုင်သော်လည်း အကန့်အသတ်ရှိသည့်အတွက်ကြောင့် အခြားသော အရင်းအမြစ်များဖြစ်သည့် ထောက်ပံ့ငွေနှင့် အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့်လည်း ဆောင်ရွက်သွားသင့်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရခြင်းသည် အခြားသော ရုပ်ဝတ္ထုများအပေါ်တွင် ရင်းနှီးမြှုပ်နှံသကဲ့သို့ နေ့ချင်းညချင်း ကိုင်တွယ်ပြရန် ခက်ခဲသော်လည်း ဆင်းရဲမှုနှင့် ချမ်းသာမှုအကြား ကွာဟချက်ကျဉ်းမြောင်းလာခြင်း၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ မြင့်မားလာခြင်း၊ ကလေးသူငယ်များ၏ ပညာရည်မြင့်မားလာခြင်း စသည့် ရလဒ်များ ရရှိလာမှုကို သက်သေပြနိုင်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံသင့်သည့် ကဏ္ဍတစ်ခုဖြစ်သည့်အကြောင်း သက်သေပြနိုင်ပြီး ရန်ပုံငွေရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

တတိယအချက်ဖြစ်သည့် **“စနစ်တည်ဆောက်ခြင်း”**ကို အကောင်အထည်ဖော်သည့်အခါတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်သည့်အတွက်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

“အကောင်အထည်ဖော်ရေးစနစ်”တစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းစနစ်ထဲတွင် **“စီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်စနစ်”** နှင့် **“ငွေကြေးထောက်ပံ့သည့်စနစ်”** တို့လည်း ပါဝင်ရမည်ဖြစ်ပါကြောင်း။

စတုတ္ထအချက်ဖြစ်သည့် **“ပေါင်းစပ်ညှိနှိုင်းခြင်း”** အပိုင်းနှင့် ပတ်သက်ပြီး အစိုးရဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းနိုင်ရန် မိမိတို့ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အစိုးရဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပတ်သက်ပြီး **“လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့”**ရှိပါကြောင်း၊ အဆိုပါအဖွဲ့နှစ်ဖွဲ့ကို အသုံးပြုပြီး ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ညှိနှိုင်းရေးကို တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ပေါင်းစပ်ညှိနှိုင်းရေး တည်ဆောက်ရာတွင်လည်း သတင်းအချက်အလက်စီးဆင်းမှု၊ ပေါင်းစပ်ညှိနှိုင်းသည့်လုပ်ငန်းစဉ်နှင့် ပုံမှန်တွေ့ဆုံမှု စသည်တို့ကို အစီအစဉ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်(၁၁)ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိပြီးသားအခြေအနေများအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ အလုံးစုံလွှမ်းခြုံနိုင်သော ကျန်းမာရေးအာမခံစနစ်၊ စိုက်ပျိုးရေးအာမခံစနစ်အပါအဝင် အာမခံစနစ်များ ထူထောင်ခြင်းနှင့် အလုပ်သမားများ၊ လယ်သမားများ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်၊ လူမှုရေးပင်စင်အစီအစဉ်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအစီအစဉ်တို့ကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၏ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးတင်မြင့်၊ ဒေါ်ခင်စန်းဦးနှင့် ဦးကျော်ငွေတို့က လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ မြို့နယ်များတွင် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု (ပုံစံ-၇) မိတ္တူကိုအာမခံရယူ၍ လယ် ၁ ဧကလျှင် ကျပ် ၅ သိန်း၊ ၁၀ သိန်းနှုန်းဖြင့် ချေးငွေထုတ်ပေးမည်ဟု ပုဂ္ဂလိကကုမ္ပဏီအချို့က တောင်သူများအားစည်းရုံးပြီး ငွေချေးယူရန်လျှောက်ထားသူ ၁ ဦးလျှင် ကျပ် ၅၀၀၀ ၊ ၇၀၀၀ ၊ ၁၀၀၀၀ စသည်ဖြင့် ကော်မရှင်ခ၊ ကနဦးထည့်ဝင်ကြေးများ ကောက်ခံလျက်ရှိကြောင်း သိရှိရပါသည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ရရှိသောလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအခန်း(၆) ပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့တွင်လည်း ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကချမှတ်သည့် စည်းကမ်းများနှင့်အညီသာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၄။ ကုမ္ပဏီအချို့မှ တိုင်းဒေသကြီး၊ ပြည်နယ်တွင် တောင်သူလယ်သမားကို အယုံသွင်း၊ မက်လုံးပေး၍ ငွေချေးပေးမည်ဟုပြောဆိုကာ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) မိတ္တူတောင်းခံပြီး ငွေကြေးကောက်ခံမှုများရှိနေသည့်အတွက် ၎င်းကုမ္ပဏီများအား သတ်မှတ်ချက်များအရ လုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုချက်မရှိဘဲ ငွေချေးလုပ်ငန်းကိုလုပ်ကိုင်နေမှုကို သက်ဆိုင်ရာဌာနများက တည်ဆဲဥပဒေများအရစိစစ်၍ အရေးယူဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် လိမ်ညာမှုမခံရစေရေး ဂရုပြုကြပါရန်နှင့် မိမိတို့ဒေသအတွင်း ငွေချေးလုပ်ငန်းလိုင်စင်မရှိသောကုမ္ပဏီ၊ အဖွဲ့အစည်းများ ဝင်ရောက်စည်းရုံးလာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့ဆောင်ရွက်ကြပါရန်၊ အသင်းဝင်ကြေး၊ ကနဦးထည့်ဝင်ကြေးများပေးသွင်းထားပါကလည်း အဆိုပါကုမ္ပဏီများထံမှ အမြန်ပြန်လည်တောင်းခံကြပါရန် အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် ဇွန် ၁၅

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် ပခုက္ကူစာပေဆု ဝတ္ထုရှည် ပထမဆုရ “ဈာန်” (စွမ်းအင်) ရေးသားသည့် “တောင်ဇလပ်ပြာနှင့်မဝေးလိုပါ” စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၈ ခုနှစ် ဇွန်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိကြောင်း သိရသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကြေးမုံ

မြန်မာ့ဆေးပညာလောကအတွက် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)က ပထမဦးဆုံး ဖန်ပြွန်သန္ဓေသား မွေးဖွားနိုင်ခဲ့ပြီ

ဇွန် ၁၂ ရက် (အင်္ဂါနေ့) နံနက်ပိုင်းသည် မြန်မာ့ဆေးပညာလောကအတွက် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည့်နေ့ရက်တစ်ရက်ဟု ဆိုရပေမည်။

အကြောင်းမူကား ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ၌ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသား သားဦးရတနာလေးတစ်ဦးကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့၍ဖြစ်သည်။

အဆိုပါ မြန်မာ့ဆေးပညာလောက၏ အောင်မြင်မှုနှင့်စပ်လျဉ်း၍ ဗဟိုအမျိုးသမီး ဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ၊ ဌာနမှူးအပါအဝင် သက်ဆိုင်ရာ မိဘများကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများအား ဖော်ပြအပ်ပါသည်။

ပါမောက္ခ ဒေါ်ခင်ပြုံးကြည်

ပါမောက္ခ ဒေါ်ခင်ပြုံးကြည်
ဆေးရုံအုပ်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)ရဲ့ Fertility Centre မှာ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသား သားဦးရတနာလေးကို ခွဲစိတ်မွေးဖွားပေးနိုင်တဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဖန်ပြွန်သန္ဓေသားကို စထည့်လိုက်ပြီးကတည်းက မိခင်ရော ကလေးပါ ကျန်းမာဖို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖန်ပြွန်သန္ဓေသားကို ခွဲစိတ်မွေးဖွားနိုင်တဲ့အတွက် ကျွန်မတို့ဆေးရုံအနေနဲ့ အဖိုးမဖြတ်နိုင်တဲ့ မှတ်တိုင်တစ်ခုပါပဲ။ ကျွန်မတို့ ဆေးရုံရဲ့မှတ်တိုင်တစ်ခုဖြစ်သလို လမ်းညွှန်ပံ့ပိုးပေးတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကြီးတစ်ခုလုံးရဲ့ အောင်မြင်မှုမှတ်တိုင်လည်းဖြစ်ပါတယ်။

နောက်ထပ်လည်း သားသမီးလိုချင်ကြတဲ့ မောင်မယ်တွေကို ဒီ Fertility Centre က ဆက်လက်ကူသပေးဖို့ လိုအပ်ပါတယ်။ ဒါက အခြေခံကျန်းမာရေး စောင့်ရှောက်မှု မဟုတ်ဘူး၊ အထူးကုသမှုထဲမှာပါတဲ့အတွက် ပထမအဆင့် ဆေးရုံကြီးအနေနဲ့ ဒီလို ကုသရတဲ့အခါမှာ သုံးစွဲရတဲ့ ဆေးဝါးပစ္စည်းတွေ၊ ထိုးဆေးတွေရှိမယ်၊ ဒီဟာအတွက် သင့်တော်တဲ့ဈေးနှုန်းနဲ့ သားသမီးလိုချင်ကြတဲ့ မောင်မယ်တွေက စိုက်ထုတ်သုံးစွဲရတာ ရှိပါတယ်။ တကယ်လို့များ တစ်ချိန်ချိန်မှာ တကယ့်ကိုကလေးလည်းလိုချင်တယ်၊ သူတို့အနေနဲ့ ဆေးဝါးကုန်ကျမှုလည်း မတတ်နိုင်ဘူးဆိုရင်၊ ရန်ပုံငွေလည်း တောင့်တင်းခဲ့မယ်ဆိုရင် ကူညီဖို့ အတွက် နည်းလမ်းလေးရှာနေပါတယ်၊ ဆေးဝါးကအစ လှူဒါန်းမယ့်သူရှိရင်လည်း လှူဒါန်းလို့ရပါတယ်၊ နောက်ပိုင်းကျရင်တစ်ချိန်ချိန်မှာ ဒီလိုမျိုး ကူညီပေးဖို့အတွက် စိုက်ထုတ်လုပ်ပေးနိုင်မယ့် အခြေအနေကိုရောက်မယ်လို့ မျှော်လင့်ပါတယ်။

Fertility Centre တွေကို အခုဆေးရုံကြီးအပြင် အလားတူ အခြားဗဟို ဆေးရုံကြီးတွေမှာ Centre တွေလုပ်နိုင်မယ်ဆိုရင် အနယ်နယ်အရပ်ရပ်က သားသမီးလိုချင်တဲ့သူတွေ၊ ရန်ကုန်ကိုမလာနိုင်တဲ့သူတွေအတွက်လည်း လက်လှမ်းမီ သွားမှာဖြစ်ပါတယ်။ ဒါကတော့ ကြိုးစားနေတော့ တစ်ချိန်ချိန်မှာ ဖြစ်မယ်လို့ထင်ပါတယ်။ လုပ်လည်း လုပ်သင့်ပါတယ်။ သားသမီးမရသေးတဲ့ မောင်မယ်တွေရဲ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးချင်ပါတယ်၊ သူတို့အနေနဲ့ကလည်း ကြိုးစားရမယ်၊ ကြိုးစားမှလည်း အောင်မြင်မှုရမယ်။ ကျွမ်းကျင်တဲ့ပညာရှင်တွေက အကြံပေးတဲ့အတိုင်း လိုက်နာမယ်ဆိုရင် သားသမီးရဖို့ လမ်းစတွေ အများကြီးရလာမယ်လို့ ပြောချင်ပါတယ်။

ပါမောက္ခ ဒေါ်စမ်းစမ်းမြင့်

ပါမောက္ခ ဒေါ်စမ်းစမ်းမြင့်
ပါမောက္ခ၊ ဌာနမှူး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)

ကျွန်မတို့ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှာ Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှာစတင်ဖွင့်လှစ်ခဲ့တယ်။ သားသမီးရဖို့ ခက်ခဲတဲ့ မောင်မယ်တွေကို ရောဂါရာဇဝင်မေးမြန်းတယ်၊ ရှာဖွေတယ်။ အမျိုးသမီးမှာရော၊ အမျိုးသားမှာရော သားသမီးရဖို့ ဘာလို့ခက်ခဲနေလဲ၊ စမ်းသပ်စစ်ဆေးတယ်၊ ဓာတ်ခွဲစစ်ဆေးမှုတွေလုပ်တယ်။ လိုအပ်တဲ့အချက်အလက်တွေ၊ ဖြစ်နေတဲ့ အကြောင်းအရင်းတွေ စစ်ဆေးကုသပေးတယ်။ သဘာဝနည်းနဲ့ပဲကလေးရသွားတဲ့ မောင်မယ်တွေလည်းရှိတယ်။ တချို့က မျိုးဥကြွေဆေးတိုက်ပြီးတော့အောင်မြင်သွားတဲ့ မောင်မယ်တွေလည်းရှိပါတယ်။ အမျိုးသမီးရဲ့ သားအိမ်အတွင်း အမျိုးသားရဲ့ မျိုးရည်သန့်စင်ပြီးထည့်သွင်းခြင်း အဲဒါကို IUI နည်းလို့ခေါ်တယ်။ IUI နည်းနဲ့ အောင်မြင်သွားတဲ့ မောင်မယ်တွေလည်းရှိတယ်။

IVF က ဖန်ပြွန်သန္ဓေသား၊ အဲဒီဖန်ပြွန်သန္ဓေသားနည်းကို ၂၀၁၇ စက်တင်ဘာလနဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ နှစ်ကြိမ်၊ သားသမီးရဖို့ ခက်ခဲတဲ့ မောင်မယ်ပေါင်း ၁၆ တွဲ၊ အဲဒီထဲမှာမဇင်မာလင်းက ဖန်ပြွန်သန္ဓေသား IVF က အောင်မြင်ပြီး ကိုယ်ဝန်ရသွားပါတယ်။ ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်မှာ ခုနစ်ပေါင်နဲ့ ငါးအောင်စ သားယောကျ်ားလေးကို အောင်မြင်စွာခွဲစိတ်မွေးဖွားခဲ့ပါတယ်။ ခွဲစိတ်တာကတော့ IVF ကြောင့်မဟုတ်ပါဘူး။ ကလေးရဲ့အချင်းက ရှေ့ကိုရောက်နေတဲ့အတွက် ခွဲစိတ်မွေးဖွားလိုက်ရတာပါ။ ကျွန်မကိုယ်တိုင်ပဲ မွေးဖွားပေးခဲ့ပါတယ်။ ဒီလိုအောင်မြင်မှုရတာကတော့ ဝန်ကြီးဌာနရဲ့ ဦးဆောင်မှု၊ ပံ့ပိုးမှုတွေနဲ့ စုပေါင်းပြီး အဖွဲ့လိုက်ကြိုးစားမှုကြောင့် အောင်မြင်တာဖြစ်ပါတယ်။ လူနာရဲ့ ကိုယ်ဝန်စောင့်ရှောက်မှုက ပုံမှန်အတိုင်းဖြစ်ပါတယ်။ နေပုံ၊ စားပုံ၊ သောက်ပုံ သင်ပြပေးရတယ်။ ကိုယ်ဝန်မှန်မှန်ပြဖို့၊ မိခင်ရော၊ ကလေးပါ စောင့်ရှောက်မှုပေးရတယ်။ IVF မို့လို့ ပိုမိုထူးခြားပြီးစောင့်ရှောက်ပေးရတာမရှိပါဘူး။

IVF ဖန်ပြွန်သန္ဓေသားကို မိခင်ရဲ့သားအိမ်ထဲထည့်ပြီးရင် ကိုယ်ဝန်ကို စနစ်တကျ စောင့်ရှောက်မှုပေးနိုင်ပြီး စနစ်တကျမွေးဖွားပေးနိုင်တဲ့ ၂၄ နာရီ ခွဲစိတ်မှုပေးနိုင်တဲ့ဆေးရုံ၊ မိခင်ရော၊ ကလေးပါ စနစ်တကျစောင့်ရှောက်မှုပေးနိုင်တဲ့၊ ပစ္စည်းကိရိယာ စုံလင်တဲ့ ဆေးရုံတိုင်းမှာမွေးနိုင်ပါတယ်။ ကျွန်မတို့ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ Fertility Centre မဖွင့်ခင်ကတည်းက သားသမီးရဖို့ခက်ခဲတဲ့ မောင်မယ်တွေကိုကူညီ ဆောင်ရွက်ပေးနေတဲ့ Fertility Clinic ဆိုတာ ပြင်ပလူနာဌာနမှာရှိပါတယ်။ အဲဒီတုန်းက IVF တော့ မလုပ်နိုင်ခဲ့ဘူး။ ဒီစင်တာဖြစ်မြောက်လာဖို့အတွက် အများကြီးကြိုးစားခဲ့ရတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဦးဆောင်မှု၊ ပံ့ပိုးမှုနဲ့ ဒီစင်တာကြီးရအောင် ဆောင်ရွက်ပေးမှုကြောင့် Fertility Centre ပေါ်ပေါက်လာ ခြင်းဖြစ်ပါတယ်။ အခုလိုသားသမီးရဖို့ခက်ခဲတဲ့ မောင်မယ်တွေကို ပြီးတော့ ထိရောက်တဲ့ကုသမှုတွေပေးနိုင်ဖို့ IVF အဆင့်အထိပေးနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ နှစ်ပေါင်းများစွာ အချိန်ယူပြီးဆောင်ရွက်ခဲ့ရတာပါ။

နည်းပညာပိုင်းအနေနဲ့ကတော့ OG တစ်ယောက် တတ်သင့်တဲ့ပညာတွေရော၊ သင်ကြားခဲ့တဲ့ ပညာတွေ၊ Royal College ရဲ့ Guidelines တွေ၊ ပြည်ပနိုင်ငံ (Hinan University, China, India, Singapore) တွေမှာ ရက်တို ရက်ရှည်လေ့လာရေး သင်တန်းတွေစေလွှတ်ပြီး နိုင်ငံတကာအတွေ့အကြုံရယူခဲ့ပါတယ်။ ဖန်ပြွန်သန္ဓေသားရဖို့ မြန်မာနိုင်ငံသား နိုင်ငံသူတွေ အခက်အခဲရှိရင် နိုင်ငံခြားသွားသွားနေရတာ မဖြစ်စေချင်ဘူး။ ကိုယ့်နိုင်ငံမှာပဲ စရိတ်နည်းနည်းနဲ့ ဖြစ်စေချင်ပါတယ်။ ဒီစင်တာမှာ သုံးတဲ့ ဆေးတွေက ဈေးကြီးပါတယ်။ အဲဒီဆေးတွေကို နိုင်ငံခြားက တိုက်ရိုက်မှာယူရပါတယ်။ အဲဒီဆေးတွေသွင်းဖို့အတွက် FDA ထောက်ခံချက်ယူရပါတယ်။ တိုက်ရိုက်မှာတဲ့အတွက် ဒေါ်လာတွေနဲ့ မှာယူရပါတယ်။ အလွန်ဈေးကြီးပါတယ်။ စမ်းသပ်ရတဲ့ Test တွေကလည်း ဈေးကြီးပါတယ်။ ဟော်မုန်းတွေကိုအဆင့်ဆင့် စမ်းသပ်ရတဲ့အတွက် ကုန်ကျရတာဖြစ်ပါတယ်။ ရလာတဲ့ မျိုးဥနဲ့သုက်ပိုးတွေကိုလည်းစောင့်ရှောက်ထားရပါတယ်။ အဲဒီအတွက် ထိန်းသိမ်းစရိတ်တွေကြောင့် ကုန်ကျရတာဖြစ်ပါတယ်။

ဆရာဝန်၊ ဆရာမနဲ့ အခြားဝန်ဆောင်မှုတွေက အခမဲ့ဖြစ်ပါတယ်။ ခုန ဆေးဖိုးတွေနဲ့ Test ဖိုးတွေပေါင်းရင် 1-IVF ရဖို့ဆိုရင် ကျပ်သိန်း ၅၀ နဲ့ သိန်း ၆၀ ကြားမှာရှိပါတယ်။ သိန်း ၅၀ နဲ့ သိန်း ၆၀ ဆိုတာဒေါ်လာအတက်အကျပေါ် မူတည်ပါတယ်။ အဲဒီဆေးဖိုးတွေက တစ်ခါတည်းပေးရတာမဟုတ်ပါဘူး။ အဆင့်ဆင့်ပေးရတာပါ။ IVF လုပ်တိုင်းလည်း တန်းပြီးအောင်မြင်တာ မဟုတ်ပါဘူး။ လုပ်ခဲ့တဲ့အဆင့်ထိတော့ ကုန်ကျစရိတ်ကိုပေးရပါတယ်။ မအောင်မြင်ရင် နောက်ပိုင်းအဆင့်တွေအတွက် ကြိုသွင်းထားတဲ့ငွေကို ပြန်အမ်းပေးပါတယ်။ နိုင်ငံခြားနဲ့ယှဉ်ရင်တော့ ဒီကုန်ကျစရိတ်က နည်းပါတယ်။

ဝန်ကြီးဌာနအနေနဲ့ အရေးကြီးတဲ့ အခြေခံကျန်းမာရေး စောင့်ရှောက်မှုတွေ အဓိကထားပြီးတော့ ထောက်ပံ့နေရပါတယ်။ ခုလောလောဆယ်တော့ Fertility Treatment နဲ့ပတ်သက်ပြီးမောင်မယ်တွေကပဲ အကုန်အကျခံရပါတယ်။

စာမျက်နှာ ၁၁ သို့ ❖

ဖန်ပြွန်သန္ဓေသားအား ခွဲစိတ်မွေးဖွားပြီးနောက် တွေ့ရစဉ်။

ကိုဘိုထွန်း
(ဖန်ပြွန်သန္ဓေသား၏ဖခင်)

မဇင်မာလင်း
(ဖန်ပြွန်သန္ဓေသား၏မိခင်)

အမျိုးသမီးဝမ်းဗိုက်အတွင်းရှိ မျိုးပွားအင်္ဂါများကို ကြည့်ရှုစစ်ဆေးနိုင်ပြီး အမျိုးသမီးမျိုးအိမ်ရှိ မျိုးဥ၏ အဆင့်ဆင့်ကြီးထွားလာမှုကို ကြည့်ရှုစစ်ဆေးသည့် တယ်လီဗွီးရှင်းဓာတ်မှန်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စကုမြို့ရှိ ယာယီရေဘေးခိုလှုံသူများအား သွားရောက်ထောက်ပံ့

မကွေး ဇွန် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စကုမြို့ မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ရှစ်ရွာမှ ယာယီရေဘေးခိုလှုံသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့က စားနပ်ရိက္ခာ ထောက်ပံ့ငွေများ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

ဇွန် ၁၀ ရက်မှ စတင်ဖြစ်ပေါ်ခဲ့သည့် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများသည် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ် နေရာအချို့တွင် ဖြစ်ပွားခဲ့ပြီး အများဆုံးဖြစ်ပွားခဲ့သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နေရာဒေသများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမြန်ဆုံး သွားရောက်ထောက်ပံ့လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် စကုမြို့ ဂေါ်ဆွမ်းဓမ္မာရုံရှိ ယာယီရေဘေးခိုလှုံသူ ၄၀၁၅ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၀၆၁၅၀၀ ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုများဆောင်ရွက်လျက်ရှိသည့်နည်းတူ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ပိုမိုအလေးပေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ငါးခူရစခန်းမှ လေ့စီးဒုက္ခသည်များအား သွားရောက်တွေ့ဆုံပြီး တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု

စစ်တွေ ဇွန် ၁၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ရောက်ရှိပြီး လေ့စီးဒုက္ခသည်များအား တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် လေ့စီးဒုက္ခသည်များအားတွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းကာ ၎င်းတို့လိုအပ်ချက်များနှင့်ဆန္ဒကို သက်ဆိုင်ရာတာဝန်ရှိသူများက မူဝါဒများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးရန်၊ လေ့စီးဒုက္ခသည်များအနေဖြင့်လည်း စခန်းမှ တာဝန်ရှိသူများအား မိမိတို့ဖြစ်လိုသည့်ဆန္ဒများကို စနစ်တကျတင်ပြပြီး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။ ယင်းနောက် လေ့စီးဒုက္ခသည်များ နေထိုင်သည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြိမ်ချောင်းတောင်ကျေးရွာသို့ ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများအား နေရာချထားမည့် အဆောက်အအုံများ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး အဆောက်အအုံများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် အဝင်၊ အထွက်လမ်းများကို ရာသီမရွေးသွားလာနိုင်ရန် မှာကြားရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ယင်းနောက် လှဖိုးခေါင် ကြားစခန်းသို့ ရောက်ရှိပြီး ဆောက်လုပ်ထားသည့် အဆောက်အအုံများကို လှည့်လည်စစ်ဆေးကာ မိုးရာသီဖြစ်၍ ပျက်စီးမှုများကို အချိန်မီ ပြန်လည်ပြုပြင်ရန်၊ ရေဝင်၊ ရေထွက်ကောင်းမွန်စေရန်နှင့် စခန်းအတွင်း ရေဝင်၊ ရေဝပ်မှုမရှိစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ခရီးစဉ်တစ်လျှောက်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရန် ဝန်ကြီးချုပ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လုပ်ငန်းအစီအစဉ်များ ချမှတ်ပေးခဲ့သည်။

သတင်း- အောင်သူရ၊ နေဝင်းထွန်း
ဓာတ်ပုံ- ခင်မောင်ဝင်း(သတင်းစဉ်)

လေ့စီးဒုက္ခသည်များအား လှဖိုးခေါင် ပြန်လည်လက်ခံရေးကြားစခန်းတွင် UEHRD လုပ်ငန်းစဉ်များအတိုင်း ရိက္ခာများထောက်ပံ့ခြင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

မောင်တော ဇွန် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့သည် ယနေ့နံနက်ပိုင်းတွင် လှဖိုးခေါင်ကြားစခန်း၌ ရောက်ရှိနေသော လေ့စီးဒုက္ခသည် ၉၂ ဦးကို တွေ့ဆုံ၍ စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ပဲ၊ ဆား) တစ်လစာနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဆင်သင့်စားသုံးနိုင်သော ဒံပေါက်ထုပ်များနှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လေ့စီးဒုက္ခသည်များကို လက်ရှိယာယီနေထိုင်မှုအပြင် မူလနေရာ(သို့မဟုတ်) မူလနေရာနှင့်အနီးဆုံးနေရာများတွင် Cash for Work အစီအစဉ်ဖြင့် နေအိမ်များပြန်လည်ဆောက်လုပ်ရန် စီစဉ်ပေးမည့်အခြေအနေ၊ တစ်ဖက်နိုင်ငံတွင် ကျန်ရှိနေသော မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်မည့် အခြေအနေ၊ နိုင်ငံတော်မှ ကယ်ဆယ်ထောက်ပံ့မှု အခြေအနေများကို သိရှိနားလည်ပြီး နိုင်ငံတော်အပေါ်သစ္စာရှိရေးတို့ကို ရှင်းလင်းပြောကြားကာ ကျေးရွာအလိုက် နေရပ်များသို့ လိုက်လံပို့ဆောင်ပေးမှုများကို ကြည့်ရှုသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မောင်တောဒေသ၌ ပြည်တွင်းသတင်းမီဒီယာအဖွဲ့ ဒုတိယနေ့ သတင်းယူ

ရန်ကုန် ဇွန် ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းက မောင်တောမြို့ပေါ်ရှိ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးဆောင်ရွက်ပေးထားမှု၊ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း အေးချမ်းစွာနေထိုင်နေမှုအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ကညင်ချောင်းစီးပွားရေးဇုန်သို့သွားရောက်ပြီး ကညင်ချောင်းစီးပွားရေးဇုန် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့်တွေ့ဆုံကာ စီးပွားရေးဇုန်ဆောက်လုပ်ပြီးစီးမှု၊ မောင်တောစီးပွားရေးဇုန် ဖွင့်လှစ်ပြီးပါက ဒေသဖွံ့ဖြိုးလာနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ စုပေါင်းနေထိုင်သည့် မောင်တောမြို့နယ် ရွှေဇားကျေးရွာသို့ သွားရောက်ကြသည်။

ထို့နောက် ရွှေဇားကျေးရွာရှိ ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးလုပ်ကိုင်စားသောက်နေမှု၊ NVC ကတ် ဆောင်ရွက်ပေးနေမှုအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံကာ နိုင်ငံတော်မှ စားနပ်ရိက္ခာထောက်ပံ့ထားမှု၊ အိမ်ရာများ တည်ဆောက်ပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးထားမှု အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မင်းသစ်(MNA)

❖ **စာမျက်နှာ ၁၀ မှ**

အခု မဇင်မာလင်းနဲ့ပတ်သက်ပြီး အောင်မြင်သွားတယ်။ နောက်ပိုင်းမှာလည်း အောင်မြင်မှုကို ဆက်လက်ပြီး ပိုမိုတိုးတက်အောင်မြင်စေချင်တယ်။ IUI နဲ့ သားသမီးရသွားတဲ့ မောင်မယ်တွေရှိသလို မရတဲ့သူတွေအတွက် လိုအပ်ရင် IVF နဲ့ သားသမီးရအောင် ကူညီဆောင်ရွက်ပေးသွားမှာပါ။ မြန်မာနိုင်ငံမှာရှိတဲ့ အခြား သင်ကြားရေးဆေးရုံမှာလည်း Fertility Centre များ ပေါ်ပေါက်စေချင်ပါတယ်။

သားသမီးရဖို့ခက်ခဲတဲ့ မောင်မယ်တွေကို ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ရဲ့ ပြင်ပလူနာဌာနမှာလာရောက် အခမဲ့စမ်းသပ်စစ်ဆေးပြသ ဆွေးနွေးနိုင်ပါတယ်၊ လိုအပ်တဲ့ကုသမှုတွေကိုလည်း ပေးနေပါတယ်လို့ ပြောချင်ပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေလအထိ နှစ်နှစ်အတွင်း Fertility Centre မှာ သားသမီးရဖို့ခက်ခဲတဲ့ မောင်မယ်အတွဲ ၃၁၀၀ ကို ကုသပေးလျက်ရှိပြီး IUI လူနာ ၈၈၆ ဦးအနက် သန္ဓေအောင်သူ ၃၆ ဦး ရှိပါတယ်။ IVF (ဖန်ပြွန်သန္ဓေသား ထည့်ခြင်း)လုပ်ငန်းကို မောင်မယ်အတွဲ ၁၆ တွဲကို ကုသပေးရာ မဇင်မာလင်း(၃၈)နှစ်က ကိုယ်ဝန်ရရှိခဲ့ပြီး သားယောကျာ်းလေးကို မွေးဖွားခဲ့ခြင်းဖြစ်ပါတယ်။

ကိုဘိုထွန်း(ဖန်ပြွန်သန္ဓေသား၏ ဖခင်)

မကွေးတိုင်းဒေသကြီး မကွေးမြို့ကပါ။ အိမ်ထောင်ကျပြီး ကလေးရဖို့ အဆင်မပြေဘူး။ ကလေးရဖို့အတွက် စုံစမ်းတယ်၊ ဗန်ကောက်အထိသွားပြီး ဖန်ပြွန်သန္ဓေလုပ်ဖို့ ကြိုးစားတယ်။ နောက်ပိုင်း ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှာ ပထမဆုံးအကြိမ် ဖန်ပြွန်သန္ဓေလုပ်ဖို့ လာရောက်ဆွေးနွေးပြီး Fertility Centre က ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စမ်းစမ်းမြင့်နဲ့ တိုင်ပင်ပြီး လုပ်ဖြစ်သွားတာပါ။ ဗန်ကောက်ကိုသွားလုပ်ဖို့ စုံစမ်းတော့ သိန်း ၂၀၀ ကျော်လောက်ကျမယ်။ သွားစရိတ် လာစရိတ်နဲ့ဆိုရင် သိန်း ၃၀၀ ကျော်မယ်။ သွားဖို့လုပ်ပြီး ဒီမှာစုံစမ်းတော့ ၅၈ သိန်းပဲ သွင်းရတယ်။ အဲဒါ အပြီးပဲ၊ တစ်ခါတည်းသွင်းရတာ မဟုတ်ဘူး၊ တစ်ရစ်ချင်း ခွဲပြီးပေးရတာ။ ဖန်ပြွန်သန္ဓေသား ထည့်ပြီးတဲ့အထိ ၅၈ သိန်းပဲ ကုန်ကျပါတယ်။ ဖန်ပြွန် သန္ဓေသားထည့်ပြီးတဲ့အချိန်ကစပြီး ရန်ကုန်မှာပဲ နေပါတယ်။ ကျွန်တော်တို့လိုပဲ သားသမီး ရချင်တဲ့သူတွေ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre မှာ လာရောက်ဆွေးနွေးပြီး ဆရာမကြီးတွေရဲ့ ညွှန်ကြားချက်အတိုင်း လုပ်စေချင်ပါတယ်။

မဇင်မာလင်း (ဖန်ပြွန်သန္ဓေသား၏ မိခင်)

အခု ဇွန် ၁၂ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ ၁၉ မိနစ်မှာ ခုနစ်ပေါင်နဲ့ ငါးအောင်စရှိတဲ့ သားလေးကို ကျန်းမာစွာ ခွဲစိတ်မွေးဖွားခဲ့ပါတယ်။ သားသမီးလိုချင်တဲ့ အချိန်မှာ အခုလို ကျန်းကျန်းမာမာနဲ့ သားလေးကို မွေးဖွားခဲ့တဲ့အတွက် အတိုင်းမသိ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလိုမွေးဖွားပေးခဲ့တဲ့ ဆရာဝန်၊ ဆရာမတွေအားလုံးကို အထူးကျေးဇူးတင်မိပါတယ်။

တွေ့ဆုံမေးမြန်း- ရီရီမြင့်၊ ဓာတ်ပုံ- လှမိုး

တရုတ်ကုန်ပစ္စည်းများအပေါ် အမေရိကန် အခွန်ကောက်ခံမည်

ဝါရှင်တန် ဇွန် ၁၅
အမေရိကန်သမ္မတဒေါ်နယ်ထရန့်က တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သည်ဝေါစထရိဂျာနယ်အပါအဝင် မီဒီယာအများအပြားက ကုန်ပစ္စည်းများအပေါ် ထပ်ဆောင်းအခွန်ကောက်ခံရန် သမ္မတထရန့်က သဘောတူညီခဲ့ကြောင်း ဇွန် ၁၄ ရက်တွင် သတင်းထုတ်ပြန်ကြသည်။ မည်သည့်ပစ္စည်းများအပေါ် အခွန်ကောက်ခံမည်လဲဆိုသည်ကို မကြာမီ ကြေညာမည်ဖြစ်ကြောင်း ကုန်သွယ်ရေး တာဝန်ရှိသူများက ဆိုသည်။

သမ္မတထရန့်ဦးဆောင်သော အစိုးရအဖွဲ့က ဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးရှိသော မည်သည့် တရုတ်ကုန်ပစ္စည်းမဆို ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဖြစ်ကြောင်း ဧပြီလတွင် ကနဦးအစီအစဉ်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအနေဖြင့် ဈေးစပ်ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိသည်။

အဆိုပါအခွန်ကောက်ခံမှုသည် ဇူလိုင် ၇ ရက်တွင် စတင်အကျိုးဝင်မည်ဖြစ်ကြောင်း သိရသည်။ အစောပိုင်းအစီအစဉ်တွင် ကြေညာထားသည့်အတိုင်း တရုတ်နိုင်ငံအနေဖြင့် ဒေါ်လာဘီလီယံ ၅၀ တန်ဖိုးရှိ ကုန်ပစ္စည်းများအတွက် ၂၅ ရာခိုင်နှုန်းခန့် အခွန်ပေးဆောင်ရမည်ဖြစ်သည်။

ယခုအချိန်တွင် စတီးနှင့် အလူမီနီယံကုန်ပစ္စည်းများအပေါ် တရုတ်နိုင်ငံက အခွန်ပေးဆောင်လျက်ရှိသည်။

ယင်းကဲ့သို့ အမေရိကန်နိုင်ငံအနေဖြင့် ကုန်ပစ္စည်းအခွန်ကောက်ခံခြင်းကြောင့် ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် ကုန်သွယ်ရေး ပဋိပက္ခသည် ပိုမိုဆိုးရွားသွားဖွယ်ရှိကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆိုသည်။

အင်န်အိတ်ချ်ကေ

ကိုရီးယားကျွန်းဆွယ်တွင် အဓိကကျသည့်စစ်ရေးလေ့ကျင့်မှုများ ကာလအကန့်အသတ်မရှိ ရပ်ဆိုင်းထားမည်ဟုဆို

ဝါရှင်တန် ဇွန် ၁၅
အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးတွဲပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုကြီးများကို အချိန်ကာလ အကန့်အသတ်မရှိ ရပ်ဆိုင်းထားမည်ဟု အမေရိကန် အထက်တန်းတာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ဇွန် ၁၄ ရက်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးဆိုင်ရာ မဟာမိတ် တောင်ကိုရီးယားနှင့် ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းထားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇွန် ၁၂ ရက်တွင် ပြောကြားခဲ့သော်လည်း ရန်စလှုံ့ဆော်ရာကျသည့် ယင်းစစ်ရေးလေ့ကျင့်မှုများကို မည်သည့်အချိန်အထိ ရပ်ဆိုင်းထားမည်ကိုမူ ရှင်းလင်းစွာ ပြောကြားခဲ့ခြင်းမရှိပေ။

ကိုရီးယားကျွန်းဆွယ်တွင် ကြီးကျယ်သော စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းကို အချိန်ကာလ အကန့်အသတ်မရှိ ရပ်ဆိုင်းထားမည်ဟု အမေရိကန် အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၈၀၀၀ ခန့် ဖြန့်ကြက်ချထားပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင်များနှင့်အတူ ပုံမှန်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လေ့ရှိသည်။

အုလ်ချီ လွတ်မြောက်မှုအားကာကွယ်စောင့်ရှောက်သူဟု အမည်ပေးထားသည့် ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်အမိန့်ပေးသည့် စစ်ရေးလေ့ကျင့်မှုသည် ပုံမှန်အားဖြင့် နှစ်စဉ် ဩဂုတ်လတွင် ကျင်းပမြဲဖြစ်ပြီး ရက်သတ္တနှစ်ပတ် ကြာမြင့်သည်။

ယင်းသို့ လေ့ကျင့်မှုသည် ၎င်းတို့နိုင်ငံအား ကျူးကျော်ရန် ဝတ်စုံပြည့်ဖြင့် လုပ်ဆောင်သည့် ရန်စလှုံ့ဆော်မှုအဖြစ် မြောက်ကိုရီးယားနိုင်ငံက မှတ်ယူထားသည်။

လွန်ခဲ့သည့် နှစ်များအတွင်းက အမေရိကန်နှင့် တောင်ကိုရီးယားတို့က ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်များကို ဂျပန်နိုင်ငံအပေါ် ဖြတ်ကျော်ပစ်ခတ်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုကို ဂျပန်နိုင်ငံက ဒေါသတကြီး တုံ့ပြန်ခဲ့သည်။

အေအက်ဖ်ပီ

ဥရောပသမဂ္ဂရုပ်ရှင်ပွဲတော် အိန္ဒိယ၌ ကျင်းပမည်

နယူးဒေလီ ဇွန် ၁၅
ဥရောပသမဂ္ဂ(အီးယူ)၏ ၂၃ ကြိမ်မြောက် ရုပ်ရှင်ပွဲတော်ကို လာမည့် ရက်သတ္တပတ်တွင် အိန္ဒိယနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

ရုပ်ရှင်ပွဲတော် ကျင်းပစဉ်ကာလအတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၃ နိုင်ငံတို့မှ ရုပ်ရှင်ဇာတ်ကားသစ် ၂၄ ကားအထိ ပြသပေးသွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ပွဲတော်မှာ နှစ်လခွဲကြာမြင့်မည်ဖြစ်ပြီး အိန္ဒိယပြန်ကြားရေးနှင့် အသံလွှင့်ဝန်ကြီးဌာနအောက်ရှိ ရုပ်ရှင်ပွဲတော်ကျင်းပရေးဦးစီးဌာနက စီစဉ်ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဇွန် ၁၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ကျင်းပမည့် ရုပ်ရှင်ပွဲတော်ကို နယူးဒေလီမြို့တော်၌ ဖွင့်လှစ်မည်ဖြစ်ပြီး နယူးဒေလီ၊ ချန်ဒီဂါး၊ ပွိုင်ဘာလဲ၊ ပူနေး၊ ပူဒူချေရီ၊ ကိုလ်ကတ္တား၊ ဂျေရ်ပူ၊ ဗီဇာခါပတ္တနမ်၊ သီရိဆာ၊ ဟိုက်ဒရာဘတ်နှင့် ဂိုအာမြို့ကြီးများ၌ ဥရောပရုပ်ရှင် ဇာတ်ကားများကို လှည့်လည်ပြသမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဆင်ဟွာ

နိုင်ငံခြားသားလုပ်သားများကို လက်ခံနိုင်ရေး လူဝင်မှုကြီးကြပ်ရေးဥပဒေ ဂျပန်ဖြေလျှော့ရန်စီစဉ်

တိုကျို ဇွန် ၁၅
ဂျပန်နိုင်ငံသည် နိုင်ငံခြားအလုပ်သမားများ လိုအပ်ချက်ကြီးမားလာသဖြင့် ယင်းနိုင်ငံ၏ တင်းကျပ်သော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ဇွန် ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အိုမင်းမစွမ်းသူဦးရေ တိုးလာနေသော ဂျပန်နိုင်ငံ၌ လူဦးရေ ကျုံ့လာလျက်ရှိနေချိန်တွင် လုပ်သားအင်အား တစ်စတစ်စ လျော့နည်းလာနေမှုကို ဖြေရှင်းနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်း ကန့်သတ်ချက်များကို လျှော့ချပေးရန် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

ဂျပန်နိုင်ငံ၏ အတိအကျသတ်မှတ်မည့် လုပ်ငန်းနယ်ပယ်ကဏ္ဍများတွင် အလုပ်သမားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ပအလုပ်သမားများအား ပိုမိုလက်ခံနိုင်စေရန် ဗီဇာစည်းမျဉ်းသစ်များကို အစိုးရအဖွဲ့က အဆိုပြုထားသည်။

ဂျပန်နိုင်ငံ၌ အလုပ်သမားလိုအပ်ချက်မှာ ပိုမိုကြီးမားလာနေကြောင်း၊ သို့ဖြစ်၍ ကျွမ်းကျင်မှုရှိသော အလုပ်သမားများကို ပြည်ပမှ ခေါ်ယူရန် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို လျှော့ချရန် လိုအပ်လာကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှိဒဆုဂက သတင်းထောက်များအား ပြောကြားသည်။

ဂျပန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းများကို အမြန်ဆုံးရေးဆွဲသွားရန် အစိုးရအဖွဲ့က စီစဉ်လျက်ရှိသည်ဆို၏။

သို့ရာတွင် နိုင်ငံခြားသား အလုပ်သမားများအား ခေါ်ယူခြင်းဖြင့် မိမိတို့နိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးမူဝါဒကို အောက်ခြေသိမ်းပြင်ဆင် ပြောင်းလဲမည်မဟုတ်ကြောင်း၊ နိုင်ငံခြားသားအလုပ်သမားများ မိမိတို့ နိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာနိုင်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က အလေးအနက် ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေး၊ သူနာပြု၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းကဏ္ဍများတွင် နိုင်ငံခြားသား ကျွမ်းကျင်လုပ်သားများကို ခေါ်ယူသွားမည်ဟု မျှော်လင့်ရသည်။

ကျိုဒို

ဂရစ်ဇ်မန်း အေတီမက်တွင် ဆက်ရှိမည်

အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းအား လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသော်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်းသိရသည်။

ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ယင်းပြိုင်ပွဲမတိုင်မီ တိုက်စစ်မှူး ဂရစ်ဇ်မန်းအနေဖြင့် ၎င်း၏ အနာဂတ်အတွက် ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ဂရစ်ဇ်မန်းသည် ၂၀၁၄ ခုနှစ်အတွင်းက ရီးယဲလ်ဆိုစီဒက်အသင်းမှ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် ၁၁၂ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတီမူနှင့် ပြီးခဲ့သည့်ရာသီအစက ဂရစ်ဇ်မန်း၏ အေးဂျင့်ဖြစ်သူတို့ တွေ့ဆုံခဲ့ပြီးနောက် ဘာစီလိုနာအသင်းက တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ယင်းသို့ပစ်မှတ်ထားလာခဲ့ခြင်းနှင့် ပတ်သက်၍ ဘာစီလိုနာအသင်းမှာ တရားမဝင်လမ်းကြောင်းကနေ ချဉ်းကပ်သည်ဟုဆိုကာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သို့ သတင်းပို့ထားကြောင်းလည်း သိရသည်။

ဘာစီလိုနာအသင်းက တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ပြောင်းရွှေ့ကြေးပေါင် ၈၇ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းလာခဲ့သော်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းက ငြင်းဆိုထားကြောင်း သိရသည်။

ဘောလုံးသတင်းတိုများ

အာဆင်နယ်အသင်းသည် ဒေါ့မွန်နှင့် ဂျာမနီတိုက်စစ်မှူး ဂေါ့ဇီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ကွင်းလယ်ကစားသမား အင်နီယေစတာနေရာတွင် အစားထိုးရန်အတွက် မန်စီးတီးနှင့် ဂျာမနီကွင်းလယ်ကစားသမား ဂွန်ဒိုဂန်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ နောက်တန်းကစားသမား ရူဂါနီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါကစားသမား၏ အေးဂျင့်ဖြစ်သူကလည်း ဂျူဗင်တပ်အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးထားကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပေါ်တိုအသင်းမှ ဘရာဇီးဘယ်နောက်ခံကစားသမား အဲလက်စ်တယ်လက်စ်အား ခေါ်ယူရန်အတွက် ချယ်လ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်းတို့နှင့် အပြိုင်ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် မန်ယူအသင်းမှ အင်္ဂလန်နောက်တန်းကစားသမား စမောလင်းကို ခေါ်ယူရန်စီစဉ်လျက်ရှိပြီး နည်းပြသစ် ပယ်လီဂရီနီသည်လည်း အခုအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေးအတွက် ပေါင်သန်း ၇၀ အထိ သုံးစွဲခွင့်ရရှိထားကြောင်း သိရသည်။

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ခရစ္စတယ်ပဲလေ့အသင်းမှ နယ်သာလန်နောက်တန်းကစားသမား ဗန်အေအန်းဟော့အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

နယူးကာဆယ်အသင်းသည် ဆားဘီးယားတိုက်စစ်မှူး မီထရိုဗစ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိပြီး မီထရိုဗစ်မှာ ပြီးခဲ့သည့်ဘောလုံးရာသီက ဖူလ်ဟမ်အသင်းတွင် တစ်ရာသီကြာအငှားဖြင့် ကစားခဲ့ရသူဖြစ်သည်။

အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ၎င်း၏ အင်စတာဂရမ်တွင်တင်ထားခဲ့ပြီး အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းသည်လည်း ဇွန်လကုန်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ပရီမီယာလိဂ်တန်းတက်အသင်းဖြစ်သည့် ဖူလ်ဟမ်အသင်းသည် ဘရစ္စတိုးစီးတီးအသင်းမှ ဘယ်နောက်ခံကစားသမား ဂျိုးဘယန်အား စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းမှ ဘရာဇီးနောက်တန်းကစားသမား ဒေးဗစ်လုဇ်အား ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းဖြင့် ကမ်းလှမ်းလာခဲ့သော်လည်း အဆိုပါကမ်းလှမ်းမှုအား ချယ်လ်ဆီးအသင်းက ငြင်းဆိုထားကြောင်း သိရသည်။

ဩစတြေးလျနှင့် ပွဲစဉ်တွင် ပြင်သစ်တိုက်စစ်မှူး မက်ပီ ပါဝင်လာမည်

ပြင်သစ်တိုက်စစ်မှူး မက်ပီသည် လေ့ကျင့်ရေးအစီအစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သော်လည်း ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလားအုပ်စုအဆင့် အဖွင့်ပွဲစဉ်ဖြစ်သည့် ဩစတြေးလျအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာရန် ရာနှုန်းပြည့်သေချာနေကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ပီသည် ပြင်သစ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ဗဟိုခံစစ်မှူး အေဒီလ်ရာမီနှင့် ထိခိုက်မိကာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မက်ပီသည် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သည့် အမေရိကန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၁၅ ပွဲတွင် သွင်းဂိုးလေးဂိုးအထိ သွင်းယူထားနိုင်ပြီလည်းဖြစ်သည်။

လက်ရှိပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားတွင် ပါဝင်လာမည့်ကစားသမားများထဲတွင် နိုင်ငံအသင်းအတွက် တိုက်စစ်မှူး ဂျရူးက ၃၁ ဂိုး၊ တိုက်စစ်မှူး ဂရစ်ဇ်မန်းက ဂိုး ၂၀၊ ကွင်းလယ်ကစားသမား ပေါ့ဘာနှင့် မက်တူဒီက ကိုးဂိုးစီနှင့် တိုက်စစ်မှူး မက်ပီက လေးဂိုး အသီးသီး သွင်းယူပေးထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ဒူးဒဏ်ရာရရှိခဲ့သော်လည်း တူနီးရှားနှင့် ပွဲတွင် ရက်ရှ်ဖို့ဒ် ပါဝင်လာမည်

အင်္ဂလန်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ဒူးဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်သောကြောင့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ဖြစ်သည့် တူနီးရှားအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် တနင်္လာနေ့က ပြုလုပ်ခဲ့သည့် အင်္ဂလန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင်လည်း ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ကြာသပတေးနေ့ လေ့ကျင့်ရေးအစီအစဉ်တွင်မူ အင်္ဂလန်အသင်းကစားဖော်များနှင့်အတူ လေ့ကျင့်ရေးပြန်လည်ဆင်းနိုင်ခဲ့ခြင်းကြောင့် တူနီးရှားအသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားအုပ်စုအဆင့်အဖွင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားအကြိုခြေစမ်းပွဲစဉ်ဖြစ်သည့် ကော်စတာရီကာအသင်းနှင့် ပွဲစဉ်တွင်လည်း အင်္ဂလန်အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်မှာ ၂၀၁၆ ခုနှစ် မေလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၎င်း၏ ပထမဆုံးပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းအတွက် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး လူငယ်ကစားသမားလည်းဖြစ်လာခဲ့သည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် လူစားလဲကစားသမားအဖြစ် နှစ်ကြိမ် ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၁၆ ပြိုင်ပွဲတို့တွင် ဝါရင့်ကစားသမားများဖြင့် ပွဲထွက်ခဲ့သော်လည်း အုပ်စုအဆင့်မှပင် ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် နည်းပြဆောက်ဂိတ်က လူငယ်ခြေတက်ကစားသမားများကို ယခု ကမ္ဘာ့ဖလားတွင် ပွဲထုတ်ခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

သူရ(၈၁) ဆရာကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ

OTS(81) သူရတပ်ခွဲ၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာများ/သူငယ်ချင်းများနှင့် မိသားစုဝင်များ။ ကျန်ရစ်သူမိသားစုဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်–

နေ့ရက်အချိန်	အစီအစဉ်	နေရာ
၂၃ – ၆ – ၂၀၁၈	– ရေစက်ချတရားနာ၊	– အပြည်ပြည်ဆိုင်ရာထေရဝါဒ
နံနက် (၀၉ း ၃၀)	– ဆုချီးမြှင့်ခြင်း။	ဗုဒ္ဓသာသနာပြုတက္ကသိုလ်
နံနက် (၁၀ း ၃၀–၁၂ း ၀၀)	– နေ့ဆွမ်းကပ်လှူခြင်း။	(ရွှေတော်ဝင်ပေါက်–၃/၄)
ညနေ (၀၆ း ၃၀–၀၉ း ၃၀)	– ဆရာကန်တော့ပွဲနှင့် တွေ့ဆုံညစာစားပွဲ။	– ပန်ဒါစားသောက်ဆိုင် (ဝါးတန်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ရန်ကုန်။)
၂၄ – ၆ – ၂၀၁၈ နံနက် (၀၈း၀၀)	– ဂေါက်သီးရိုက်ပြိုင်ပွဲ။	– တပ်မတော်ဂေါက်ကွင်း(ရန်ကုန်)

ဆက်သွယ်ရန် –(ဂေါက်သီးရိုက်ပြိုင်ပွဲ–မျိုးဝင်း–၀၉၅၁၁၃၆၁၇ ၊ မြတ်သူ–၀၉၄၂၀၆၀၈၈၀၅) မြင့်သူ–၀၉၅၀၂၂၁၄၂၊ မြင့်ဇော်–၀၉၅၁၂၁၈၁၅၊ ရဲလွင်–၀၉၅၁၃၄၂၁၈၊ မြင့်အောင်–၀၉၇၉၅၃၀၇၄၂၈၊ မျိုးနိုင်အေး–၀၉၅၀၁၃၄၈၈၊ အောင်အောင်ထွန်း–၀၉၂၅၄၀၅၃၃၄၀။
https://www.ots81-thura.webs.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၅၅၂/ဂ၊ မြေကွက် အမှတ်-၂၃၊ မြေကွက်တည်နေရာ-၂၃၊ အုတ်ဖိုကျေးရွာအုပ်စု၊ သာဓုကန်ကျေးရွာ၊ ရွှေပြည်သာ၊ ဒေါ်သဲမြ အမည်ပေါက်(က) မြေ R_3(၃ခ)ရပြီး မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသိန်းမှ တရားလိုပြုလုပ်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၁၃၁/၂၀၁၇ (၁၄-၆-၁၇)ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု စီရင်ချက်ဖြင့် ဦးပေါ်ထွန်း(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ကြည်ကြည်ရှိန်)အား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီဂရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၇၈/၁၇(၂၇-၇-၁၇)အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက်တရားရုံးမှခန့်အပ်ခြင်းခံရသူဒေါ်အေးငြိမ်းခိုင်(ဘီလစ်) (၁၂/မရက(နိုင်)၁၄၃၇၃၉)မှ(၃-၄-၂၀၁၈)ရက်စွဲပါစာဖြင့် ရန်ကုန် မြောက်ပိုင်းခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ဝန်ခံ ချက်မိတ္တူမှန်ခွင့်ပြုထုတ်ပေးလိုက်ကြောင်း အကြောင်းကြားစာနှင့် ၃(ခ) ဝန်ခံ ချက် လက်မှတ်မိတ္တူမှန်၊ တရားရုံးဒီဂရီအထောက်အထားများ၊ (၆-၉-၂၀၁၇) ရက်စွဲပါ စာအမှတ်-၁၆၀၁/ခရိုင်/၂၀၁၇အရ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာနှင့် နေ့စဉ်မှတ်တမ်းတို့ တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက် (ဈေးဘက်ခြမ်း)၊ သီတာလမ်း၊ အမှတ် (၅၄) ၃–လွှာ(B) (၁၈' x ၆၀')တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အာမခံ၍ ဝန်ခံပြောဆိုရောင်းချသူ ဒေါ်သန်းနု (၁၂/တတန(နိုင်) ၀၂၉၉၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးအောင် (၁၂/အလန(နိုင်)၀၁၇၃၇၆) က ဝယ်ယူရန် ကန်စိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး (၃၀–၆–၂၀၁၈)ရက်နေ့တွင် ထပ်မံ ငွေပေးချေ၍ ယင်းတိုက်ခန်းအား တရားဝင်လက်ရောက်ရယူပြီး အပြီးအပိုင်အရောင်းအဝယ် ပြုလုပ်သွားကြရန် စီစဉ်ပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်မြင့်မြင့်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၃၅၆၇)
အမှတ်–၅၁၊ ပ–ထပ်၊ အခန်း (A-4) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၃၀ ၂၉၆၆၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၅၅၂/ဂ၊ မြေကွက်အမှတ်-၂၆၊ မြေကွက်တည်နေရာ-၂၆၊ အုတ်ဖိုကျေးရွာအုပ်စု၊ သာဓုကန်ကျေးရွာ၊ ရွှေပြည်သာ၊ ဒေါ်ဖြူ(ဆိုးမ) အမည်ပေါက် G(က) မြေ ၃(ခ)ရပြီး မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသိန်းမှတရားလိုပြုလုပ်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃၀/၂၀၁၇ (၁၄-၆-၁၇)ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု စီရင်ချက်ဖြင့် ဦးပေါ်ထွန်း(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ကြည်ကြည်ရှိန်)အား တရားပြိုင်ထားရှိပြီး တရားစွဲ ဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီဂရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၇၇/၁၇(၂၇-၇-၁၇)အရ တရားရုံးကိုယ်စားဆောင်ရွက်ရန် အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်အေးငြိမ်းခိုင်(ဘီလစ်) (၁၂/မရက(နိုင်) ၁၄၃၇၃၉) မှ(၃-၄-၂၀၁၈) ရက်စွဲပါစာဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ဝန်ခံချက်မိတ္တူမှန်ခွင့်ပြုထုတ်ပေးလိုက်ကြောင်း အကြောင်းကြားစာနှင့် ၃(ခ) ဝန်ခံချက်လက်မှတ်မိတ္တူမှန်၊ တရားရုံးဒီဂရီအထောက်အထားများ၊ (၆-၉-၂၀၁၇)ရက်စွဲပါ စာအမှတ်-၁၆၀၁/ခရိုင်/၂၀၁၇အရ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာနှင့် နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၅၅၂/ဂ၊ မြေကွက်အမှတ်-၂၅၊ မြေကွက်တည်နေရာ-၂၅၊ အုတ်ဖိုကျေးရွာအုပ်စု၊ သာဓုကန်ကျေးရွာ၊ ရွှေပြည်သာ၊ ဒေါ်ဖြူ(ဆိုးမ) အမည်ပေါက် G(က) မြေ ၃(ခ)ရပြီး မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသိန်းမှတရားလိုပြုလုပ်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃၀/၂၀၁၇ (၁၄-၆-၁၇)ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု စီရင်ချက်ဖြင့် ဦးပေါ်ထွန်း(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ကြည်ကြည်ရှိန်)အား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီဂရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၇၇/၁၇(၂၇-၇-၁၇)အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်အေးငြိမ်းခိုင်(ဘီလစ်) (၁၂/မရက(နိုင်) ၁၄၃၇၃၉) မှ(၃-၄-၂၀၁၈) ရက်စွဲပါစာဖြင့် ရန်ကုန်မြောက်ပိုင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ဝန်ခံချက်မိတ္တူမှန်ခွင့်ပြုထုတ်ပေးလိုက်ကြောင်း အကြောင်းကြားစာနှင့် ၃(ခ) ဝန်ခံချက် လက်မှတ်မိတ္တူမှန်၊ တရားရုံးဒီဂရီအထောက်အထားများ၊ (၆-၉-၂၀၁၇)ရက်စွဲပါ စာအမှတ်-၁၆၀၁/ခရိုင်/၂၀၁၇အရ တရားရုံးမှ တာဝန်ပေးအပ်ခြင်း စာနှင့် နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖက်ဝန်းကုန်းအုပ်စုဘေးမဲ့ကျေးရွာ၊ (ဘ)ဦးနို့ဆီ၏သမီး ဒေါ်အုံးရီ [၁၂/တကန(နိုင်)၀၆၂၇၂၂] ကိုင်ဆောင်သူ ဒေါ်အုံးရီ(ခ)ဒေါ်အုန်းရီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကျွဲသုံးညီမရွာနေ အထက ကံပေါက်နဝမတန်းမှ မချစ်စနိုးဦး၏ ဖခင် ဦးနိုင်ထွေး၏အမည်မှန်မှာ ဦးအနိုင် [၆/ရဖန(နိုင်)၀၃၇၄၇၉] ဖြစ်ပါသည်။

ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက(၁)ထားဝယ် ဒသမတန်း (C)မှ မလှိုင်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးယုသန်း [၆/ကသန(နိုင်)၀၁၀၈၈၆] ဖြစ်ပါသည်။

ဝန်ထမ်းအလိုရှိသည်

- အမျိုးသမီးအရောင်းဝန်ထမ်း မ(၁၀)ဦး
- စာရင်းကိုင် မ(၅)ဦး
  မှတ်ချက် (ကွန်ပျူတာကျွမ်းကျင်)
- ကုန်သိုလှောင်ရုံတွင် ကျား(၅)ဦး
  တာဝန်ထမ်းဆောင်ရန်

လုပ်ငန်းအတွေ့အကြုံရှိသူနှင့် ဘွဲ့ရရှိသူ ဦးစားပေးမည်။

E-mailနှင့် CV တင်နိုင်သည်။
Email:imps.sales@gmail.com
ဆက်သွယ်ရန်-01-546731, 09-5029831
09-965029831 Viberဖြင့် CVတင်နိုင်ပါသည်။

ရန်ကုန်မြို့တွင်း စာရေးကိရိယာကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၈၅)၊ မြေကွက်တည်နေရာအမှတ်(၈၅)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၈-ျ) ထပ်တိုက်၏ မြေညီထပ်၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်းပေ(၁၈×၅၅)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင် ထားရှိကြောင်းနှင့်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးတင့်[၁၂/ဥကတ(နိုင်)၀၃၁၃၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာမွေး (စဉ်-၇၁၄၈) တရားလွှတ်တော်ရှေ့နေ LL.B,M.P.A,D.B.L,D.M.L,D.I.L,D.A Psy,D.I.R,D.G.I
အမှတ်-၁၄၄/၁၊ နံ့သာဖြူလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၈၀၄၈၊ ၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၁၄၈၈၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၇၊ မြေကွက်အမှတ်-၇၉/ခ၊ မြေကွက်တည်နေရာအမှတ်၇၉/ခ၊ နွယ်နီလမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးတင်လင်း[၁၂/သဃက(နိုင်)၀၆၈၈၇၆] အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်လင်း[၁၂/သဃက(နိုင်)၀၆၈၈၇၆]ထံမှ အရောင်းအဝယ်ကတိစာချုပ်(၂၈-၄-၁၉၉၅)ရက်တွင် ဝယ်ယူသူ(၁)ဦးအောင်ကြီး[၁၀/သထန (နိုင်)၀၃၀၂၁၃]၊ (၂)ဒေါ်စန်းတင်[၁၂/သဃက(နိုင်)၁၀၅၃၃၇]၊ (၃)မနှင်းအေးဝေ[၁၂/သဃက(နိုင်)၁၇၄၅၃၉]၊ (၄)မရွှေယမင်းဦး [၁၂/သဃက (နိုင်)၁၈၄၂၅၅]တို့မှဝယ်ယူခဲ့ပြီး တင်ပြပါမစ်မူရင်းတွင်မိသားစု ဓာတ်ပုံနှင့်ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်စာရွက်သာပါရှိပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မူရင်း(မစုံ)ဖြင့်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ကာသွပ်မိုးအဆောက်အအုံ(၁)လုံးရှိပြီး အငှားဖြစ်သူ ဦးအောင်ကျော်မြင့် မိသားစုနေထိုင်ပါသည်။ မြေကွက်အမှတ်၇၉/ကနှင့်ပေါင်း၍ အသုံးပြုထားပါသည်။ မြေပြင်တွင် အိမ်ငှားဦးအောင်ကျော်မြင့်အားထားရှိခြင်းအတွက် တာဝန်ယူပါကြောင်း ဝန်ခံကတိတင်ပြလာပါသဖြင့် ဦးအောင်ကြီး+၃မှ ပါမစ်မူရင်း(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၇၊ မြေကွက်အမှတ်-၇၉/က၊ မြေကွက်တည်နေရာအမှတ်၇၉/က၊ နွယ်နီလမ်း၊ (၁၀၇)ရပ် ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးသောင်းအေး(ISN-၃၆၈၇၁၈) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသောင်းအေး(ISN-၃၆၈၇၁၈)ထံမှ အရောင်းအဝယ်ကတိစာချုပ်(၂၈-၄-၁၉၉၅)ရက်တွင် ဝယ်ယူသူ (၁)ဦးအောင်ကြီး[၁၀/သထန(နိုင်)၀၃၀၂၁၃]၊ (၂)ဒေါ်စန်းတင်[၁၂/သဃက(နိုင်)၁၀၅၃၃၇]၊ (၃)မနှင်းအေးဝေ[၁၂/သဃက(နိုင်)၁၇၄၅၃၉]၊ (၄)မရွှေယမင်းဦး[၁၂/သဃက(နိုင်)၁၈၄၂၅၅]တို့မှဝယ်ယူခဲ့ပြီး တင်ပြပါမစ်မူရင်းတွင်မိသားစု ဓာတ်ပုံနှင့်ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်စာရွက်သာပါရှိပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မူရင်း(မစုံ)ဖြင့် တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ကာသွပ်မိုး အဆောက်အအုံ(၂)လုံးရှိပါသည်။ မြေကွက်အမှတ်၇၉/ခနှင့်ပေါင်း၍ အသုံးပြုထားပါသည်။ (၁)လုံး တွင် ညီမဖြစ်သူ ဒေါ်သန်းအေးနေထိုင်ပြီး(၁)လုံးတွင် အငှားဖြစ်သူ ဦးကြည်သန်းနေထိုင်ပါသည်။ ညီမဖြစ်သူ နေထိုင်ခြင်းနှင့်အိမ်ငှားထားရှိခြင်းအတွက် တာဝန်ယူပါကြောင်းဝန်ခံကတိတင်ပြလာပါသဖြင့် ဦးအောင်ကြီး+၃မှ ပါမစ်မူရင်း(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ရွှေဟင်္သာ(၄)လမ်း၊ အမှတ်(၁၂၂၀) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀×၆၀)ပေရှိ ဒေါ်တင်တင်လှ(၁၁/စတန(နိုင်)၀၂၄၇၀၇) အမည်ပေါက် (မြေချပါမစ်) မြေကွက်အား၊ စာချုပ်အဆက်စပ်ဖြင့် တရားဝင် ပိုင်ဆိုင်သူ ဦးကျော်စွာဦး (၁၂/သဃက(နိုင်)၀၄၄၇၀၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မနိုင် (၁၀/သထန(နိုင်)၀၇၀၃၄၅)က အပြီးအပြတ် ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင် ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမြတ်မင်းသိန်း(LL.B) — **ဒေါ်သက်သက်ဆွေ(LL.B)**
အထက်တန်းရှေ့နေ(စဉ်–၄၀၈၅၄) — အထက်တန်းရှေ့နေ(စဉ်–၄၆၀၅၄)
အမှတ်(၃၁၅)၊ ဗဟိုက(၁၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Phone - 0973099026 , 0973000531, 09968245586, 09968245587.

တစ်ဦးတည်းဖြစ်ကြောင်း

ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့နယ်ခွဲ၊ မသေကျေးရွာအုပ်စု၊ ကံမော်ကြီးကျေးရွာနေ ဦးထွန်းအောင်၏သားဖြစ်သူ ဦးစံရွှေအောင်(ခ)ဦးကျော်ဇံနှင့် ဦးကျော်ဇံ [၆/ကသန(နိုင်)၀၁၃၂၇၅]တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

အမည်ပြောင်း

ထားဝယ်မြို့၊ တလိုင်းမရပ်၊ သုခလမ်းနေ ဦးမင်းမင်းသက်၏ သမီး အထက(၁)ထားဝယ် နဝမတန်း(A)မှ မသဥ္ဇာထက်အား မသီရိခြူးသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဦးတင်ထွေး	၁၄/မမန(နိုင်)၀၂၂၂၂၈	လှိုင်သာယာ	၃/၄	၁၆၇၄	ဦးခင်မောင်ဦး	၁၆၇၄ သမာဓိလမ်း (၆)ရပ်ကွက်၊ လှိုင်သာယာ	ဂရန်သစ်
၂။	ဦးသောင်း	၁၂/စခန(နိုင်)၀၁၇၉၆၂	စမ်းချောင်း	၂၀ C	၆၅၆/၃	ဒေါ်လှမြင့်	၈၀၊ ဝေဠုဝန်လမ်းကျယ်၊ ဝေဠုဝန်/တောင်ရပ်ကွက်	အမည်ပြောင်း
၃။	ဒေါ်ခိုင်ခိုင်ဌေး(ခ)လောဆို	၁၃/နခန(နိုင်)၀၄၅၅၄၉	ဒဂုံဆိပ်ကမ်း	၈၅	၁၃၄၇	ဦးသန်းဝင်း	၁၃၄၇ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၄။	ဒေါ်ခိုင်ခိုင်ဌေး(ခ)လောဆို	၁၃/နခန(နိုင်)၀၄၅၅၄၉	ဒဂုံဆိပ်ကမ်း	၈၅	၁၃၄၈	ဦးထွန်းရှိန်	၁၃၄၈ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၅။	ဒေါ်ခင်အေးမြင့်ဝေ	၁၂/ပဘတ(နိုင်)၀၁၅၁၀၅	သင်္ဃန်းကျွန်း	၂၃-သုဝဏ္ဏ	၈၀	ဒုတိယဗိုလ်မှူးကြီးမင်းသိန်း	၁၇၉၊ သံသုမာလမ်း၊ ၂၃-သုဝဏ္ဏ၊ သင်္ဃန်းကျွန်း	အမည်ပြောင်း
၆။	ဦးကောင်းမြင့်သူ	၅/ဝကန(နိုင်)၁၇၇၃၂၀	ဒဂုံမြောက်	၂၉	၄၇၅	ဦးအောင်သောင်း	၄၇၅ ဦးထွန်းမြင့်လမ်း (၂၉)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၇။	ဦးစိန်လွင်(ခ)ဟုတ်ကြိုင်	WKA-၀၀၄၅၂၉ ၁၄/ဝခမ(နိုင်)၁၄၁၈၀၄၅	မရမ်းကုန်း	ဘုရင့်နောင်	၆/၄၄	ဦးစိန်လွင်	၆/၄၄ ငုဝါလမ်း ဘုရင့်နောင်ပွဲရုံတန်း (၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၈။	ဒေါ်ရွှေရင်(ခ)ယုယုထွေး	၁၂/လမတ(နိုင်)၀၁၈၂၃၀	မရမ်းကုန်း	ဘုရင့်နောင်	ဆ/၉	ဒေါ်ရွှေရင်(ခ)ယုယုထွေး	ဆ/၉၊ စိန်ပန်းလမ်း ဘုရင့်နောင်ပွဲရုံတန်း	ဂရန်သက်တမ်းတိုး
၉။	ဒေါ်မေသူဝင်းမြ	၁၂/မရက(နိုင်)၁၅၁၅၅၇	ရွှေပြည်သာ	၂၃	၃၅၅/က	ဦးမျိုးသွင်	၃၅၅/က၊ သစ်ခွဲပန်းခြံလမ်း (၅)ရပ်ကွက်၊ ရွှေပြည်သာ	အမည်ပြောင်း
၁၀။	ဒေါ်ခင်ခင်ရီ	၁၂/စခန(နိုင်)၀၀၆၀၅၂	စမ်းချောင်း	၂၅၈	၅၆	ဒေါ်ခင်ခင်ရီ	၅၆၊ မင်္ဂလာလမ်း စမ်းချောင်း(မြောက်)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၁။	ဒေါ်မြမြဟန်	၁၂/အစန(နိုင်)၁၈၂၆၁၁	လှိုင်သာယာ	၉	၁၅၃	ဦးကြိုမြင့်	၁၅၃၊ ဗိုလ်ထွေးလမ်း (၂)ရပ်ကွက်၊ လှိုင်သာယာ	အမည်ပြောင်း
၁၂။	ဒေါ်မြမြဟန်	၁၂/အစန(နိုင်)၁၈၂၆၁၁	အင်းစိန်	၁၀/အီး(ရွာမ)	၄/ခ-၁A	ဒေါ်တင်လှ	၁၅၃၊ အောက်မင်္ဂလာဒုံလမ်း ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်	အမည်ပြောင်း
၁၃။	ဦးမြင့်သိန်း	၁၂/အစန(နိုင်)၀၇၀၂၉၄	လှိုင်သာယာ	၂	၃	ဒေါ်တင်လှ	၃၊ ဗိုလ်အောင်ကျော်လမ်း (၃)ရပ်ကွက်၊ လှိုင်သာယာ	အမည်ပြောင်း
၁၄။	ဒေါ်တင်တင်မိုး	၁၂/အစန(နိုင်)၁၃၀၈၅၆	လှိုင်သာယာ	၁၁ကမ-၁၁	၅၀၈/ခ	ဦးတာနည်အောင်	၅၀၈/ခ၊ ပန္နရလမ်း (၁၁)ရပ်ကွက်၊ လှိုင်သာယာ	အမည်ပြောင်း
၁၅။	ဦးမျိုးဝင်း	၅/ပမန(နိုင်)၁၆၉၂၀၀	မရမ်းကုန်း	ဘုရင့်နောင်	ဃ/၂၀	ဦးမျိုးဝင်း	ဃ-၂၀၊ အောင်သဒ္ဒါလမ်း ဘုရင့်နောင်ပွဲရုံတန်း	ဂရန်သက်တမ်းတိုး
၁၆။	ဒေါ်စိုးမော်	၁၂/ဥကမ(နိုင်)၁၆၅၃၁၉၃	လှိုင်သာယာ	၄	၃၆	ဦးစိန်ညွန့်	၃၆၊ (၁၅)လမ်း (၃)ရပ်ကွက်၊ လှိုင်သာယာ	အမည်ပြောင်း
၁၇။	ဒေါ်ကုန်ရွှင်(GP ဦးဟန်သူရိန်)	၁၂/အစန(နိုင်)၀၉၄၄၅၂	အင်းစိန်	၃၉၉/က	၁၀/A	ဒေါ်ကုန်ရွှင်	၁၆၀၉၊ ထီးလမ်းမကြီးလမ်း တော့ကန်ရပ်ကွက်၊ အင်းစိန်	မြေပုံကူး(အရောင်း) မြေကွက်ခွဲ
၁၈။	ဒေါ်အေးအေးမြင့်(SP)ဦးမင်းသူ	၁၂/လကန(နိုင်)၁၆၅၅၀၃	သင်္ဃန်းကျွန်း	၁၆/၃	၄၀၃/က	ဒေါ်အေးအေးမြင့်	၄၀၃/က၊ မဟာမြိုင်လမ်း (၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်း	မြေပုံကူး(အရောင်း)

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/၂ မြေကွက်အမှတ်-၈၆၅ မြေကွက်တည်နေရာအမှတ်-၈၆၅ ၂ လမ်း ၁-ရပ်ကွက် မရမ်းကုန်း(ဦးကြာစိန်)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးကြာစိန်မှာ (၃. ၈. ၂၀၀၅)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ ဇနီးတော်စပ်သူ ဒေါ်စိန်မြင့်၏ GPရရှိသူ ဦးခင်မောင်အေး (၁၂/မရက(နိုင်)၀၄၁၈၀၀)မှ ဒေါ်စိန်မြင့်မှာ ဦးကြာစိန်၏ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ ထပ်ဆင့်ကျမ်းကျိန်လွှာ သေစာရင်း GP အထောက်အထား GP သေခြင်းအတွက် ကျမ်းကျိန်လွှာ နှစ်(၆၀)မြေငှား စာချုပ်(ဓာတ်)တို့ တိုက်ဆိုင်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေပြဋ္ဌာန်း

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ
(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ဂ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

(င) **လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ** ဆိုသည်မှာ ယမ်းဘီလူး၊ အမိုနီယမ်နိုက်ထရိတ်၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်စေရန် ပြုပြင်စီမံထားသော ဝတ္ထုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **ယမ်းတိုက်** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့က အတည်ပြုရွေးချယ်ပေးသည့် မြေနေရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးအရာရှိချုပ်က အတည်ပြုသတ်မှတ်ပေးသည့် ပုံစံအတိုင်း ဆောက်လုပ်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ဆ) **ပြုလုပ်ခြင်း** ဆိုသည်မှာ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းတစ်ခုခုကို ပြုလုပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း လုပ်ငန်းစဉ်ကို ဆိုသည်။

(ဇ) **တင်သွင်းခြင်း** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းကဖြစ်စေ လုပ်ငန်းလိုအပ်ချက်နှင့်အညီ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ပြည်ပနိုင်ငံတစ်ခုခုမှတင်သွင်းခြင်းကို ဆိုသည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ယမ်းတိုက်တွင် လက်ခံသိုလှောင်နိုင်ရေးအတွက် ဤဥပဒေနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ကထုတ်ပေးသော ယမ်းတိုက်လိုင်စင်ကို ဆိုသည်။

(ည) **သိုလှောင်ခြင်း** ဆိုသည်မှာ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရယမ်းတိုက်တွင် ခွင့်ပြုချက်ဖြင့် ထိန်းသိမ်းထားရှိခြင်းကို ဆိုသည်။

(ဋ) **ခွင့်ပြုချက်** ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က ဤဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန် ခွင့်ပြုချက်ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို စနစ်တကျပြုလုပ်ခြင်း၊ တင်သွင်းခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် သုံးစွဲခြင်းတို့ပြုနိုင်ရန်၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ အသုံးပြုသည့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိစေရန်၊

(ဂ) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပြုလုပ်သုံးစွဲမှုများကို စနစ်တကျ ကြီးကြပ်နိုင်ရန်။

အခန်း (၃)

ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၄။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာအတည်ပြုချက် ရရှိလိုသူသည်လည်းကောင်း၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဖျက်ဆီးခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေဆောင်ရွက်လိုသူသည်လည်းကောင်း ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ စိစစ်ချက်ဆောင်ရွက်ပေးရန် လျှောက်ထားရမည်။

၅။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်ထားသည့်ကိစ္စရပ်ကို စိစစ်တင်ပြရန် စစ်ဆေးရေးအရာရှိချုပ်အား တာဝန်ပေးအပ်ရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ်သည် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် -

(၁) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိချုပ်၏တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်းတွေ့ရှိပါက စိစစ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)သို့ ပေးပို့ရမည်။

(၂) စစ်ဆေးရေးအရာရှိချုပ်က သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလျှင် သက်ဆိုင်ရာလျှောက်ထားသူကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပြီး ပြန်လည်တင်ပြရန် ညွှန်ကြားရမည်။

၆။ (က) ဝန်ကြီးဌာနက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးပို့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)သည် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်နိုင်ရေးအတွက် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာ အတည်ပြုချက်ရယူရန် လျှောက်ထားခြင်းဖြစ်ပါက ယမ်းတိုက်မြေနေရာ ရွေးချယ်ရေးအဖွဲ့ဖြင့် ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်အတည်ပြုပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)က ယမ်းတိုက်ဆောက်လုပ်ရန် မြေနေရာကိုစိစစ်အတည်ပြုကြောင်း သဘောထားပြန်ကြားချက် ပေးပို့သည့်အခါ အတည်ပြုချက်ရရှိသော မြေနေရာတွင် ယမ်းတိုက်ဆောက်လုပ်ရန် စစ်ဆေးရေးအရာရှိချုပ်အား ညွှန်ကြားရမည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်ကို ရရှိလျှင် ယမ်းတိုက်ဆောက်လုပ်ရန်မြေနေရာ အတည်ပြုချက် လျှောက်ထားသူအား ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)က စိစစ်အတည်ပြုသော မြေနေရာတွင် သတ်မှတ်သည့် အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားရမည်။

၇။ (က) ဝန်ကြီးဌာနက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရပေးပို့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းတစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်ရန်ဖြစ်ပါက စိစစ်တင်ပြရန် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသို့ တာဝန်ပေးအပ်ရမည်။

(ခ) ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီသည် ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)သို့ တင်ပြရမည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိပါက လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေ ဆောင်ရွက်ရန် သက်ဆိုင်ရာ လျှောက်ထားသူကို ခွင့်ပြုချက် ထုတ်ပေးရမည်။ ခွင့်ပြုချက်မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် သက်ဆိုင်ရာ လျှောက်ထားသူကို ညွှန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၈။ ဝန်ကြီးဌာနက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးပို့သော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီး၍ ဖျက်ဆီးရန်ကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဌာန ကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူးဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီမှ ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် လျှောက်ထားသူ၏ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည့်အဖွဲ့ဖြင့် ဖျက်ဆီးရန် သင့်၊ မသင့်စစ်ဆေးပြီး ဖျက်ဆီးသင့်သည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးရမည်။

၉။ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းလိုသူသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ခွင့်ပြုချက်ကို လက်ခံရရှိလျှင် ဥပဒေနှင့်အညီ တင်သွင်းခြင်း ပြုနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

အခန်း (၄)

လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၀။ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးအရာရှိချုပ်၏ အကြောင်းကြားချက်နှင့်အညီ ယမ်းတိုက်ဆောက်လုပ်သူသည် သတ်မှတ်သည့်အင်္ဂါရပ်များ ပြည့်စုံစွာပါဝင်သည့် ယမ်းတိုက်ကို ဆောက်လုပ်ပြီးလျှင် လိုင်စင်ရရှိရေးအတွက် စစ်ဆေးရေးအရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၁။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၁၀ အရ လိုင်စင်လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဆောက်လုပ်ထားသည့် ယမ်းတိုက်ကို သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စစ်ဆေးပြီး -

(က) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်းတွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

၁၂။ လိုင်စင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၁၃။ လိုင်စင်ရရှိသူသည် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးပေးရန် စစ်ဆေးရေးအရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၄။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၁၃ အရ သက်တမ်းတိုးလျှောက်ထားချက်ကို ရရှိလျှင် လျှောက်ထားသူ၏ ယမ်းတိုက်ကို စစ်ဆေးပြီး -

(က) သတ်မှတ်သည့်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်းတွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

အခန်း (၅)

လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့၏ တာဝန်များ

၁၅။ လိုင်စင်ရရှိသူသည် -

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ခွင့်ပြုသည့်ပမာဏထက်မပိုစေဘဲ သတ်မှတ်ချက်နှင့်အညီ စနစ်တကျ သိုလှောင်သိမ်းဆည်းရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပျောက်ဆုံးခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးပျက်စီးခြင်း၊ လူများထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်ပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(ဃ) လိုင်စင်အတွက် ဝန်ကြီးဌာနက သတ်မှတ်သော နှုန်းထားအတိုင်း အခကြေးငွေကို ဦးစီးဌာနသို့ပေးဆောင်ရမည်။

၁၆။ ခွင့်ပြုချက်ရရှိသူသည် -

(က) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရယမ်းတိုက်များတွင်သာ သိုလှောင်ရမည်။

(ခ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းပြုရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် လိုအပ်သော ကာကွယ်မှုများကို သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆောင်ရွက်ရမည်။

အခန်း (၆)

စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၁၇။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့သည် ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း ရှိ၊ မရှိ စိစစ်၍ လိုက်နာခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

စာမျက်နှာ ၂၁ သို့ »

ယာဉ်နှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီဆောင်ရွက်ပေး

ငဖဲ ဇွန် ၁၅
ငဖဲမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာအုပ်စု ဆင်ချည်တိုင်ကျေးရွာ သလဲလေးဘုန်းကြီးကျောင်းအနီးရှိ ပန်းထိမ်းချောင်းလက်တက်ခွဲမှ စီးဆင်းလာသည့် ချောင်းရေမြင့်တက်လာသဖြင့် ငဖဲ-ပဒါန်း-စေတုတ္တရာကားလမ်း မိုင်တိုင်အမှတ်(၃၃/၄)မိုင်အနီး ကားလမ်းပေါ်သို့ ငါးပေခန့် ရေကျော်လွှန်လျက်ရှိသည်။

အလားတူ ငဖဲမြို့နယ် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာ မန်းချောင်း ရေဝင်ရောက်ခြင်းကြောင့် ငဖဲ-ပဒါန်း-စေတုတ္တရာကားလမ်း မိုင်တိုင်အမှတ်(၃၉/၂)မိုင် တိုင်အနီး ကားလမ်းမပေါ်၌ ခြောက်ပေခန့် ရေကျော်လျက်ရှိသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယာဉ်နှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကြပ်မတ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ စိုက်ပျိုးသီးနှံဧက ၆၃၀၀၀ ကျော် ရေနစ်မြုပ်

မကွေး ဇွန် ၁၅
မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ စပါး၊ နှမ်း၊ မြေပဲနှင့် အခြားသီးနှံ စိုက်ဧကပေါင်း ၆၃၁၉၂ ဧက ရေနစ်မြုပ်လျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ ဇွန် ၁၄ ရက် နံနက်ပိုင်း မှတ်တမ်းများအရ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စိုက်ဧက ၂၃၆၅၉ ဧက၊ မင်းဘူးမြို့နယ်တွင် ၁၅၄၀၂ ဒသမ ၉၇ ဧက၊ စလင်းမြို့နယ်တွင် ၆၀၅၂ ဧက၊ ကံမမြို့နယ်တွင် ၅၆၄၆ ဧက၊ မြို့သစ်မြို့နယ်တွင် ၅၁၅၈ ဧက၊ စေတုတ္တရာမြို့နယ်တွင် ၄၈၇၈ ဧက၊ မင်းတုန်းမြို့နယ်တွင် ၁၅၆၆ ဧက၊ ရေစကြိုမြို့နယ်တွင် ၃၇၈ ဧက၊ မြိုင်မြို့နယ်တွင် ၂၁၂ ဧက၊ ငဖဲမြို့နယ်တွင် ၁၄၆ ဧက၊ ပေါက်မြို့နယ်တွင် ၉၂ ဧက၊ ပခုက္ကူမြို့နယ်တွင် နှစ်ဧကတို့ အသီးသီးနစ်မြုပ်ခြင်းဖြစ်သည်။

"ရေနစ်မြုပ်သွားတဲ့နေရာတွေမှာ သီးနှံတွေပျက်စီးဆုံးရှုံးသွားတယ်ဆိုရင် အစားထိုးသီးနှံစိုက်ပျိုးနိုင်ဖို့အတွက် မြေပဲစိုက်လို့ ရတဲ့နေရာတွေမှာ ဝါဆိုပဲ(သုံးလပဲ)စိုက်မယ်။နောက်တစ်မျိုးက ပဲတီစိမ်းရှိမယ်။ ဝါရှိမယ်။ အစေ့ထုတ်ပြောင်းရှိမယ်။ အဲဒီသီးနှံ လေးမျိုးအစားထိုးစိုက်ပျိုးနိုင်ဖို့ ကျွန်တော်စဉ်းစားထားတယ်။ မျိုးစေ့ထောက်ပံ့မှုပါမယ်။ ဝန်ဆောင်မှုပါမယ်။ စေ့စပ်ညှိနှိုင်း ရှာဖွေပေးတာတွေပါမယ်ပေါ့။ အဲဒါတွေလုပ်ပေးမယ်။ အစားထိုးသီးနှံအချိန်မီစိုက်ပျိုးရေးနဲ့ တောင်သူနစ်နာဆုံးရှုံးမှုမရှိ စေရေးလုပ်မယ်"ဟု ရေနစ်မြုပ်မှုဆိုင်ရာရှေ့လုပ်ငန်းစဉ်အား မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းကပြောသည်။

စပါးသီးနှံမှာ ရေကျသွားလျှင်ပြန်ကောင်းလာနိုင်ပြီး ရေသွင်းလယ်နှမ်းများ ရက်ကြာကြာရေနစ်ပါက ပျက်စီးနိုင်ကာ ကုန်းတွင်းကျသည့်ယာနှမ်းများ မပျက်နိုင်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးက သုံးသပ်သည်။

"IRM က ပေးထားတဲ့ ဓာတ်မြေဩဇာတွေ အမြန်ထောက်ပံ့ထုတ်ပေးနိုင်ဖို့ တင်ပြတောင်းခံနေပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးထဲမှာ အိတ် ၂၄၀၀၀ ကျော်ရှိပါတယ်။ မြို့နယ်တွေမှာ ရောက်နေပါပြီ။ အသုံးချခွင့်၊ ဖြန့်ဝေခွင့်ပဲ လိုတော့တယ်။ ခွင့်ပြုမိန့်ရရင် ဖြန့်လို့ရပြီ။ ဓာတ်မြေဩဇာဖြည့်တင်းထောက်ပံ့တာရယ်၊ မျိုးစေ့ထောက်ပံ့မှုအပိုင်းနဲ့ ဖြည့်စွက်ဝန်ဆောင်မှု အပိုင်းတွေ ပေးနိုင်မယ်ဆိုရင် ဒီမြေယာတွေကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်မယ်။ နောက်ပြီးတော့ သီးနှံစိုက်ပျိုးစရိတ် ချေးငွေ တွေ အမြန်ဆုံးရရှိရေးအတွက် ထုတ်ပေးနိုင်မယ်ဆိုရင် တောင်သူတွေအတွက် ပိုအဆင်ပြေပြီးအထောက်အကူဖြစ်မှာပါ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

မကွေးတိုင်းဒေသကြီး၌ စပါး၊ နှမ်း၊ မြေပဲနှင့် အမည်စုံသီးနှံဧကပေါင်း ၄၅၀၀၀၀ ကျော် စိုက်ပျိုးထားသည့်အနက်မှ ဧကခြောက်သောင်းကျော် ရေနစ်မြုပ်ကာ မိုးရွာသွန်းမှုအခြေအနေအရ စာရင်းများဆက်လက် ပြုစု လျက်ရှိကြောင်း၊ ရေမြုပ်ဧက ခြောက်သောင်းကျော် အနက် စပါး ၄၆၆၀ ဒသမ ၄၉ ဧက၊ နှမ်း ၅၀၂၆၁ ဒသမ ၉၈ ဧက၊ မြေပဲ ၆၃၁ ဧက၊ ပဲတီစိမ်း ၅၂၉၆ ဒသမ ၅ ဧကနှင့် အခြားသီးနှံပေါင်း ၂၃၄၂ ဒသမ ၀၃ ဧကတို့ ရေနစ်မြုပ်ခြင်း ဖြစ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာ မှတ်တမ်းများအရ သိရသည်။

ဇေယျာတု(မကွေး)

မြစ်ကမ်းပါးပြိုမှုများအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ နည်းပညာကူညီပေးမည်

မန္တလေး ဇွန် ၁၅
မိုးရာသီမြစ်ရေတက်ချိန်တွင် ဖြစ်ပေါ်တတ်သည့် မြစ်ကမ်းပါးပြိုမှုများအတွက် အချို့ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများလုပ်ဆောင်ကြသဖြင့် ၎င်းကျေးရွာများသို့ ကွင်းဆင်း၍ နည်းပညာ ကူညီပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

ယခင် ၂၀၁၇ ခုနှစ်မိုးရာသီကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာလေးရွာခန့်၌ မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ၂၀၁၈ ခုနှစ် မေလကုန်ပိုင်းက ဖြစ်ပေါ်ခဲ့သည့်မုန်တိုင်းကြောင့် မိုးရွာသွန်းမှုများပြားခဲ့သဖြင့် စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာတွင် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"တချို့ရွာတွေက မြစ်ကမ်းပါးပြိုကျမှုတွေအတွက် ကိုယ်ထူကိုယ်ထစနစ်နဲ့ ကြိုတင်ကာကွယ်ရေးတွေ လုပ်ချင်ကြတယ်။ ဒီလိုလုပ်တဲ့အခါ နည်းစနစ်မမှန်ရင်ခဏပဲ။ ဒါကြောင့် ကျွန်တော်တို့က နည်းပညာကူညီတဲ့အနေနဲ့ ကျောက်ဆို ဘယ်လိုပုံစံချရမယ်။ ကမ်းထိန်းတွေ ဘယ်လိုပုံစံလုပ်ရမယ်။ သဲအိတ်တွေ ဘယ်လိုစီရမယ်ဆိုတာတွေကို ကွင်းဆင်းပြီး ဆောင်ရွက်ပေးသွားမယ်။ ကမ်းပြိုမှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်မယ့် သစ်ပင်စိုက်ပျိုးမှုတွေကိုလည်း လုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကူး၊ ပုသိမ်ကြီး၊ မတ္တရာ၊ မြင်းခြံနှင့် တံတားဦးမြို့နယ်များရှိ ကျေးရွာ ၁၈ ရွာတွင် မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရန်အတွက် လိုအပ်လျက်ရှိပြီး ၎င်းကျေးရွာများတွင် မြစ်ကမ်းပါးပြိုကျမှုများ ကာကွယ်ရန် ငွေကျပ်ငါးဘီလီယံကျော်ကို ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းခံထားကြောင်း သိရသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ကမ်းပါးပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပထမဦးစားပေးအနေဖြင့် ကျေးရွာပေါင်း ၁၈ ရွာ၊ ဒုတိယဦးစားပေးကျေးရွာပေါင်း ၂၆ ရွာ စုစုပေါင်းကျေးရွာ ၄၄ ရွာအတွက် တင်ပြတောင်းခံထားခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ရေစီးကြောင်းအနီး ပျားအုံများထားရှိခြင်း မပြုရန်နှင့် ကုန်းမြင့်ပိုင်းရေလွတ်ရာ ပြောင်းထားရန် နှိုးဆော်ထား

စစ်ကိုင်း ဇွန် ၁၅
လေတိုက်ခြင်း၊ မိုးရွာခြင်း ရေကြီးရေလျှံဖြစ်ခြင်းများကြောင့် ပျားအုံများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် မြေနိမ့်ပိုင်းများ၊ မြစ်ချောင်းတူးမြောင်းစသည့် ရေစီးကြောင်းအနီး ပျားအုံများထားရှိခြင်း မပြုရန်နှင့် ကုန်းမြင့်ပိုင်း ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ထားကြရန် နှိုးဆော်ထုတ်ပြန်ထားကြောင်းစစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်ထံမှ သိရသည်။

"ရွှေဘို၊ ဝက်လက်၊ ချောင်းဦးစတဲ့ရေသွင်းနှမ်းစိုက်ခင်းတွေမှာပျားပုံးတွေရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ဌာနနဲ့ပုဂ္ဂလိကပျားအုံ ငါးသောင်းလောက်ရှိ ပါတယ်။ပျားအုံအားလုံးက နှမ်းစိုက်ခင်းတွေမှာပဲရှိတာပါ။ စိုက်ခင်းတွေရေမြုပ်ရင်ပျားအုံရေမြုပ်တာတို့ ပျားအုံရေစီးကြောင်းမှာပါသွားတာ ရေဖုံးလွှမ်းသွားရင်ပျားတွေသေမှာစိုးတဲ့အတွက်ကြိုထုတ်ထားတာပါ။ ဘေးတွေ့တာတော့လောလောဆယ်မရှိပါဘူး။ အရင်နှစ်တွေကလည်းမရှိပါဘူး။ ရေစီးရေလာရှိတဲ့နားမှာထားတဲ့ ပျားပုံးတွေကိုလည်း ကုန်းမြင့်နေရာမှာပြောင်းထားကြဖို့ ကြိုတင်နှိုးဆော်ထားပါတယ်"ဟု ဦးမျိုးတင့်ကရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနအနေဖြင့် အဆိုပါထုတ်ပြန်ချက်ကို ခင်ဦး၊ ကလေး၊ မြင်းမူ၊ စစ်ကိုင်း၊ ဘုတလင်၊ ကနီနှင့်ထီးချိုင့်မြို့နယ်ပျားလုပ်ငန်းဦးစီးဌာနတာဝန်ရှိသူများထံပေးပို့အသိပေးထားပြီး ဝန်ထမ်းများအနေဖြင့် ပျားစခန်းနှင့်အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြရန် ညွှန်ကြားထားကြောင်း သိရသည်။

"ရွှေဘိုဘက်မှာ နှမ်းဧက ငါးသောင်းကျော်လောက်ရေမြုပ်တော့ အဲဒီဘက်မှာရှိတဲ့ ပျားအုံတွေကိုမြေမြင့်တဲ့ နေရာကုန်းတွေ ပေါ်ရွှေ့ထားပါတယ်။ မိုးများတော့ နှမ်းအပွင့်ကကြွေပြီးမရှိတော့ပါဘူး။ အဲဒါကြောင့် မဖြစ်ခင်ကတည်းက ကြိုတင်အသိပေး ရွှေ့ခိုင်းထားတာပါ။ မိုးလေဝသ နားမထောင်ဘဲ ဆက်ပြီးထားနေမှာစိုးလို့ပါ။ ရွှေ့ထားတဲ့ ကုန်းမြင့်ကလည်းဘာမှမရှိတဲ့ ကုန်းမြင့်မဟုတ်ဘူးပေါ့။ အနီးအနားမှာ ပဲစင်းငုံ၊ သံပရာ၊ ရှောက်ပင်စတဲ့ အပင်တွေရှိတဲ့နေရာတွေကို ပျားလုပ်တဲ့သူတွေကရှာထားကြရတာပါ"ဟု ဦးမျိုးတင့်က ဖြည့်စွက်ပြောကြားသည်။

အသိပေးညွှန်ကြားချက်တွင် ဝန်ထမ်းများနှင့် ပုဂ္ဂလိက ပျားမွေးမြူသူများအနေဖြင့် မိုးလေဝသအခြေအနေကို အမြဲနားထောင်လေ့လာကာ ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ကြိုတင်လုပ်ဆောင်ထားရန် ညွှန်ကြားထားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

နေပြည်တော်ကောင်စီရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၅
နေပြည်တော်ကောင်စီရုံး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ပိတောက်ပင်ကိုစိုက်ပျိုးပေးပြီး နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကိုစိုက်ပျိုးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဝန်ထမ်းများစုပေါင်းသစ်ပင်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် နေပြည်တော်ကောင်စီရုံး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ရင်းမာပင် စသည့်သစ်ပင်စုစုပေါင်း ၂၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

ဒီးမော့ဆိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ကယားပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှု

ဒီးမော့ဆို ဇွန် ၁၅

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်၌ ဇွန် ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ရှစ်ရွာအတွင်းရှိ အိမ်ခြေ ၁၂ အိမ် ရွှေ့ပြောင်းနေထိုင်ရခြင်း၊ နေအိမ် ခုနစ်အိမ် အမိုးလန်ပျက်စီးခြင်း၊ ဘုရားကျောင်း နှစ်ကျောင်း အမိုးလန်ပျက်စီးခြင်း၊ လူတစ်ဦး သေဆုံးခြင်း ဖြစ်ပွားခဲ့ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၁၄ ရက် ညနေ ၃ နာရီက ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆို ကျေးရွာအုပ်စု ဒီ/ကျေး (ဈေးကုန်း) ကျေးရွာသို့ သွားရောက်ကြည့်ရှုကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငွေတောင်ချောင်း ရေပြန်လည်ကျဆင်းသွားပါက မြေထိန်းနံရံ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ ချောင်းနံဘေးတည်ရှိသော ဒေါင်ခါး (၄) အခြေခံပညာမူလတန်းကျောင်းမှ ကလေးငယ်များ အန္တရာယ် မဖြစ်ပွားစေရေးအတွက် ချောင်းဘက်အခြမ်း အပာန့်အတားဖြစ်စေမည့် ခြံစည်းရိုးကာရံနိုင်ရေး ဆောင်ရွက်သွားရန်ကိုလည်းကောင်း မှာကြားသည်။

ထို့အပြင် လိုဘာခို ကျေးရွာအုပ်စု လိုဘာခို ကျေးရွာအတွင်း ရေကြီးမှုကြောင့် လက်ရှိအချိန်တွင် ရေနစ်မြုပ်လျက်ရှိသော စပါးဧက ၁၅၀ ပျက်စီးဆုံးရှုံးပါက ထောက်ပံ့ပေးအပ်နိုင်မည့် အစီအမံများကိုလည်း သက်ဆိုက်ရာဌာနမှ တင်ပြဆောင်ရွက်သွားရန်၊ လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ်အတွင်း လမ်းပျက်စီးမှုများနှင့်ပတ်သက်၍ ပြည်နယ်လမ်းဦးစီးဌာနမှ ရှင်းလင်းဆောင်ရွက်သွားရန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်မှုဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

ကိုစိုင်း(လွိုင်ကော်)

ကျေးရွာသစ်လုပ်ရှားမှုစီမံကိန်းများကို လူငယ်စွန့်ဦးပညာရှင်သင်တန်းသားများ လေ့လာ

နေပြည်တော် ဇွန် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကျွန်းကုန်းကျေးရွာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းဦး၊ ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း တိုင်းတာဝန်ခံ ဒေါ်လှလှဝင်း၊ ခရိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ လူငယ်စွန့်ဦးပညာရှင် သင်တန်းသား

သင်တန်းသူ ၆၄ ဦးတို့က ယနေ့ နံနက်ပိုင်းတွင် လာရောက်လေ့လာကြသည်။

သင်တန်းသား သင်တန်းသူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းလင်းက ကျွန်းကုန်းကျေးရွာအတွင်း နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလုပ်ငန်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများက သိလိုသည်များ မေးမြန်းကြရာ ကျွန်းကုန်းကျေးရွာ စီမံကိန်းကော်မတီ အတွင်းရေးမှူး ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် လူငယ်စွန့်ဦးပညာရှင် သင်တန်းသား သင်တန်းသူတို့သည် ကျွန်းကုန်းကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းကပ်ပေါင်များ ပြုလုပ်ထားခြင်း၊ ရေနုတ်မြောင်း တူးဖော်ထားခြင်း၊ ရေစင်နှင့် ရေသန့်စက် တည်ဆောက်ထားခြင်း၊ အိမ်တိုင်ရာရောက် ရေပေးဝေထားခြင်း၊ ကျေးရွာသုံးခန်းမတည်ဆောက်ထားခြင်းအပြင် ချေးငွေဖြင့် အစုအဖွဲ့လိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အစုလိုက် ဆပ်ပြာဆီ၊ အခဲများ ထုတ်လုပ် ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုကြရာ စီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သန့်မောင်

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွား

ဇလွန် ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဖားလက်ခိုကျေးရွာအုပ်စု ညောင်ပင်စုကျေးရွာ၌ ဇွန် ၁၄ ရက် ညနေ ၃ နာရီခွဲခန့်က ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့်မြစ်ကမ်းပါး အလျားပေ ၃၀၀၊ အနံပေ ၂၀၀ ခန့် တဖြည်းဖြည်းပြိုကျမှု ဖြစ်ပွားခဲ့သည်။

၎င်းကျေးရွာရှိ လူနေအိမ်စုစုပေါင်း ၃၃ လုံး ဖျက်သိမ်းခဲ့ရပြီး ၎င်းနေအိမ်များရှိ မိသားစုဝင် အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၀၃ ဦးတို့သည် ၎င်းတို့၏လုပ်စားမြေများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် ပြောင်းရွှေ့နေထိုင်နေကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲ ကျင်းပ

ပဲခူး ဇွန် ၁၅

ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ Win &Win သစ်အချောထည်စက်ရုံ၌ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသူ၏ ကျန်ရစ်သူမိသားစုအားအကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက ၎င်းစက်ရုံ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က လူမှုဖူလုံရေးရပိုင်ခွင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်တွင် ထိခိုက်မှုကြောင့်သေဆုံးသွားသူ ပဲခူးမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Win & Win သစ်အချောထည်စက်ရုံမှအာမခံအလုပ်သမား ဦးသန်းဇော်ဦး၏ကျန်ရစ်သူမိသားစုထံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အကျိုးခံစားခွင့် ငွေလုံးငွေရင်းထောက်ပံ့ငွေကျပ် ၃၂၄၀၀၀၀ အားပေးအပ်ခဲ့ပြီး Win &Win သစ်အချောထည်စက်ရုံမှ GM ဦးနေမင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၊ မိတ်ဖက်ဌာနများမှအရာရှိများ၊ Win & Win သစ်အချောထည်စက်ရုံတာဝန်ရှိသူများနှင့်စက်ရုံအလုပ်သမားများ၊ သေဆုံးသူ၏ကျန်ရစ်သူမိသားစုများတက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Win &Win သစ်အချောစက်ရုံမှ အာမခံအလုပ်သမား ဦးသန်းဇော်ဦးသည် ၂၀၁၈ ခုနှစ် ဧပြီ ၇ ရက်တွင် အချိန်ပို ၁ နာရီအလုပ်ဆင်းသည့်အချိန်တွင် မီးအားကျသဖြင့် ဘွိုင်လာထဲသို့ လောင်စာသစ်များပစ်ထည့်ပြီး ဘွိုင်လာတံခါးပိတ်နေစဉ် တံခါးပေါက်မှမီးများ ပြန်ကန်ထွက်လာသောကြောင့် ၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးမီးဟပ်ခံရသဖြင့်ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ကုသပြီး ထိုမှတစ်ဆင့်ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသနေစဉ် ဧပြီ ၂၇ ရက်တွင်သေဆုံးသွားခဲ့၍အလုပ်တွင်ထိခိုက်မှု(EI)အဖြစ်သတ်မှတ်ပြီး လူမှုဖူလုံရေးအဖွဲ့မှ ကျန်ရစ်သူအကျိုးခံစားခွင့်ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

Bangkok 2018 Asian Fencing Championships ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် Bangkok 2018 Asian Fencing Championships ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစား နှင့် ကာယပညာဦးစီးဌာန အသင်းအုပ်ချုပ်သူ၊ အဖွဲ့ခေါင်းဆောင် နည်းပြ၊ နည်းစနစ်မှူး ဒေါ်တင့်တင့်ဝင်း၊ ကစားသမား ဖြူဖြူအောင်နှင့် နန်းအိစိုးတို့သည် ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ Fencing အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်နှင့် အတွင်းရေးမှူး ဒေါ်မဥ္ဇူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများမှ နိုင်ငံပေါင်း ၃၃ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို)များ (၆၅)

ဆရာ တစ်ခုလောက်မေးပါရစေရှင့်။ သမီးအသက် ၃၅ နှစ်ပါ။ ရာသီလာတာ ရှစ်ရက်ရှိပါပြီ။ မပျောက်သေးလို့ပါ။ ရာသီလာတာလည်း များပါတယ်။ အားနည်းသလိုလည်း ခံစားလာရပါတယ်။ သွေးဆင်းရပ်အောင် ဆေးနည်းလေးပြောပြပေးပါရှင့်။

သားအိမ်သွေးဆင်းမရပ်လျှင် ပန်းလဲပွင့်ခြောက် လက်တစ်ဆုပ်ခန့်ကို ရေနွေးမတ်ခွက် တစ်လုံးနဲ့ ပြုတ်သောက်ပါ။ (တစ်နည်း) လက်ဖက်ခြောက် အဖန်ရည် ကျကျမတ်ခွက်တစ်လုံးမှာ သကြားသုံးဇွန်း ထည့်ဖျော်သောက်ပါ။ (တစ်နည်း) မီးကွင်းဂမုန်းရွက်ကိုထောင်း အရည်ညှစ်ပြီး အကြမ်းပန်းကန်တစ်လုံး သောက်ပေးရင်လည်း သွေးဆင်းရပ်ပါတယ်။ ပန်းပွင့်တွေမှာ ချုပ်တဲ့သတ္တိရှိတယ်။ ဝမ်းကိုက်ရောဂါ ကုသရာမှာလည်း အသုံးပြုနိုင်တယ်။ ဆရာကိုယ်တိုင် တစ်နှစ်ကြာခန့် ဝမ်းကိုက်သွေးပါ ရောဂါဖြစ်ရာ ပန်းလဲပွင့်ခြောက်ပြုတ်ရည်ကို ပျားရည်နဲ့ ရောစပ်သောက်ပြီး ပျောက်ကင်းဖူးပါတယ်။ ပရဆေးဆိုင်တွေမှာ ဈေးပေါပေါနဲ့ ဝယ်ယူရရှိနိုင်ပါတယ်။ သန့်စင်အောင် ဆေးကြောပြီးမှ သုံးစွဲပါ။

ရှင်နာဂသိန်ဆေးကျမ်းမှာတော့ ပန်းလဲပင်သည် အပွင့်နှင့်အခေါက်ကို သုံးရ၏။ အဆိပ်ကို ပယ်၏။ သည်းခြေကိုနိုင်၏။ သွေးအန်၊ သွေးကျနှင့် ဝမ်းသက်ရောဂါပျောက်၏။ အပွင့်၏ ပြုတ်ရည်ကို သုံးရက်ဆက်တိုက်ကျွေးလျှင် မီးယပ်သွေးလွန်ရောဂါပျောက်၏။ အပင်သည် ဖန်စပ်၏။ အေး၏။ ကြေညက်လွယ်၏။ ရစ်မူးစေတတ်၏။ ရေငတ်ခြင်း၊ ဝမ်းသက်ခြင်း၊ သွေးအန်၊ သွေးကျ၊ အဆိပ်သင့်၊ ပိုးရောဂါ၊ သွေးဒေါသ၊ အနာပေါက်နှင့် ရေယုန်ရောဂါတို့ကို ပျောက်စေ၏ဟု ဆိုထားပါသည်။ (ပန်းလဲပွင့်သည် အညာတွင် နေပူပြင်းသောကာလတွင် နီရဲသောအပွင့်များပွင့်သော လှပသည့် အပင်မျိုးဖြစ်သည်။ အနောက်တိုင်း အဆိုအရ ပန်းလဲပွင့်ထဲမှာ Tannins ၂၀ ရာခိုင်နှုန်းပါတယ်လို့ ဆိုပါတယ်။ ဆိုးဆေး dye အဖြစ် အသုံးပြုတယ်။ အပွင့်ပွင့်ချိန်မှာ ကြွေကျတာကို ကောက်ယူပြီးအခြောက်ခံထားရင် ပရဆေးပစ္စည်းအဖြစ် ဈေးကွက်ဝင်ပါတယ်။ အချို့က ဉယျာဉ်တွေမှာ စိုက်ပျိုးထားကြပါတယ်။ မြေပြန့်ထက် တောင်စောင်း တောင်ကမ်းပါးယံတွေမှာ ပိုပေါက်ပါတယ်။ အလွန်ကိုင်းဖြာတဲ့ ချုံပင်ကြီးမျိုးဖြစ်ပြီး ဖေဖော်ဝါရီလလောက်က စပြီးပွင့်တယ်။ သင်္ကြန်နားနီးရင်တော့ တစ်ပင်လုံး ရဲရဲနီအောင်ပွင့်တယ်။ အဲဒီအချိန်ဆို အရွက်တောင်မရှိတော့ပါ။ နီရဲပြီး အလွန်လှပါတယ်။ အလောင်းတော်ကဿပ သွားရာလမ်းတစ်လျှောက်နှင့် ပုံတောင်ပုံညာနှင့် ချင်းတောင်တန်းတွေပေါ်မှာ အလွန်ပေါများစွာတွေ့ ရပါတယ်)

Ref; Dr. Thet Naing Oo; Botanist

ဆရာ မင်္ဂလာပါ။ ကျွန်တော့်အသက် ၄၇ နှစ်ပါ။ ညဘက်တွေမှာ ဆီးသွားများနေလို့ပါဆရာ။ ဆီးသွားများတော့ ညအိပ်လို့မပျော်တော့ပါ။ သက်သာစေမယ့် ဆေးနည်းရှိရင် ပြောပြပေးပါခင်ဗျာ။

ဆီးလွန်ရောဂါ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားပါ။ မာလကာအရွက်ကို ထန်းလျက်နဲ့ရေကျို မတ်ခွက်တစ်လုံးစာ နေ့စဉ်သောက်ပါ။ ထောပတ်ထမင်းချက်စားပါ။ အုန်းသီးအဆန်နဲ့ ထန်းလျက်ကိုစားပေးပါ။ ငှက်ပျောသီးအစိမ်း၊ ငှက်ပျောအူတိုင်ကို ဟင်းချက်စားလျှင် ဆီးထိန်းနိုင်ပါတယ်။ ဆီးခုံတွင် မင်းကွတ်သီးအခွံသွေးလိမ်းလျှင် ဆီးထိန်းနိုင်ပါတယ်။

ဆရာကြီးခင်ဗျာ၊ နားအထက်က အကြောကို ဘလိတ်ဓားနဲ့ ဖြတ်ရင် လေမဖြတ်ဘူးဆိုတာ မှန်ပါသလား ခင်ဗျာ။ ကျွန်တော်တို့နယ်ဘက်မှာ လက်မှတ်ရမရတော့ မသိပါ။ ဗမာဆရာ တစ်ယောက်ရောက်လာပြီး လေမဖြတ်အောင် နားကြောဖြတ်ပေးနေတာ လူအတော်များများသွားကြပါတယ်။ အခကြေးငွေတော့ မသတ်မှတ်ပါ။ သဒ္ဓါကြေးလို့ပြောပါတယ်။ လုပ်သင့်ပါသလား၊ ဆိုးကျိုးများရှိပါသလား ဆရာ။

လေမဖြတ်အောင် နားကြောဖြတ်တယ်ဆိုတာ ဘယ်ဆေးကျမ်းမှာမှ မဖော်ပြပါ။ ငွေရပေါက်ရှာတဲ့ ဆရာတု၊ ဆရာယောင်တွေ လုပ်တာပါ။ လွန်ခဲ့တဲ့နှစ်က စစ်ကိုင်းဘက်မှာ နားကြောဖြတ်ဖူးသူ တစ်ယောက် လေမဖြတ်ဘူးဆိုပြီး ဝက်သားနဲ့ မှျစ်ချဉ်ချက်စားရာက လေဖြတ်ပြီး မန္တလေးဆေးရုံကြီးရောက်လာတာ တွေ့ရဖူးပါတယ်။ ကျန်းမာရေး ဗဟုသုတနည်းတဲ့ နယ်ဘက်တွေမှာ ဆရာတု ဆရာယောင်တွေ၊ ဘိုးတော်တွေ၊ လူလိမ်တွေ ရောက်လာတတ်ပါတယ်။ အထူးသတိထားပါ။ နားကြောဖြတ်တာ အခန့်မသင့်ရင် မေးခိုင်ပိုးလည်း ဝင်နိုင်ပါတယ်လို့ဆရာကြီးများပြောပါတယ်။

ဆရာကြီးခင်ဗျာ၊ ကျွန်တော့်မျက်နှာမှာ ဝက်ခြံတွေ ပေါက်နေပါတယ်။ ပေါက်တာလည်း နှစ်ချီနေပါပြီ။ မျက်နှာသစ်ဆေးတွေလည်း စုံနေပါပြီ။ ဘာမှထူးခြားမလာတဲ့အပြင် ပိုပိုပြီးများလာတယ်လို့တောင်ထင်ပါတယ်။ ဆေးနည်းကောင်းလေးများရှိရင် မျှပါဆရာ။

အငန်လျှော့စား၊ အဆီလျှော့စား အိပ်ရေးပျက်ရင် ထွက်နေမှာပဲ။ ညအိပ်ရာဝင် ဆားခါးနဲ့ သံပရာရည် စပ်သောက်ပါ။ ညစဉ်သောက်ပါ။ ကျောက်ချဉ်စိမ်ထားတဲ့ ရေနဲ့ သနပ်ခါးသွေး ညအိပ်ရာဝင် လိမ်းအိပ်ပါ။ လက်သွေးခဲမသုံးပါနဲ့။ ရှားစောင်းလက်ပပ်ကို မျက်နှာမည်းတဲ့ နေရာတွေမှာ ကပ်ပေးပါ။

ဆရာ မင်္ဂလာပါ။ တစ်ခုလောက်မေးပါရစေ။ ကျွန်တော် နှာခေါင်းသွေးခဏခဏယိုတတ်လို့ပါ။ ဘာကြောင့် နှာခေါင်းသွေးယိုရပါသလဲ။ နှာခေါင်းသွေးမယိုအောင် အမြစ်ပြတ်ကုသလို့ ရမလား။

နှာခေါင်းသွေးယိုတာကို အခုခေတ်မှာ Game ကစားတဲ့ ကလေးတွေမှာ အဖြစ်များပါတယ်။ လျှပ်စစ်သံလိုက်စီးကြောင်းတွေနဲ့ ထိတွေ့ရတာဆိုတာကြောင့်လည်း ဖြစ်တယ်ဆိုပါတယ်။ ရိုးရာဆေးပညာ အယူကတော့ ဝမ်းထဲမှာ လေပူများပြီး အထက်ကိုလှန်တင်တဲ့အခါ နှာခေါင်းသွေးလျှံ တတ်ပါတယ်။ ရေခဲရေ အသောက်များသူတွေမှာလည်း လေပူအထက်ဆန်တတ်ပါတယ်။

ဆေးမြီးတို- နှာခေါင်းသွေးလျှံရင် နားနောက်က ချိုင့်ခွက်လေးမှာ ရေခဲကပ်ပေးရင် ရပ်သွားနိုင်ပါတယ်။ (လက်တွေ့ပါ)။ ရေခဲမရှိရင် အဝတ်ရေအေးဆွတ်ကပ်ပေးပါ။

- မာလကာရွက်ခူးပြီး ချေပြီးရှူပေးပါ။

-ရေခွက်ကြီး၊ ဇလုံထဲမှာ ရေအေးထည့် ဆားတစ်ဇွန်းထည့်ဖျော်ခေါင်းငုံ့ပြီး ရေကိုရှူသွင်း။ မရှူရင်လည်း ဆားရည်ထဲမှာ နှာခေါင်းကို နှစ်လိုက်ဖော်လိုက်လုပ်ပေးရင် ရပ်သွားမယ်။ ရေရှူတဲ့ လေ့ကျင့်ခန်းကို နေ့စဉ်လုပ်ပေးရင် နှာခေါင်းသွေးလျှံရောဂါပျောက်နိုင်တယ်လို့ သိမ်ဖြူဆေးကျမ်းမှာ ဖတ်ဖူးတယ်။

ဆရာ မင်္ဂလာပါရှင့်။ ကျွန်မရဲ့ လက်ဖဝါးတွေက ၂၄ နာရီ အမြဲနွေးနေတာပါရှင့်။ အဲဒါ ဘာဖြစ်လို့ပါလဲရှင့်။ ကျန်းမာရေးကို ထိခိုက်စေပါသလား။ ကျေးဇူးပြု၍ ဖြေကြားပေးပါရှင့်။

ရေကျက်အေးသောက်ပါ။ ရေနွေးကြမ်းသောက်ပါ။ မြင်းခွာရွက် လက်ဖက်ခြောက်သောက်ပါ။ ငယ်ထိပ်ကို ညအိပ်ရာဝင် အုန်းဆီလိမ်းအိပ်ပါ။ ငယ်ထိပ်ပိတ်ရင် လက်ဖဝါးပူတတ်ပါတယ်။

ဆရာခင်ဗျာ၊ လေးစားစွာဖြင့် မေးပါရစေခင်ဗျာ။ ကျွန်တော်ဟာ ဆီးချိုအမျိုးအစား ၂ ဖြစ်ပြီး ဆေးသောက်နေပါတယ်။ အင်္ဂလိပ်ဆေးပါ။ ယခု ကျွန်တော်ရဲ့ ခြေဖဝါး နှစ်ဖက်ဟာထုံသလိုလို၊ နင်းရင်လည်း ခုနေသလိုမျိုးခံစားရပြီး ထိတာတော့အကုန်သိပါတယ် ဆရာ။ တစ်လလောက်ရှိပါပြီဆရာ။ ဘယ်လိုတွေ ဆောင်ရွက်ရမယ်ဆိုတာ ညွှန်ကြားပေးပါရန် လေးစားစွာဖြင့် တောင်းပန်ပါတယ်ဆရာ။

ဆီးချိုဖြစ်သူတိုင်း ဖြစ်လေ့ရှိပါတယ်။ ခြေဖဝါး ဆားပွတ်၊ ဒူးအထက်မှ ရေလောင်း ခြေဆေးအိပ်ပါ။

ဆေးခါးကြီးပင်ခေါ် ရှမ်းဆေးခါးပင်ပြုတ်ရည် အကြမ်းပန်းကန်တစ်လုံးစာ နံနက်၊ ညသောက်ပေးရင် ဆီးချို ထုံကျင်ရောဂါပျောက်ပါတယ်။ ပရဆေးဆိုင်မေးဝယ်ပါ။

ဆရာရှင့်၊ အိမ်မှာ ပုရွက်ဆိတ်တွေများလွန်းလို့ ဘယ်လိုလုပ်ရမယ်ဆိုတာ လမ်းညွှန်ပေးပါရှင့်။ အဝတ်ဗီရိုထဲပါလာနေလို့ပါ။ တစ်နေ့ နှစ်ကြိမ်ကြမ်းတိုက်ဆေးဖြန်းလုပ်၊ နန္နင်းမှုန့်တွေ လိုက်ချလည်းမရလို့ပါ။ ကျေးဇူးတင်ပါတယ်ရှင့်။ အိမ်က တစ်ထပ်တိုက်အိမ်အမျိုးအစားပါ။

အိမ်ထောင့်အခြေများမှာ ဆားပုံပေးပါ။ တောရွာတွေမှာဆို အိမ်တိုင်ခြေတွေမှာ ပြာပုံပေးလေ့ ရှိပါတယ်။

ဆရာခင်ဗျာ၊ အသည်းခြောက်သည်ဟု (ဆေးစစ်ချက်အရ) ဆိုသောရောဂါ ဗိုက်ပူနေခြင်းအား အခြေအနေနှင့်မည်သို့နေထိုင် ကုသသင့်ကြောင်း အကြံဉာဏ်လေးပေးပါဆရာ။

အသည်းခြောက်ဖြစ်စပြုလာရင် ခါကျစ်ဥဖျော်ရည် နေ့စဉ် သောက်ပါ။ သင်္ဘောရွက်ပြုတ်ရည် မတ်ခွက် တစ်ခွက်စာမှာ ပျားရည်တစ်ဇွန်းစပ်သောက်ပါ။ နေ့စဉ်သောက်ပါ။ အသားစားခြင်း၊ အထူးသဖြင့် ခြေလေးချောင်းအသား လုံးဝရှောင်ကြဉ်လိုက်ပါ။ အသက်ရှည်ပါလိမ့်မည်။ နံနက်စောစောအစာကို ဂေါ်ဖီထုပ်။ ဂေါ်ဖီပွင့်စိမ်း ကြက်ဥနှင့် ကြော်စားပါ။ ကော်ဖီမသောက်ပါနှင့်။ ညစာကို ငါးဆန်ပြုတ်သောက်ပါ။ ထမင်းညစာ မစားပါနှင့်။ တမာရွက်၊ တမာခေါက်ပြုတ်ရည်နှင့် ရေချိုး။ ကနဖော့ရွက်ပြုတ်သုပ်စားလျှင် အဖောကျသည်ဟုဆိုပါသည်။

မင်္ဂလာပါဆရာ၊ နားနဲ့မနာ ဖဝါးနဲ့နာပါ။ ကူညီပါဦးဆရာ။ ကျွန်တော့်ခွေးမလေး ကလေးပေါက်တာ နို့ထွက်နည်းလို့ နို့ထွက်ကောင်းအောင် ဘာဆေးတိုက်ရမလဲ ဘာအစာကျွေးရမလဲ ခင်ဗျာ။

နွားမြီးဝယ် မီးဖုတ်ပြီး ပြုတ်တိုက်ပါ။ နွားမြီးနို့ထွက်ဆေး စလေဦးပုညနည်းပါ။ မိခင်တွေအားလုံး တိုက်လို့ရပါတယ်။

မင်္ဂလာပါဆရာ။ သမီးမေးစရာလေးရှိလို့ခွင့်ပြုပါ။ ကိုယ်ဝန် ငါးလလောက်မှာ ရွှေသွင်းတာ တိုင်းရင်းဆေးနည်းပညာနဲ့ အဆင်ပြေပါသလားဆရာ။ ကလေးရော မိခင်ပါ ကျန်းမာရေးကောင်းပြီး ဉာဏ်ကောင်းတယ်လို့ ပြောလို့ပါ။ ဖြေပေးပါဆရာ။ ကျေးဇူးတင်ပါတယ်။

ဘယ်နေရာကို သွင်းတာပါလဲ၊ ရွှေက သွေးကြောအတွင်း ရောက်သွားရင်တော့ တစ်သက်ပြန် မထွက်နိုင်လို့ အနောက်တိုင်းက ကန့်ကွက်ပါတယ်။ ကင်ဆာဖြစ်နိုင်တယ်လို့ စာတမ်းဖတ်ပွဲတစ်ခုမှာ ဆေးဝါးတက္ကသိုလ်ပါမောက္ခက ထပြောတာ တွေ့ဖူးပါတယ်။ တိုင်းရင်းဆေးပညာမှာလည်း ရွှေသွင်းပညာ သင်ကြားခဲ့တာ မရှိခဲ့ပါ။ အရပ်သုံးဆေးမြီးတိုမှာတော့ ပူတဲ့ရာသီမှာ ငှက်ပျောသီးအခွံနွှာ အသားမှာ ရွှေဆိုင်းအရွက်ကို ကပ်ပြီးစားပါတယ်၊ ဒါကလည်း အသက် ၇၀ ကျော် အဘိုးအဘွားတွေပဲ စားရပါတယ်၊ ငွေရလိုမှုနဲ့တိုင်းရင်းဆေးအမည်ခံ လုပ်ဆောင်တာတွေရှိလို့ သတိထားပါ။

ဆရာ၊ သားအသက်က ၁၇ နှစ်ပါ။ ပေါင်ချိန်က ၁၄၁ ပါ။ အရပ် ၅ ပေ ၅ လက်မ ပါ။ ခဏခဏ ဗိုက်ဆာတတ်ပါတယ်။ စားပြီး ၁ နာရီလောက်ဆိုပြန်ပြန်ဆာလာပါတယ်။ ဆရာပေးတဲ့ဆေးလည်း သောက်ပါတယ်။ လေက လုံးလုံးတော့မပျောက်သေးပါ။ အစာအိမ်မှာ အက်စစ်များနေတာလားမသိပါ။ အဲဒါ ဆေးနည်းလေး ပေးပါဦးဆရာ။

ထမင်းရည်ထဲမှာ ပျားရည်တစ်ဇွန်းထည့်သောက်ပါ။ အစာအိမ်အူသိမ်နာ ပျောက်ပါတယ်။ အူသိမ်နာက ဗိုက်ဆာရင် နာပါတယ်။ အစာစားပြီးတိုင်းပျားရည် တစ်ဇွန်းနဲ့ ရှောက်ရည် သုံးဇွန်း စပ်သောက်ကြည့်ပါ။ အစာစားပြီးတိုင်း ချက်ချင်း ရေအေးမသောက်ပါနဲ့။ ဖီးကြမ်းငှက်ပျောသီးနဲ့ ထန်းလျက်ခဲ စားရင်လည်း ရင်တောင့်တာသက်သာစေနိုင်ပါတယ်။ ရင်ဘတ်ကို မုန်ညင်းဆီခပ်နွေးနွေးလိမ်းပေးပါ။ အူမကြီး ထိပ်က လေနာဆိုရင်တော့ လေဆေးသောက်ပါ။ လေမျိုးရှစ်ဆယ်လေဆေး (ပရဆေးဆိုင်မေးဝယ်) ရှောက်သီးအရည်နဲ့ စပ်ဖျော်သောက်ပါ။ ။

ကမ္ဘာ့ဖလားဖွင့်ပွဲဖျော်ဖြေမှုကြောင့် ဝေဖန်ခံနေရတဲ့ ရော်ဘီဝီလီယမ်

ဗြိတိန်နာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ ရော်ဘီဝီလီယမ်ဟာ ဇွန် ၁၄ ရက်က ရုရှားမှာ ပြုလုပ်ခဲ့တဲ့ ကမ္ဘာ့ဖလားဖွင့်ပွဲမှာ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ ဒီလို ဖျော်ဖြေခဲ့ပြီး ဖျော်ဖြေမှုပြီးခါနီးမှာ ရော်ဘီဝီလီယမ်ဟာ ကင်မရာဘက်ကိုလှည့်ကာ ပြုလုပ်ပြခဲ့တဲ့ အပြုအမူကြောင့် လတ်တလောမှာတော့ ဝေဖန်ခံနေရတာဖြစ်ပါတယ်။

အသက် ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်ဟာ ကင်မရာဘက်ကို လှည့်ကာ တည့်တည့်ကြည့်ပြီး သူ့ရဲ့ လက်ခလယ်ကို ထောင်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုအပြုအမူဟာ ဆဲဆိုတဲ့သဘော သက်ရောက်တာမို့ မီဒီယာတွေက ရော်ဘီဝီလီယမ်ဟာ မသင့်လျော်တဲ့အပြုအမူကို ပြုလုပ်ခဲ့သူဖြစ်ကြောင်း ဝေဖန်ခဲ့ကြတယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဒီအပြုအမူကြောင့် ပေါ့ပ်ကြယ်ပွင့်ဟာ ဒဏ်ငွေဆောင်ရဖွယ် ရှိနေကြောင်းလည်း မီဒီယာအချို့က ရေးသားဖော်ပြခဲ့ပါတယ်။ ပရိသတ်တစ်ဦးကတော့ "ရော်ဘီဝီလီယမ်က သူ့ရဲ့လက်ခလယ်ကို တစ်ကမ္ဘာလုံးကို ပြသလိုက်တဲ့ အချိန်မှာတော့ အတော်လေးအံ့အားသင့်သွားခဲ့ရပါတယ်"လို့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

မော်စကိုမှာရှိတဲ့ လုဇ်နီကီကွင်းမှာ ပြုလုပ်ခဲ့တဲ့ ဖွင့်ပွဲမှာ ရော်ဘီဝီလီယမ်ဟာ ရုရှားအော်ပရာတေးသံရှင် အီဒါဂါရီဖူးလီနာနဲ့ တွဲဖက်ကာ သူ့ရဲ့ကျော်ကြားတဲ့ တေးသီချင်း "Angels" ကို စုံတွဲသီဆိုခဲ့တာဖြစ်ပါတယ်။ ဝီလီယမ်ဟာ ပြီးခဲ့တဲ့ နှစ်နှစ်ခန့်ကလည်း ရုရှားနဲ့ ပတ်သက်ပြီး အငြင်းပွားစရာ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒါကတော့ သူ့ရဲ့တေးသီချင်း "Party Like a Russian" အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့စဉ်ကဖြစ်ပါတယ်။

ရော်ဘီဝီလီယမ်ဟာ ပြီးခဲ့တဲ့ တနလ်ာနေ့က သူ့ရဲ့ ကမ္ဘာ့ဖလားဖျော်ဖြေမှုကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့စဉ်က ဒီလိုဖျော်ဖြေခွင့်ရခဲ့ခြင်းဟာ သူ့ရဲ့ငယ်အိပ်မက်ဖြစ်ကြောင်းနဲ့ ဒီဖျော်ဖြေပွဲကို သူ့အနေနဲ့ ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ ကွင်းအပြည့်လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ် ရှစ်သောင်းခန့်နဲ့ ကမ္ဘာတစ်ဝန်း တိုက်ရိုက်ထုတ်လွှင့်ပြသမှုအတွင်း ကြည့်ရှုအားပေးခဲ့ကြသူ သန်းပေါင်းများစွာရဲ့ ရှေ့မှာ ဖျော်ဖြေပေးခဲ့တာဖြစ်ပါတယ်။

အမေရိကန်အေဂျင်စီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုလိုက်တဲ့ တစ်ဖန်နီ

အေးပြည့် ရေးသားသည်

တောင်ကိုရီးယားရဲ့ နာမည်ကျော် အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တစ်ဖန်နီဟာ လတ်တလောမှာတော့ အမေရိကန်အေဂျင်စီတစ်ခုနဲ့ တေးအယ်လ်ဘမ်သစ်အတွက် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။ ဒီလို အေဂျင်စီသစ်နဲ့ တေးဂီတလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရာ ရည်ရွယ်ထားတဲ့ တစ်ဖန်နီဟာ လာမယ့်နွေရာသီအတွက် တေးအယ်လ်ဘမ်သစ်ကိုလည်း ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တစ်ဖန်နီဟာ အမေရိကန်ရဲ့ အောင်မြင်တဲ့ တေးဂီတအေဂျင်စီတစ်ခုဖြစ်တဲ့ Paradigm နဲ့ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ဒီအကြောင်းကိုတော့ အဆိုပါအေဂျင်စီက သူနဲ့တေးဂီတလှုပ်ရှားမှုတွေ လုပ်ဆောင်သွားကြမယ့် တေးသံရှင်တွေရဲ့အမည်ကို တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာ တစ်ဖန်နီလည်း ပါဝင်နေတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။

ဒီအကြောင်းတွေကို တစ်ဖန်နီကလည်း ပြီးခဲ့တဲ့ ဇွန် ၁၃ ရက်မှာ သူ့အနေနဲ့ Paradigm အေဂျင်စီနဲ့ စာချုပ်ချုပ်လိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ယင်းအေဂျင်စီရဲ့အောက်မှာတော့ သူဟာ တစ်ဖန်နီယန်းဆိုတဲ့ အမည်နဲ့ တေးသီချင်းတွေ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

Paradigm Talent အေဂျင်စီဟာ အမေရိကန်ရဲ့ အဓိကအေဂျင်စီတွေအနက် တစ်ခုဖြစ်ပါတယ်။ သူ့ရဲ့ လက်အောက်မှာတော့ ကျော်ကြားတဲ့ ကမ္ဘာကျော် တေးသံရှင်တွေဖြစ်ကြတဲ့ ကိုးဒ်ပလေး၊ အက်ဒ်ရှီရန်၊ ဂျက်ဆင်မက်ဇ်စတဲ့ တေးသံရှင်တွေလည်း တေးသီချင်းသစ်တွေ ဖန်တီးထုတ်လုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ရိုးရိုးလေးနဲ့ လှနေတဲ့ ယွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ယွန်နဟာ လတ်တလောမှာတော့ "Allure" မဂ္ဂဇင်းကြီးအတွက် မျက်နှာဖုံးဓာတ်ပုံတွေကို ရိုက်ကူးပေးခဲ့တာ တွေ့ရပါတယ်။ အဆိုပါ ဓာတ်ပုံတွေမှာတော့ ယွန်နဟာ မိတ်ကပ်ထူထူတွေ မလိမ်းဘဲ ပေါ့ပါးတဲ့အသွင်နဲ့ ရိုးရိုးလေးလှနေတာကို တွေ့ခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

အဆိုပါမဂ္ဂဇင်းကြီးရဲ့ ဇူလိုင်လထုတ် မဂ္ဂဇင်းမျက်နှာဖုံးမှာတော့ "Girls' Generation" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယွန်နကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ သဘာဝအတိုင်း လှပနေတဲ့ဟန်မျိုး ဖန်တီးရိုက်ကူးခဲ့တာဖြစ်ပေမယ့် မျက်နှာဖုံးရှင် ယွန်နရဲ့ တောက်ပမှုအရှိန်ကတော့ လျော့သွားခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။ ဒီမဂ္ဂဇင်းကြီးမှာ ယွန်နနဲ့ ပြုလုပ်ထားတဲ့ အင်တာဗျူးတစ်ခုလည်း ပါဝင်နေပါတယ်။

ဆယ်လီနာဂိုမက်ဇ်အတွက် တုံ့ပြန်ပေးခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်

ပေါ့ပ်ကြယ်ပွင့်တွေ ဖြစ်ကြပြီး ပုဂ္ဂိုလ်ရေးအရလည်း ခင်မင်သူတွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ မိုင်လီဆိုင်းရပ်စ်ဟာ လတ်တလောမှာ သူတို့နှစ်ဦးရဲ့ ခင်မင်မှုကို ထုတ်ဖော်ပြသခဲ့ပြီ ဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ကို ရုပ်ဆိုးတယ်လို့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဝေဖန်ရေးသားခဲ့တဲ့ ဒီဇိုင်နာတစ်ဦးကို မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်က နေတစ်ဆင့် ပြန်လည်တုံ့ပြန်ရေးသားဖော်ပြခဲ့ကာ ဆယ်လီနာဘက်က အကာအကွယ် ပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၃ ရက်မှာတော့ အီတလီရဲ့ အလွန်ကိုကျော်ကြားတဲ့ ဒီဇိုင်နာတစ်ဦးဖြစ်သူ စတီဖာနိုဂတ်ဘာနာက ဆယ်လီနာဂိုမက်ဇ်ရဲ့ ဖက်ရှင်ပြပွဲတစ်ခုမှာ ပါဝင်လျှောက်လှမ်းခဲ့တဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြထားတဲ့ ဓာတ်ပုံရဲ့ အောက်မှာ အရုပ်ဆိုးကြောင်း ဝင်ရောက်ရေးသားခဲ့တာ ဖြစ်ပါတယ်။ ဒီလို စတင်ဝေဖန်ခဲ့ပြီးနောက်မှာပင် သူ့ရဲ့ရေးသားမှုကို မီဒီယာတွေက ပြန်လည်ဖောက်သည်ချခဲ့တာကြောင့် ဒီလိုရေးသားဖော်ပြမှုဟာ အများကြားမှာ ပြောစရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ဇွန် ၁၅ ရက်မှာတော့ ဒီဇိုင်နာက သူ့ရဲ့ ဝေဖန်ခဲ့တဲ့ စာသားတွေကို ပြန်လည်ဖျက်သိမ်းခဲ့ပါတယ်။

ဒါပေမယ့် ဆယ်လီနာဂိုမက်ဇ်အပေါ် ဒီလိုဝေဖန်ခဲ့တာကို ငယ်စဉ်ကတည်းက သူငယ်ချင်းတွေအဖြစ် ခင်မင်လာခဲ့သူတစ်ဦးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ကတော့ သူငယ်ချင်းကိုယ်စား ပြန်လည်တုံ့ပြန်လိုက်တာ တွေ့ရပါတယ်။ မိုင်လီဆိုင်းရပ်စ်က အီတလီဒီဇိုင်နာရဲ့ ပြောကြားချက်တွေဟာ မှားယွင်းကြောင်း သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာပါ။ ဒီလို တုံ့ပြန်ရေးသားဖော်ပြခဲ့ရာမှာတော့ မိုင်လီဆိုင်းရပ်စ်ဟာ ကြမ်းတမ်းတဲ့ စကားလုံးတွေကို ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီအဖြစ်အပျက်အတွင်း ဆယ်လီနာဂိုမက်ဇ်ဘက်က ရပ်တည်ကာ တုံ့ပြန်ပေးခဲ့တာ မိုင်လီဆိုင်းရပ်စ် တစ်ဦးတည်း မဟုတ်ပါဘူး။ ဆယ်လီနာဂိုမက်ဇ်ရဲ့ "13 Reasons Why" အစီအစဉ်မှာ ပါဝင် သရုပ်ဆောင် တစ်ဦးဖြစ်တဲ့ တွမ်မီဒေ့ါဖ်မန်းကလည်း အီတလီဒီဇိုင်နာကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပြန်လည်ဝေဖန်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အီတလီဖက်ရှင် ဂုရုတစ်ဦးဖြစ်တဲ့ စတီဖာနိုဂတ်ဘာနာအနေနဲ့ ဝေဖန်ခဲ့တာ ယခုလအတွင်းမှာတော့ ဆယ်လီနာဂိုမက်ဇ် တစ်ဦးတည်း မဟုတ်ပါဘူး။ ဇွန်လအစပိုင်းမှာလည်း သူက ကိတ်ထ်မို့စ်ရဲ့ စိန့်ထ်လောရန့်စ်ဝတ်စုံ ဝတ်ဆင်ရိုက်ကူးထားတဲ့ ဓာတ်ပုံအောက်မှာ "No"လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြခြင်းအားဖြင့် သူဟာ အဆိုပါ ဓာတ်ပုံကို မနှစ်သက်ကြောင်း ရည်ညွှန်းရာ ရောက်နေပါတယ်။

ဆည်ရေတွေ ဖောက်ချတာကြောင့် ရေကြီးတယ်ဆိုတာ လုံးဝမှန်ကန်မှုမရှိဘဲ နားလည်မှုလွဲမှားခြင်းသာဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း – သီသီမင်း၊ ဓာတ်ပုံ – ကောင်းမြတ်သိန်း

မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် ရေလှောင်တမံများနှင့် ပတ်သက်၍ ကောလာဟလ သတင်းအချို့ ပျံ့နှံ့လျက်ရှိရာ ပြည်သူများ စိုးရိမ်ပူပန်မှုများရှိနေသည်ဟု ကြားသိရသည့်အတွက် လက်ရှိရေလှောင်တမံများနှင့် ပတ်သက်၍ အဖြစ်မှန်သိရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝေနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

မေး။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ဆည် အရေအတွက်နဲ့ လက်ရှိရေပိုလွှဲမှ ရေကျော်စီးထွက်နေတဲ့ ဆည် အရေအတွက်ကို သိပါရစေ။

ဖြေ။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းမှာ တည်ဆောက် ထိန်းသိမ်းထားတဲ့ ရေလှောင်တမံပေါင်းက ၂၃၅ ခုရှိပါတယ်။ ဒီရေလှောင်တမံတွေထဲကမှ ဇွန် ၁၄ ရက်မှာ ရေလှောင်တမံ ၃၂ ခုက ကန်ရေပြည့်မှတ်ထက် ကျော်လွန်ပြီး ရေပိုလွှဲကနေ ရေကျော်စီးထွက်လျက်ရှိပါတယ်။ အဲဒီရေလှောင်တမံတွေကတော့ ချင်းပြည်နယ်မှာ တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ခြောက်ခု၊ ပဲခူးတိုင်းဒေသကြီးမှာ လေးခု၊ မကွေးတိုင်းဒေသကြီးမှာ ရှစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှာ ခြောက်ခု၊ ရခိုင်ပြည်နယ်မှာ သုံးခုနဲ့ဧရာဝတီတိုင်းဒေသကြီးမှာ လေးခု တို့ပဲဖြစ်ပါတယ်။

မေး။ ။ဒီရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တချို့မှာစိုးရိမ်ရေမှတ်ရောက်ရှိနေတယ်လို့ သတင်းထွက်ပေါ်နေတဲ့ ဆည်တွေကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ရေလှောင်တမံတွေမှာ စိုးရိမ်ရေမှတ်ဆိုပြီး သတ်မှတ်ထားခြင်းမရှိပါဘူး။ ရေဘေး ကာကွယ်ရေးတာများမှာသာ စိုးရိမ်ရေမှတ်ဆိုပြီး သတ်မှတ်ထားတာရှိတာပါ။ ရေလှောင်တမံတွေမှာ ဒီဇိုင်းပြုသတ်မှတ်ထားတဲ့ ကန်ရေပြည့်အမှတ်(Full Tank Level)နဲ့ အမြင့်ဆုံးတက်နိုင်တဲ့ ရေကြီးမှုရေမှတ် (Maximum High Flood Level) ဆိုပြီးရှိပါတယ်။

ယခုမိုးဦးကာလမှာ ဖြစ်ပေါ်နေတဲ့ မုန်တိုင်းတွေရဲ့ သက်ရောက်မှုကြောင့် နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက် ခုနကပြောတဲ့ ရေလှောင်တမံ ၃၂ ခုမှာပဲ မူလဒီဇိုင်းပြုသတ်မှတ်ထားတဲ့ ကန်ရေပြည့်မှတ်ထက် ကျော်လွန်ပြီးတော့ ရေပိုလွှဲကနေ ရေကျော် စီးထွက်လျက်ရှိပါတယ်။ ဒီလို ရေပိုလွှဲကနေ ကျော်ပြီးစီးထွက်သွားတဲ့ ရေတွေဟာလည်း မူလချောင်းရိုးထဲကိုပဲ စီးဝင်သွားတာပါ။ ရေပိုလွှဲကနေ ရေကျော်စီးထွက်နေတဲ့ ရေလှောင်တမံတွေအပြင် လက်ရှိမိုးရွာသွန်းမှု အခြေအနေအရ တမံအတွင်းကို စီးဝင်ရေ အများအပြား ဝင်ရောက်နိုင်ပြီးတော့အချိန်တိုအတွင်း ကန်ရေမှတ်မြင့်တက်လာနိုင်တဲ့အတွက် ရေလှောင်တမံတွေမှာ အနိမ့်ဆုံးဦးစီးအရာရှိနဲ့အထက် တာဝန်ခံအင်ဂျင်နီယာတွေကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး လုပ်ငန်းကျွမ်းကျင်တဲ့ အတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာဝန်ထမ်းတွေနဲ့ စုဖွဲ့ပြီး ၂၄ နာရီ စောင့်ကြည့်စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုစောင့်ကြည့် စီမံရာမှာ ရေလှောင်တမံနဲ့ ဆက်စပ်ရေအား အဆောက်အအုံတွေရဲ့ ကြံ့ခိုင်မှုကိုပါ စဉ်ဆက်မပြတ် လှည့်လည်စစ်ဆေးတယ်။ လိုအပ်တဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက် အရေးပေါ်ကာကွယ်ရေး ပစ္စည်းတွေ ကြိုတင်စုဆောင်းထားတယ်။ စက်ယန္တရား၊ ယာဉ်နဲ့ လုပ်သားအင်အားတွေကို အရန်သင့်ဖွဲ့ထားတယ် စသဖြင့် စီမံဆောင်ရွက်ထားပါတယ်။

မေး။ ။ဆည်တွေမှာ ကန်ရေပြည့်မှတ်ထက်ကျော်လွန်ပြီး ရေပိုလွှဲကနေ ရေကျော် စီးထွက်နေပြီဆိုရင် ပြည်သူတွေသိအောင် သတင်းထုတ်ပြန်ပေးတာမျိုးရော ရှိပါသလား။

ဖြေ။ ။ကန်ရေပြည့်မှတ်ထက်ကျော်လွန်ပြီး ရေပိုလွှဲကနေ ရေကျော်စီးထွက်လျက်ရှိတဲ့ ရေလှောင်တမံတွေရဲ့ အမည်၊ တည်နေရာနဲ့ ရေကျော်စီးထွက်မှုအခြေအနေကို အများပြည်သူ အလွယ်တကူသိရှိနိုင်အောင် ဌာနရဲ့လူမှုကွန်ရက်စာမျက်နှာ(Facebook) မှာလည်း နေ့စဉ် ဖော်ပြလျက်ရှိပါတယ်။ ဒ့ါအပြင် သတင်း၊ ဂျာနယ်တွေမှာလည်း အခါအားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိပါတယ်။

မေး။ ။လက်ရှိမှာ ရေပိုလွှဲကနေ ရေကျော်စီးထွက်နေတဲ့ ဆည်တွေရဲ့ ကြံ့ခိုင်မှုအခြေအနေကို သိပါရစေ။

ဖြေ။ ။ ဌာနအနေနဲ့ ရေလှောင်တမံတွေကို တည်ဆောက်ရာမှာ နောင်ရေရှည်ကြံ့ခိုင်စိတ်ချနိုင်ရေးအတွက် တိကျသေချာစွာ ဒီဇိုင်းပြုလုပ်တွက်ချက်ပြီး သတ်မှတ်စံချိန်စံညွှန်းများနဲ့အညီ အရည်အသွေး ထိန်းချုပ်ဆောင်ရွက်ခဲ့တဲ့အပြင် ပုံမှန်လည်း စနစ်တကျ ထိန်းသိမ်းစီမံလျက်ရှိတာကြောင့် ကျွန်တော်တို့ဌာနက ထိန်းသိမ်းစီမံ ဆောင်ရွက်လျက်ရှိတဲ့ ရေလှောင်တမံအားလုံးရဲ့ ကြံ့ခိုင်မှုအတွက် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိပါကြောင်း ပြောကြားလိုပါတယ်။

မေး။ ။ဆည်တွေကို တည်ဆောက်တဲ့အခါမှာ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်အောင် ဘယ်လိုတည်ဆောက်ခဲ့တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ရေလှောင်တမံတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ အဓိကစူးစမ်းလေ့လာမှုလုပ်ငန်းတွေဖြစ်တဲ့ မြေပြင်အသေးစိတ်တိုင်းတာခြင်း၊ ဘူမိဗေဒနဲ့ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပြီးတဲ့နောက် စူးစမ်းလေ့လာမှုများအရ စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းရှိရင် အသုံးပြုမယ့်ရည်ရွယ်ချက်

ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝေ။

နဲ့ အကျိုးရလဒ်၊ တည်ဆောက်မှု ကုန်ကျစရိတ်တို့အပြင် တမံရေသိုလှောင်နိုင်မှုနဲ့ တမံအောက်ဘက်မှာရှိတဲ့ ဒေသတွေ ဘေးကင်းမှု အခြေအနေပေါ်မှာ မူတည် စဉ်းစားပြီးမှ ရေလှောင်တမံနဲ့ ရေပိုလွှဲအရွယ်အစားကို သတ်မှတ်ပြီး ဒီဇိုင်းပြုတည်ဆောက်ရတာ ဖြစ်ပါတယ်။ စီမံကိန်း တည်ဆောက်နေစဉ် ကာလတစ်လျှောက်လုံးမှာလည်း ဌာနက ကျွမ်းကျင်ပြီး အတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာတွေက စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက် ရှိတဲ့အပြင် သတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေးအတွက် အရည်အသွေး ထိန်းချုပ်စစ်ဆေးရေးအဖွဲ့တွေနဲ့ အနီးကပ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့တာကြောင့် ဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံတွေက ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကို လုံခြုံစိတ်ချစွာနဲ့ ကြံ့ကြံ့ခံ ကာကွယ်လျက်ရှိပါတယ်။

မေး။ ။နှစ်စဉ် မိုးများပြီဆိုတာနဲ့ ဒေသခံတွေစိုးရိမ်ပူပန်နေကျဖြစ်တဲ့ ရာဇဂြိုဟ်ဆည်နဲ့ ကြီးအုံကြီးဝဆည်တွေရဲ့ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။

ဖြေ။ ။ရာဇဂြိုဟ်နဲ့ ကြီးအုံကြီးဝ ရေလှောင်တမံတွေမှာ လက်ရှိအခြေအနေအရ ကန်ရေပြည့်မှတ်ထက် ကျော်လွန်ပြီး ရေပိုလွှဲကနေ ရေကျော်စီးထွက်နေပေမယ့် တမံတွေရဲ့ ကြံ့ခိုင်မှုအနေနဲ့က တစ်စုံတစ်ရာ စိုးရိမ်ဖွယ်ရာ မရှိပါဘူးလို့ ပြောလိုပါတယ်။

မေး။ ။လူမှုကွန်ရက် စာမျက်နှာတွေမှာ ဆည်တွေနဲ့ ပတ်သက်ပြီး ကောလာဟလ သတင်းတချို့ ထွက်ပေါ်နေတာနဲ့ ပတ်သက်လို့ ပြည်သူကို ဘာများအသိပေးပြောကြားလိုပါသလဲ၊ ဖြည့်စွက်ပြောကြားလိုတာ ရှိရင်လည်း ပြောကြားပေးပါ။

ဖြေ။ ။ ပြည်သူတွေကို အထူးအသိပေးပြောကြားလိုတာက ဆည်ရေတွေများလာလို့ ရေပိုလွှဲကနေ ရေဖောက်ချတာကြောင့် ရေကြီးတယ်ဆိုတာနဲ့ ဆည်တွေကျိုးပေါက်တော့မယ်ဆိုတဲ့ ကောလာဟလတွေကို လုံးဝမယုံကြည်ကြဖို့နဲ့ ဌာနအနေနဲ့လည်း အချိန်ပြည့် စောင့်ကြည့်စီမံလျက်ရှိတဲ့အပြင် လိုအပ်ရင် လိုအပ်သလို ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးသွားမှာပါ။ ဆည်ရေတွေများလာလို့ ဖောက်ချတာကြောင့် ရေကြီးတယ်ဆိုတာ လုံးဝမှန်ကန်မှုမရှိဘဲ နားလည်မှုလွဲမှားခြင်းသာဖြစ်ပါတယ်။ ဒီနေရာမှာ ရှင်းပြချင်တာက ရေပိုလွှဲဆိုတာ ရေဖောက်ချလို့ရတဲ့အရာမဟုတ်ဘဲ ကန်ရေပြည့် သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာတဲ့ရေတွေကို မူလမြစ်ချောင်းထဲကို စီးထွက်သွားစေဖို့ စနစ်တကျ ဒီဇိုင်းပြုပြီးထည့်သွင်းတည်ဆောက်ထားတဲ့ ရေအား အဆောက်အအုံတစ်ခုသာဖြစ်ပါတယ်။ ဆိုလိုချင်တာက တမံအတွင်း သိုလှောင်နိုင်တဲ့ ရေပမာဏပြည့်လာလို့ရှိရင်နောက်ထပ်စီးဝင်လာမယ့် ရေတွေကို ရေပိုလွှဲကတစ်ဆင့် ဖြတ်ကျော်စီးဆင်းစေ

> ❝ ပြည်သူတွေကိုအထူးအသိပေးပြောကြားလိုတာက ဆည်ရေတွေများလာလို့ ရေပိုလွှဲကနေ ရေဖောက်ချတာကြောင့် ရေကြီးတယ်ဆိုတာနဲ့ ဆည်တွေကျိုးပေါက်တော့မယ်ဆိုတဲ့ ကောလာဟလတွေကို လုံးဝမယုံကြည်ကြဖို့နဲ့ ဌာနအနေနဲ့လည်း အချိန်ပြည့် စောင့်ကြည့်ပြီး လိုအပ်ရင် လိုအပ်သလို ပြည်သူတွေကို အချိန်နဲ့ တစ်ပြေးညီ အသိပေး ... ❞

ပြီး မူလချောင်းထဲကို ပြန်စီးဝင်သွားနိုင်အောင် တည်ဆောက်ထားခြင်းပဲ ဖြစ်ပါတယ်။ ရေပိုလွှဲဆိုတာ ရေကျော်စေချင်တိုင်းကျော်ခိုင်းလို့မရသလို မကျော်ပါနဲ့လို့လည်း တားဆီးလို့ မရပါဘူး။ မိုးတွင်းကာလမှာ ရေစီးဆင်းမှုပမာဏများတဲ့ မြစ်၊ ချောင်းတွေကြောင့် ဒေသတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်တဲ့အခါမှာ အဲဒီ မြစ်၊ ချောင်းတွေရဲ့ စီးဝင်ရေ တစ်စိတ်တစ်ပိုင်းကို ရေလှောင်တမံတွေအတွင်းမှာ ထိန်းသိမ်းသိုလှောင်ပေးလိုက်တာနဲ့ ရေကြီးရေလျှံမှုက အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာနိုင်တဲ့အတွက် မြန်မာနိုင်ငံတစ်ခုတည်း မဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံးမှာပါ ရေဘေးကာကွယ်ရေး ရေလှောင်တမံတွေ တည်ဆောက်လျက်ရှိပါတယ်။ အထူးသဖြင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအရ ရေဆင်းဧရိယာအတွင်းမှာ မိုးသည်းထန်စွာ ရွာသွန်းလို့ အများဆုံးဖြစ်ပေါ်လာနိုင်တဲ့ ရေကြီးချိန် ရေစီးနှုန်းတွေကို ခန့်မှန်းတွက်ချက်ပြီးတော့မှ ရေလှောင်တမံရဲ့ အမြင့်နဲ့ ရေပိုလွှဲရဲ့ အကျယ်တို့ကို လုံခြုံစိတ်ချနိုင်တဲ့အခြေအနေအထိ မျှော်မှန်းတည်ဆောက်ထားတာဖြစ်ပါတယ်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်သတိပေးချက်ထုတ်ပြန်လျက်ရှိတဲ့ ရာသီဥတုအခြေအနေနဲ့ အချက်အလက်တွေကို ပြည်သူတွေ ကြိုတင်သိရှိနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် လိုအပ်ရင် လိုအပ်သလို ထပ်ဆင့်ဖြန့်ဝေအသိပေး ဆောင်ရွက်နေပါတယ်။ မိုးရာသီကာလမှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းတွေကလည်း တမံကြံ့ခိုင်မှုနဲ့ လုံခြုံရေးအတွက် ၂၄ နာရီ ရေကင်းဂျူတီချပြီး အမြဲမပျက်စောင့်ကြည့်နေပါတယ်။ ထူးခြားဖြစ်စဉ်တွေရှိခဲ့ရင်လည်း နိုင်ငံပိုင် သတင်းစာ၊ ပုဂ္ဂလိက ဂျာနယ်နဲ့ လူမှုကွန်ရက်စာမျက်နှာတွေကနေပြီး ပြည်သူတွေ အချိန်နဲ့တစ်ပြေးညီ အခြေအနေမှန်ကို သိရှိနိုင်အောင် အသိပေးတင်ပြပေးသွားမှာပါ။ နောက်တစ်ခုက အခုနှစ် မေလ နောက်ဆုံးပတ်ကနေ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက်ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံတွေ ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ခြင်းလည်းမရှိပါဘူး။ ဒေသအစီအစဉ်နဲ့ ထိန်းသိမ်းစီမံဆောင်ရွက်တဲ့ ဆည်၊ ကန်အချို့သာ ကျိုးပေါက်မှုတွေဖြစ်ပေါ်ခဲ့တဲ့အတွက် ဌာနအနေနဲ့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လူအား၊ စက်ယန္တရားအင်အားတွေနဲ့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိတယ်ဆိုတဲ့အကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

၁၄-၆-၂၀၁၈ ရက်တွင် ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ ၂ ဒသမ ၄ ပေ ရေကျော်နေမှုကို တွေ့မြင်ရစဉ်။

» စာမျက်နှာ ၁၅ မှ

(ခ) ပုဒ်မ ၄ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်းနှင့် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း မရှိပါက သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က စိစစ်အတည်ပြုသော မြေနေရာတွင် ယမ်းတိုက်ဆောက်လုပ်ရန် အကြောင်းကြားခြင်း၊ ယမ်းတိုက်၏ အင်္ဂါရပ်များ ပြည့်စုံခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ပေးခြင်း၊

(င) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားအတိုင်း အခကြေးငွေ ကောက်ခံခြင်း၊

(စ) ဤဥပဒေပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာနမှ သင့်လျော်သော အရာရှိများကို စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဆ) မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိအား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

အခန်း (၇)

တားမြစ်ချက်များ

၁၈။ လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စစ်ဆေးခြင်းကို ခံယူရန် ငြင်းပယ်ခြင်းမပြုရ။

၁၉။ မည်သူမျှ-

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်းမပြုရ။

(ခ) ပုဒ်မ ၈ အရ ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်းမပြုရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၀။ မည်သူမျှ လိုင်စင်မရှိသည့် ယမ်းတိုက်တွင် -

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုလက်ခံသိုလှောင်ခြင်း မပြုရ။

(ခ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုအပ်နှံသိုလှောင်ခြင်း မပြုရ။

၂၁။ လိုင်စင်ရရှိသူ မည်သူမျှ -

(က) ဝန်ကြီးဌာနက ထုတ်ပေးသော လိုင်စင်ပါ ခွင့်ပြုပမာဏထက်ပိုမိုသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်းမပြုရ။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ပါ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကြောင့် တစ်ခုခုဖြစ်ပွားပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်း အကြောင်းကြားခြင်းနှင့် စစ်ဆေးရေးအရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် သက်တမ်းတိုးမြှင့်ခြင်း မရှိဘဲ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဆက်လက်သိုလှောင်ခြင်း မပြုရ။

အခန်း (၈)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)နှင့် (ဂ)တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၀ တို့ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက် မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံကျူးလွန်သော ပြစ်မှုတွင် ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

၂၆။ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် သွေးဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၇။ ဤဥပဒေအရ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ခွင့်ပြုချက်မရရှိသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဖြစ်ပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

အခန်း (၉)

အထွေထွေ

၂၈။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ ကောက်ခံရန်ရှိသော အခကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်သူအား ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၉။ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)က စီမံခန့်ခွဲ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ယမ်းတိုက်များ၊ အဆောက်အအုံများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၁။ The Explosives Act, (India Act, 4, 1884, Vol.V) အရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ The Explosives Act, (India Act, 4, 1884, Vol.V) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်

နေပြည်တော် ဇွန် ၁၅

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲပွဲစဉ်များကို ဇွန် ၁၅ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)တွင် ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း၊ အားကစားသမား စုစုပေါင်း ၁၃၆ ဦးတို့သည် ဇွန် ၁၅ ရက်မှ ဇွန် ၁၉ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C) တွင် နေ့စဉ်နံနက် ၉ နာရီမှ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆိုအခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်မောင်ဇော်**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးဟောပြော

စုကလိ ဇွန် ၁၅

၂၀၁၈ ခုနှစ် ဇွန်လ ၂၆ တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက စုကလိမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် စုကလိမြို့ အထကကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းဦးက အဖွင့်အမှာစကားပြောကြားပြီး စုကလိနယ်မြေရဲစခန်းမှ စခန်းမှူး ကျော်သင်းအောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း သိကောင်းစရာများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းလေးက မူးယစ်ဆေးဝါးအန္တရာယ်မှ ရှောင်ရှားရမည့် အကြောင်းအရာများအားလည်းကောင်း အသီးသီးအသိပညာပေး ဟောပြောကြသည်။ **စုကလိ(ပြန်/ဆက်)**

တာချီလိတ်၌ ငါးကြိမ်နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

တာချီလိတ် ဇွန် ၁၅

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ငါးကြိမ်နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ရွှေဝင်းက ခရိုင်ပြည်သူ့ဆေးရုံရှိ လူနာများအတွက် လိုအပ်သည့် သွေးများကို အချိန်မီရရှိအောင် မိမိတို့စေတနာအလျောက် လာရောက် လှူဒါန်းပေးသူများနှင့် အခမ်းအနားတွင် လက်ဆောင်ပစ္စည်းများ၊ အာဟာရအလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး သွေးလှူရှင်များကိုယ်စား (၄၇) ကြိမ်မြောက် သွေးလှူရှင် ဦးမြင့်သန်းက ဝမ်းသာပီတိစကားပြောကြားသည်။

ထို့နောက် သွေးများလှူဒါန်းပေးနိုင်ရေး အကျိုးဆောင်ပေးသည့် လူမှုရေးအသင်းအဖွဲ့များ၊ တာချီလိတ် သတင်းအေဂျင်စီ၊ သွေးလှူရှင်များနှင့် အမှတ်တရလက်ဆောင်များ ကူညီထောက်ပံ့ပေးသူများအား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ရွှေဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်(ပဲခူး) ဖွင့်ပွဲ ကျင်းပ

ပဲခူး ဇွန် ၁၅

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို ဇွန် ၁၄ ရက် နံနက် ၆ နာရီခွဲက ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံတွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဦးစိုးသိန်း၊ အထွေထွေအုပ်ချုပ်ရေးရာဌာနကြီးမှူး ဦးမင်းဇော်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဦးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြဝတီဘဏ်လီမိတက်၊ အဓိကကူညီပံ့ပိုးသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာပီဂျီအေမှ အမှုဆောင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် Professional အဆင့်မြင့်ပညာရှင်အဆင့် ၄၀၊ Amateur အမျိုးသားဝါသနာရှင်အဆင့် ၁၂၄ ဦး၊ အမျိုးသမီး ဝါသနာရှင်အဆင့် ၁၄ ဦး စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တစ်ချက်တည်းကျင်းဝင်ရိုက်ချက်ဆုအဖြစ် Toyota Probox မော်တော်ယာဉ် တစ်စီးချီးမြှင့်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို MWD Bank၊ Innwa Bank၊ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort(Myanmar)၊ Mottama Holding Co.,Ltd.၊ Myanmar Zwe Mann Co., Ltd. တို့က အဓိက ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။ **သက်မှူး**

LUCKY FAMILY

မိုးရာသီအထူး Promotion

ထီး နှင့် မိုးကာ များ လက်ဆောင်ပေးနေပါပြီ ...

အတိုးတောဘော်ဆောင်များကိုလည်း ဖိတ်ခေါ်အပ်ပါသည်



Hot Line
09 253534133
09 421082424

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609



နာတာရှည်ကျောက်ကပ်ဝေဒနာရှင်များ လိုက်နာ၊
ရှောင်ကြဉ်သင့်သည့် အချက်အလက်များကိုပါ
ဖြည့်စွက်ဖော်ပြထားသော....

ကျောက်ကပ်ဆေးပင်

(ဒုတိယအကြိမ်)

ဒေါက်တာခင်မောင်လွင် (FAME)

Ks 5,000

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

ရတနာအောင် (ဆန်ရောင်းဝယ်ရေး)

ဆိုင်ဖုန်း - 0973228272 / 09790144435

ကိုမောင်ဇော် + မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)

ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)

မြေကွက်များ ဝယ်လိုသည်။

အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။

၀၉၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၀၈၃၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ ကျွန်းကလေးကျေးရွာ ဗိုလ်တေဇလမ်း၊

ရေပါမီးရှိ ခြံခတ်ပြီး (ဥယျာဉ်ခြံမြေ)၊

(40'x60') =115 သိန်း

ph- 09-796797258, 09-799 716 395

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။

အိမ်အရောက် ငွေချေမည်၊ ပွဲခပေးရန်မလို

ဖုန်း 01-2339310, 01-2339355, 01-578044

အိမ်ခြံမြေရောင်းရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းပိုင်ကွင်းအမှတ်(၅၈၃)၊ ဦးပိုင်အမှတ်-၅၄/၁၊ ဧရိယာ အကျယ် (၀. ၉၉)ဧကနှင့် ကွင်းပိုင်အမှတ်(၅၈၃)၊ ဦးပိုင်အမှတ်-၅၄/၄၊ ဧရိယာ(၀. ၁၀)ဧကရှိပြီး စုစုပေါင်း မြေအကျယ်အဝန်း(၁. ၀၉) ဧက ဥယျာဉ်ခြံမြေဖြစ်သည်။

၎င်းမြေပေါ်တွင် ပေ(၂၇×၆၀)ရှိ အာစီ(၃)ထပ်တိုက်တစ်လုံးနှင့် ပေ(၃၀×၄၅)ရှိ ဟောတိုက်တစ်လုံး+ တိုက်ပုအသေး (၃) လုံးပါရှိသည်။ ၎င်းအိမ်ခြံမြေအား ပွဲစားမလို ကြမ်းခင်းဈေး သိန်း(၂၅၀၀) - (USD-190000)ဖြင့် အမြန်ရောင်းလို၍ အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ စာချုပ်စာတမ်း တိကျခိုင်လုံသည်။

ဆက်သွယ်ရန် N0-307၊ ကမ္ဘာ့ဥာန်းကျောင်းလမ်း၊
တောင်သူကုန်း၊ အင်းစိန်
ဖုန်း-၀၉-၂၅၅၇၀၁၂၇၁၊ ၀၉-၂၅၀၀၇၁၄၈၆၊
၀၉-၇၉၂၁၄၈၃၁၀

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၁၃၀)၊ ဧရိယာ(၀. ၀၅၅)ဧကရှိမြေနှင့် ထိုမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မိဘများဖြစ်သော ဦးစိန်ထွန်းနှင့် ဒေါ်မြသင်တို့၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်ဝင်းမေ၊ ဦးစိုးကြည်ထွန်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ကြည်ကြည်လင်း၊ မောင်စိုးစိုး(ခ)စိုးလင်းကျော်၊ မနွဲ့နွဲ့ခင်၊ မမြတ်စုမွန်တို့ထံမှ အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်မေ[၁၀/မလမ(နိုင်)၀၈၆၇၀၄]က အမွေဝေစုတန်ဖိုးများပေးအမ်း၍ အပြီးအပိုင်လွှဲပြောင်းရန် အမွေဝေစု တန်ဖိုးအချို့ကို အမွေဆိုင်များသို့ ပေးအမ်းထားပြီး ဖြစ်ပါသည်။

အဆိုပါမြေနှင့်နေအိမ်၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် သူမရှိပါက အမွေဝေစုတန်ဖိုး ပေးအမ်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ကြည်ကြည်မေ (ဘ)ဦးစိန်ထွန်း	**ဒေါ်ခိုင်ဝင်းအေး (LL.B)**
[၁၀/မလမ(နိုင်)၀၈၆၇၀၄]	**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၂၄၃)**

အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၉-၄၂၅၃၆၃၈၈၅

မိခင်အမည်မှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အထက ကင်းရွာ၊ အဌမတန်း(A)မှ မောင်သက်ကိုဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းခိုင် [၁၀/ဘလန(နိုင်)၁၉၃၄၆၆] ဖြစ်ပါကြောင်း။

ဒေါ်သင်းသင်းခိုင်

မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဥ်ပေးသည်။

09-450042704
09-250095116
09-420096296

ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။

Ph:09-450454771
09-450454772
09-450454773

နန်းထိုက်အောင်

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း
ရုံးခန်း ဆိုင်ခန်းများ
ပြောင်းရွှေ့ခြင်းအတွက်
အလုပ်သမားနှင့် ကားစီစဥ်ပေးသည်။

09 3128 2593
09 3128 2594
09 3128 2595

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ်(၇၁၁)၊ ဧရိယာ(၀. ၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၇၁၁)၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ် ဦးရဲထွန်း အမည်ပေါက်ပါမစ်မြေအား ဒေါ်ချိုဇင်ဦး(ဘ)ဦးဝင်းမြင့်ဦး [၉/မဟမ(နိုင်)၀၁၂၇၇၈]မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံး ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စု စာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

Ph:09 450024419
09 790629747

ကားစီးလုံးငှားသည်။

AC-Express(45,33,25), အဲစတား (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။

မြို့တွင်း/မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။

Ph: 09-252522200, 09-33345545, 09-5089800

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အရိုးအထူးကုဆေးရုံကြီး၊
မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင် (၅၀၀)ဆံ့ အရိုးအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှု ခံယူသည့် လူနာများ ဆေးကုသပေးရန် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အတွက် အောက်ဖော်ပြပါတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၁၁-၅-၂၀၁၈ ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၆-၂၀၁၈ ရက်
ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၅၀၀)ဆံ့၊ အရိုးအထူးကုဆေးရုံကြီး၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၂-၂၈၄၇၆၁၃

ကွန်ဒို(၁)ခန်းနှင့် မြေညီ(၁)ခန်း ငှားမည်/ရောင်းမည်

(၁) လှည်းတန်းစင်တာရှိ အဆင့်မြင့်ကွန်ဒို(၁)ခန်း ငှားရန်ရှိသည်။
အကျယ်(၆၀၀) sq/ft ရှိပြီး အခန်း(၂)ခန်းပါဝင်သည်။ တစ်လ(၇. ၅)သိန်း။
(၂) လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း(မော်တင်လမ်း)ပေါ်ရှိ Junction Mawtin စင်တာရှေ့တည့်တည့် အကျယ်(၁၂½×၅၀)ပေရှိ မြေညီထပ်(မြေညီ+ထပ်ခိုး)ငှားမည်။ တစ်လ-၁၇ သိန်း။
(အရောင်း-၄၃၀၀ သိန်း)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၀၈၀၀

N-WINNER Co.,Ltd

တိုက်၊ ခြံ၊ မြေ မှ "ရောင်းမည်/ငှားမည်"

Ph:09450073838,09783233356-57,09254418033

၁။ အရှေ့ကြို့ကုန်း(အစ)	(33'x60')ဝရံ	2PT	4200L
၂။ ပါရမီလမ်းအနီး(တ/ဥ)	(40'x60') ဝရံ	2BN	1900L
၃။ (၁၀)ရပ်ကွက်(တ/ဥ)	(20'x60')ဝရံ	1PT	1000L
၄။ ရွှေအင်ကြင်းနိုင်မွန်(သသက)	(2500sqft) 2M,2B		1800 L
၅။ တက္ကသိုလ်နိုင်မွန်Condo	(1350sqft) 1M,2B		1800 L
၆။ အေးရိပ်မွန်အိမ်ရာ(လှိုင်)	(15'x55')1B	1F	520L
၇။ ပြည်လမ်းနီး(မရက)	(70'x60')4M,1B,F.F	2RC	$ 3500
၈။ ရန်ကုန်-အင်းစိန်လမ်းနီး(ကမရ)	(97'x77') 1M,2B	1RC	20L
၉။ (၉)မိုင်လမ်းသန့်	(4500sqft)5M,1B	2RC	17L
၁၀။ ဟောန်း(၃)လမ်း	(25'x45')1B,လုပ်ငန်းရ	1½RC	9L
၁၁။ တော်ဝင်သိရိ Condo	(1750sqft)2M,1B,F.F		12L
၁၂။ ရတနာလမ်းမ(တ/ဥ)	(15'x55') Hall	GF	10L

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အလုံလမ်း၊ တိုက်အမှတ်(၁၆၆)၊ အခန်းအမှတ်(၆/ဘီ)၊ ၆-လွှာ၊ အကျယ်အဝန်း(၂၀' x ၆၀')အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာဦး(၁၂/စခန(နိုင်)၀၁၆၀၈၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ			အထက်တန်းရှေ့နေ	
ဦးသန်းထွန်း LL.B, D.B.L (စဥ်-၄၅၉၉)	ဦးဝင်းအောင် LL.B, D.M.L, D.B.L (စဥ်-၈၀၅၆)	ဒေါ်ဟန်သီရိ LL.B, WIPO(Switzerland) (စဥ်-၁၃၄၆၃)	ဒေါ်ဝတ်ရည်ငွေ LL.B,LL.M (စဥ်-၃၆၉၁၄)	ဦးရဲသီဟ LL.B (စဥ်-၃၁၅၉၅)

ရုံးချုပ် > အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ > 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ > အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ > 01 - 552742, 01- 559320, 09 5060940, 09 5060938, 09 73500535
Email - soesanrealestate@gmail.com

အကောင်းဆုံးစည်းကမ်း၊ အကောင်းဆုံးပညာ၊ အကောင်းဆုံးသင်ကြားမှုနှင့် အကောင်းဆုံးဆရာအင်အားများစုစည်းရာ

ဦးဉာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာဇီဝ (ဇီဝဗေဒ)
သင်ကြားစည်းထောင်ခွင့်လုံစေသော

N-3

၂၀၁၈-၂၀၁၉ ပညာသင်နှစ်

ကျောင်း ကြိုတင်အပ် လက်ခံပြီ

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ

၅တန်းမှ ၁၀တန်းအထိ

အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း၊ သုဝဏ္ဏဈေးအနီး၊ သွားဆေးတက္ကသိုလ်အနီး၊ သင်္ဃန်းကျွန်းမြို့နယ်။ Ph: 09420046938, 09769633711, 09421167047

ဗျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)
ဓမ္မဗ္ဗာရုပ်စံပန်ကြားလွှာ

(၂၉-၇-၂၀၁၈)ရက်နေ့၌ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)ကနှစ်ပတ်လည်အစည်းအဝေးကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ထိုနှစ်ပတ်လည်အစည်းအဝေးတွင်ကျင်းပ ပြုလုပ်မြဲဖြစ်သောရန်ကုန်တွင်နေထိုင်သောဇာတိပျဉ်းမနားသူ၊ပျဉ်းမနားသား သက်ကြီး ဘိုးဘွား များ အားပူဇော်ကန်တော့ခြင်း၊ ရန်ကုန်တွင်နေထိုင်သော ဇာတိပျဉ်းမနားသူ၊ ပျဉ်းမနားသားများ၏ပညာထူးချွန်သော သားသမီးများအား ပညာရည်ချွန် ဆုများပေးအပ်မည်ဖြစ် ပါသည်။သို့ပါ၍အောက်ဖော်ပြပါ အချက်အလက်များ နှင့်ညီ ညွှတ် သူများအနေဖြင့် (၁၀.၆.၂၀၁၈)ရက်နေ့နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရန် မေတ္တာရပ်ခံ ပန်ကြားအပ် ပါသည်။
က။ အသက်(၇၅)နှစ်နှင့်အထက်အဘိုးအဘွားများ(အကန်တော့ခံရန်)
ခ။ ဂုဏ်ထူး(၃)ဘာသာနှင့်အထက်(တက္ကသိုလ်ဝင်တန်းစာမေးပွဲ ၂၀၁၆ - ၂၀၁၇ - ၂၀၁၈)

ဆက်သွယ်ရန်

ဒေါက်တာဒေါ်နိုင်ရီမြင့်(ဥက္ကဋ္ဌ)၀၉ ၅၀၁၆၀၃၃
ဦးနန္ဒ(အတွင်းရေးမှူး) ၀၉ ၂၆၃၁၁၈၈၁၃
ဦးမိုးကျော်သူ (တွဲဖက်အတွင်းရေးမှူး) ၀၉ ၇၉၇၉၀၈၃၈၉

ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီးပေါ်၊ မယ်လမုဘုရားအနီး၊ ပေ(၂၇×၅၅)၊ ဂရန်မြေ
သိန်း-၂၅၀၀ (ညှိ/နှိုင်း)
ဖုန်း-၀၉-၂၅၁၀၀၀၂၅၂

မိခင်အမည်မှန်

ရန်ကုန်မြို့၊ အလုံမြို့နယ်အထက(၆) အလုံမှ မောင်မျိုးမင်းသော် နဝမတန်း(A) နှင့် မယွန်းသီရိလင်း သတ္တမတန်း(A)တို့၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးစန်း [၇/ပတန(နိုင်)၀၁၄၃၅၄] ဖြစ်ပါသည်။
ဒေါ်အေးအေးစန်း

"Home Solution"- ဖုန်းလေးသာဆက်လိုက်ပါ လင်းပိုမှ ဆောင်ရွက်ပေးနေပါပြီ

ရေပိုက်၊ Air con, အမိုးဆေး၊ ကြွေပြား၊ မျက်နှာကျက်၊ ပြတင်းပေါက်များ ပြုပြင်လဲလှယ်ခြင်း၊ အခန်းကန့်ခြင်း၊ နေအိမ်နှင့် ပတ်သက် နေသောလိုအပ်ချက်များကိုအတွေ့အကြုံရှိ ကျွမ်းကျင်သောလုပ်သားများနှင့် ပန်ဆောင်မှုပေးနေပါပြီ ။ Ph:- 09 73054628, 0950-14912, 094430 33345, 543816

ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီ (၃/ကကရ (နိုင်) ၁၆၆၄၉၈) နှင့် အများသိစေရန်ကြေငြာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကမ်းနီးကျေးရွာနေ ဦးညီညီနိုင် (ခ) အိုစာမာ (KKK – ၁၈၂၅၁၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေငြာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်မှာ ဇနီးဖြစ်သူ ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီနှင့် လွန်ခဲ့သော (၁၄)နှစ်ခန့်က အစ္စလာမ်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြပြီး သမီး (၂)ဦး မွေးဖွားခဲ့ကာ အမှတ် (၅၅/ဘီ)၊ ၅-လွှာ၊ ၁၃၃-လမ်း၊ မုဋ္ဌေးကျေးရွာ၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိနေအိမ်တွင် မိသားစုအတူတကွ နေထိုင်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်၍ ရှာဖွေကျွေးမွေးခဲ့ပါသည်။ ထိုသို့မိသားစုအား ရှာဖွေကျွေးမွေးလုပ်ကိုင်နေစဉ်အတွင်း ဇနီးဖြစ်သူမှ အမျိုးမျိုး အနှောင့်အယှက်ပေး ငြင်းခုံမှုများကြောင့်လည်းကောင်း၊ ကျွန်ုပ်အမှုသည်၏ ကျန်းမာရေးအခြေအနေ အရလည်းကောင်း မိဘများရှိရာ ကမ်းနီးကျေးရွာသို့ ခေတ္တခဏသွားရောက်နေထိုင်နေစဉ်အတွင်း ဇနီးဖြစ်သူ ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီမှ တစ်ဖက်သတ်မဟာတ်မှုန် ရှပ်ရှဲချက်များဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)ရုံးသို့ (၁-၁၀-၁၇) ရက်နေ့တွင် လင်မယားကွာရှင်းပေးရန် တိုင်ကြားချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)မှ လင်မယားကွာရှင်းရန် မွေသတ်ဆုံးဖြတ်ချက်ကို (၁၆-၁၀-၂၀၁၇) ရက်နေ့တွင် တစ်ဖက်သတ်ထုတ်ပြန်ပေးခဲ့ပြီး အဆိုပါ မွေသတ်ဆုံးဖြတ်ချက်အပေါ် အခြေခံ၍ ဇနီးဖြစ်သူ ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီမှ (၁၇-၁၀-၂၀၁၇)ရက်စွဲပါ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲကြောင်း မြှက်ဟကြေငြာချက်ကို ပြုလုပ်ခဲ့သည်မှာ သိရှိရပါသည်။ ကျွန်ုပ်အမှုသည်မှ ဇနီးဖြစ်သူ ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီအား မည်သည့်အချိန်ကမှ ကွာရှင်းပြတ်စဲရန် သဘောတူ ခွင့်ပြုထားခြင်းမရှိသလို ဇနီးဖြစ်သူအနေဖြင့် တဖက်သတ် (သူလာဟ်ဗာအင်န်) ပြုပိုင်ခွင့်လည်းမရှိပါ။ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၏ (၁၆-၁၀-၂၀၁၇) ရက်စွဲပါ မွေသတ်ဆုံးဖြတ်ချက်နှင့် အဆိုပါမွေသတ်ဆုံးဖြတ်ချက်အပေါ် အခြေခံ၍ ဇနီးဖြစ်သူ ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီမှ ပြုလုပ်ခဲ့သော (၁၇-၁၀-၂၀၁၇)ရက်စွဲပါ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲသော မြှက်ဟကြေငြာချက်မှာ အစ္စလာမ်တရားတော်နှင့်ညီညွတ်ခြင်းမရှိသည့်အတွက် တရားမဝင် အထမမြောက်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တရားရုံးတစ်ရပ်ရပ်၏ ဆုံးဖြတ်ချက်အမိန့်ဒီကရီမဟုတ်ပါသဖြင့် ကျွန်ုပ်အမှုသည်မှ လိုက်နာရန် တာဝန်မရှိပါ။ ယင်းတစ်ဖက်သတ်ပြုလုပ်ထားသော မွေသတ်ဆုံးဖြတ်ချက်နှင့် မြှက်ဟကြေငြာချက်တို့အပေါ် ကျွန်ုပ်အမှုသည်မှ အသိအမှတ်မပြုပါ။ ကျွန်ုပ်အမှုသည်နှင့် ဇနီးဖြစ်သူ ဒေါ်ချိုမာလွင် (ခ) ခတီဂျာဘီတို့မှာ ယနေ့တိုင် တရားဝင် လင်ဒန်းမယားအဖြစ် အတည်ဖြစ်လျက်ရှိပါကြောင်း အများသိစေရန်အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးညီညီနိုင် (ခ) အိုစာမာ
(KKK – ၁၈၂၅၁၃)

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးမင်းထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၉)
အမှတ် (၁၄၅၁)၊ မဟာဗန္ဓုလလမ်း၊
ကျုံစစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။

တိုက်ခန်းရောင်းရန်ရှိသည်
အမှတ်(၆၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်

- ၆ထပ်RCC အဆောက်အအုံ၊ BCC ကျပြီးအသင့်တက်ရောက်နေထိုင်နိုင်။
- 315KVA Transformer ၊ YESC Electric Meter နှင့်ကိုယ်ပိုင်မီးစက်ပါရှိ။
- Schindler ဓါတ်လှေကား(၂)စင်း၊ Security access control & CCTV system Fire protection & Fire fighting system များအပြည့်အစုံတပ်ဆင်ထား။
- တစ်ခန်းလျှင်ကြမ်းခင်းဧရိယာ 1800 Sq ft; ခန့်၊ Living Room, Dining Room, Master Bedroom (၂)ခန်းနှင့် အိပ်ခန်း(၁)ခန်းပါရှိ။
- တစ်ခန်းလျှင် ကားပါကင်(၁)စီးနှုန်း၊ ကားဝင်ထွက်ရန်လွယ်ကူ။

ဆက်သွယ်ရန် 01-524 963, 01-526 928, 01-516 533~6

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-ဇော်ဘွားကြီးကုန်း(တောင်သူကုန်း)၊ ကွင်း/အကွက်အမှတ်နှင့်အမည် -၃၉၈/ပဲမှီကုန်းအနောက်၊ ဦးပိုင်အမှတ်(၇၁/၂)၊ ဧရိယာ(၂. ၃၅)ဧကအနက်မှ အနောက်ဘက်ခြမ်း ပေ(၃၂×၇၈)ခန့် (မျက်မြင်အခြေအနေအတိုင်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမက(၄၉)ကျောင်းလမ်း၊ အမှတ်၂၄/ ခ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင် ဦးဘဌေး၏သမီးဖြစ်သူ ဒေါ်ခင်ဝင်း [၁၂/အစန(နိုင်)၀၅၇၁၆၉]ထံမှ ၂၃-၄-၂၀၁၄ ရက်စွဲပါစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသည့် ၁။ ဦးအောင်နိုင်ဦး [၁၂/ပဘတ(နိုင်)၀၁၆၆၈၁] ၂။ ဒေါ်ခင်မျိုးဦး [၁၂/ကမတ(နိုင်)၀၃၉၇၀၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအတွက် အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိမွန်ကျော် အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၉)
တိုက်အမှတ်(၁၆၂)၊ ဒုတိယထပ်၊ စံပြ(၄)လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၅၀၀၃၄၆၉၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်- အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀ (တိုးချဲ့)၊ မြေကွက်အမှတ်-၈၁၊ အကျယ်အဝန်း (၀. ၁၃၉ ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ပတ္တမြား(၃)လမ်း၊ အမှတ်(၈၁) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်အေးသစ် [၉/ရမသ(နိုင်)၀၀၅၇၈၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မင်းသျှန်ဖြိုး	ဒေါ်စုစုမွန်	ဒေါ်ဆွေနှင်းယု	ဒေါ်သဥ္ဇာဌေး
(စဉ်-၁၂၈၄၆)	(စဉ်-၁၃၄၉၆)	(စဉ်-၄၀၃၃၇)	(စဉ်-၄၀၈၈၂)
တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	

လိပ်စာ- အမှတ် (၁၂+၁)၊ အခန်း(၁၀၀၇)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄၊ ၀၉-၄၂၀၀၈၄၉၈၉။
Email-zillionsm1989@gmail.com, ziliionsm @ gmail.com

ပျောက်ဆုံးကြောင်း

ဦးသန်းမောင်၏သား ဦးမြင့်သိန်း [၈/ပခက(နိုင်)၂၀၃၇၁၈] စက်ခန်းအုပ်အထူးမွမ်းမံသင်တန်း"ED/MPC/P-337/2/2012 (MMEA)"လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၇၇၅၄၀၃၄၃၅

ဖြည့်စွက်ဖတ်ရှုပါရန်

၇-၆-၂၀၁၈ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၃) ဂျူလီယာ (JULIA) ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ် (၂၅) ကြော်ငြာတွင် ဖုန်း-၀၉-၅၀၅၈၇၆၇ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၆၁)၊ အကျယ်အဝန်း(၂၃ပေ × ပေ၅၀)ခန့်ရှိ(၄လွှာ(ဝ))တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားယခုလက်ဝယ်တကူးဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဦးကျော်မိုး(၁၂/ ကတတ(နိုင်)၀၁၃၉၆၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါပြီး(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောမူရင်းအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်ထားနွယ်စင်** (LL.B,D.I.R,D.I.L,D.M.L)(စဉ်-၈၀၂၁)(တရားလွှတ်တော်ရှေ့နေ)
ဦးကျော်မိုးလွင် (LL.B,D.I.L)(စဉ်-၁၃၀၇၈)၊ **ဒေါ်နိုင်စင်ဝင်း** (LL.B,D.I.L)(စဉ်-၁၃၀၈၈)(တရားလွှတ်တော်ရှေ့နေများ)
ဖုန်း-၀၁၄၀၁၂၈၄၊၀၉၅၁၈၇၆၃၂၊၀၉၅၀၅၁၇၈၅ E.mail : pyitawthitrealestate@gmail.com
အမှတ်(၁၂၇/၄)၊ဦးချစ်မောင်လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

GDC Modern Co.,Ltd.
Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ (U Pum Kam-Daw Huai Khaw Cing)တို့၏ ဒုတိယသမီး၊ ဘွင်မံရွာနေ (U Za Khup-Daw Neam Mang)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)လုံးတန်း၊ (၃)ရပ်ကွက်၊ တိုက်(၂၀၁)၊ အခန်း(၁၈)နေ (U Ngo Ko Khai)၏ ဇနီး၊ Daw Mang Suan Cing-U Mang Dal၊ Daw Cing Neam၊ Capt. Khup Tun (Retd)-Daw Thae Phyu Hlaing၊ U Kam Suan Khai-Daw Khine Thandar Oo(မြန်မာ့သစ်လုပ်ငန်း)၊ Rev Pum Huai-Rev Zam Lian Kham(Happy Family, Mandalay)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွား Daw Betty Cingh Pau သည် ၁၅-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (ကားများ-မောနွေလ ဘုရားကျောင်းရှေ့၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်း ဘုရားကျောင်း၊ ယုဇနပီတောက်ကွေ့နှင့် အထက်ပါနေအိမ်တို့မှ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးငွေထွန်း (လဝကဦးစီးအရာရှိ-ငြိမ်း) (၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဆယ်မိုင်ကုန်း၊ အုပ်စု(၃)၊ ရန်မျိုးအောင်လမ်း၊ အမှတ်(၈/၁၀၃)နေ ဒေါ်ရွှေလှမြင့်၏ခင်ပွန်း၊ ဦးသန်းဦး(လဝကဦးစီးမှူး)-ဒေါ်ခင်သီတာမြင့်(ထ/၃ အောင်ဆန်း-ငြိမ်း)၊ ဗိုလ်ကြီးတင့်ထူးနိုင်(ခ) တိုးတိုးအောင်-ဒေါ်နီနီမြင့်၊ ဗိုလ်ကြီးဝင်းသူမောင်မောင်-ဒေါ်အေးအေးလင်း၊ ထွန်းထွန်းဦး၊ အောင်ပြည့်ဖြိုးတို့၏ဖခင်၊ မောင်ဟိန်းဇော်၊ မသူဇင်လင်းထက်၊ မရွှေရည်ဖြိုး၊ မဖြူစင်မိုး၊ မဖြူစင်သန့်တို့၏အဘိုးသည် ၁၄-၆-၂၀၁၈ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၆-၂၀၁၈ ရက်တွင် အမှတ်(၈/၁၀၃)၊ ရန်မျိုးအောင်လမ်း၊ အုပ်စု(၃)၊ (၁၀)မိုင်ကုန်း၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ငွေငွေရီ
အသက်(၇၇)နှစ်

စစ်ကိုင်းမြို့၊ နန္ဒဝန်တောင်ရပ်နေ (ဒုတိယဗိုလ်မှူးကြီး စိုးမြင့်-ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်သင်းသင်းမြင့်၊ စစ်ကိုင်းမြို့နေ ဦးကျော်လေး-ဒေါ်နှင်းနှင်းမြင့်၊ လားရှိုးမြို့နေ ဦးအောင်ဇေယျစိုး - ဒေါ်သီတာဦး၊ စစ်ကိုင်းမြို့နေ ဦးကျော်ဇေယျစိုး-ဒေါ်တိုးတိုးခိုင်၊ ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်နေ ဦးအောင်နီ-ဒေါ်နန်းညွှန့်သန္တာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၅း၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ယုန်ဖြူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမောင်မောင်မြင့်
အသက်(၆၈)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်း
National Project Manager U N Human Settlements Programme

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇင့်ရလ(၃)လမ်း၊ အမှတ်(၇၇၈)နေ (ဦးစု-ဒေါ်ကြည်)တို့၏သား၊ (ဦးချစ်ထွန်း)-ဒေါ်လှတင်တို့၏ သားသမက်၊ ဒေါ်အေးကြင်၊ ဦးသန်းရွှေ-Rodica၊ (ဦးထွန်းဦး)-ဒေါ်မာမာဝင်း၊ (ဦးထွန်းလင်း)-ဒေါ်မို့မို့၊ ဦးထွန်းဝင်း-ဒေါ်ခင်စန်းရီ၊ ဦးထွန်းမင်း-ဒေါ်ခင်စန်းယုတို့၏ မောင်/ညီ၊ ဦးမင်းနိုင်-ဒေါ်ခင်ခင်လေး၊ ဒေါ်ကြူကြူခင်၊ ဦးနိုင်အောင်လင်း-ဒေါ်ခင်လေးချိုတို့၏ အစ်ကို၊ ဒေါ်ညိုညိုမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မစုစုတင်၊ ကိုအောင်ကိုကိုကျော်-မခိုင်စုကြည်၊ မောင်ဟိန်းဇော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းမြတ်သာ၏ အဘိုး၊ တူ/တူမ ၁၄ ယောက်တို့၏ ဦးလေး ဦးမောင်မောင်မြင့်သည် ၁၅-၆-၂၀၁၈ ရက် ညနေ ၃း၁၅ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (သဃ်န်းကျွန်းမြို့နယ်၊ ဇင့်ရလ(၃)လမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်မောင်
ကျောင်းအုပ်ကြီး(ငြိမ်း)
မြစ်ကြီးနားအသင်း
(လူထုပညာရေးမှူးဟောင်းဆဋ္ဌမ ပတ်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၅၉)နေ (ဦးမောင်မူ-ဒေါ်စု)တို့၏ သား၊ (ဦးဖိုးမင်း-ဒေါ်ငြိမ်းလှ)တို့၏ သားသမက်၊ (ဒေါ်အေးကြယ်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးညွှန့်ဦး-ဒေါ်စန်းစန်းနွယ်)၊ ဦးကိုကိုနိုင်-(ဒေါ်သီသီမိုး)၊ ဦးသန်းထွန်းအောင်-ဒေါ်ညိမ်းညိမ်းအေး(အထက-၃မူဆယ်)၊ ဦးအောင်မျိုးမင်း - ဒေါ်သဥ္ဇာလင်း၊ ဒေါ်မြမြသွယ်မင်း(ဘေဘီစတိုး)တို့၏ မွေးသဖခင်၊ ကိုသူရိန်လင်း-မအေးနန္ဒာဦး (မြို့တော်စည်ပင်၊ လမ်း/တံတား)၊ မောင်ဟိန်းကောင်းဇော်၊ မစောယုနန္ဒီ၊ မောင်ဟိန်းထက်ဇော် (ထ-၂၊ မရမ်းကုန်း)၊ အေး၊ အောင်၊ ဟိန်း၊ ပိုင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ မြစ်၊ မမြယွန်းခင် ၏ ဘိုးဘိုးကြီး ဦးစိန်မောင်သည် ၁၅-၆-၂၀၁၈ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်တင်စိန်
အထက(၁) မ/ဥက္ကလာ၊
အထက်တန်းပြ-ငြိမ်း
အသက် (၆၇) နှစ်

ညောင်တုန်းမြို့၊ မဲဇလီနေ (ဦးဝိုက်ရှုပ်-ဒေါ်နှင်းလှ)၊ (ဦးကျင်ဝှမ်-ဒေါ်ငွေလှိုင်)တို့၏မြေး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီး၊ (ည)ရပ်ကွက်၊ အမှတ်(၁)နေ (ဦးဗသိန်း-ဒေါ်မြညွှန့်)တို့၏ စတုတ္ထသမီး၊ ပုလောမြို့နယ်၊ ပုလောကုန်းကျေးရွာနေ (ဦးစိန်သင်း-ဒေါ်အုန်းမြ)တို့၏ သမီးချွေးမ၊ (ဦးစံအေး-ဒေါ်ခင်လှ)၊ (ဦးဝင်းမြင့်)-ဒေါ်နုယဉ်၊ (ဦးတိုးမြင့်-ဒေါ်စိန်လှမေ)တို့၏ညီမ၊ ဦးလှကြည်-(ဒေါ်စမ်းစမ်းမြင့်)၊ ဦးထိန်ဝင်း-ဒေါ်အောင်ကျော့တို့၏အစ်မ၊ ဦးပြည့်ဖြိုးကျော်-ဒေါ်အေးအေးမိုး၊ (ကိုဇာနည်ကျော်)တို့၏ချစ်လှစွာသော မွေးသမိခင်၊ မဆောင်းသဇင်နှင်း၏ ဘွားဘွားကြီး၊ ဦးတင့်လွင်၏ ချစ်လှစွာသောဇနီးသည် ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇း၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့)နံနက်တွင် အမှတ်(၁/က)၊ သုဓမ္မာလမ်းမကြီး၊ (ည)ရပ်ကွက်၊ ၆-ကွေ့ မီးပွိုင့်အနီး၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း
(ရန်ကုန်)
ရာသက်ပန်အသင်းဝင်အမှတ်
(KTH-၅၁၅)

ဦးဆန်နီ
(ကော့သောင်းမြို့နယ်၊
ထွေအုပ်ဦးစီးဌာန)
အသက် (၅၇) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အင်္ဂါဝါရပ်ကွက်၊ ပန်းခြံလမ်း၊ ထွေအုပ်ဝန်ထမ်းအိမ်ရာနေ (ဦးလှရွှေ-ဒေါ်ကြည်)တို့၏ သား၊ [ဦးဝင်းရွှေ (သတင်းတပ်ဖွဲ့-ငြိမ်း)]-ဒေါ်မြစိန်တို့၏သားသမက်၊ (ဒေါ်ခင်ငွေးဝင်း)၏ခင်ပွန်း၊ ဦးကျော်နေမျိုး (ခရိုင်ထွေအုပ်ရုံး၊ ကော့သောင်း)၊ ဒေါ်ရည် ရည်မွန် (မြို့နယ်ထွေအုပ်ရုံး) တို့၏ဖခင် ဦးဆန်နီသည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ကော့သောင်းမြို့၊ ရွှေပြည်သာ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား /အသင်းသူများအား အသိပေး အကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်ဒါယကာကြီး

ဦးသိန်းလွင်
ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန
အသက် (၉၂) နှစ်

မိတ္ထီလာမြို့နေ(ဆရာကြီးဦးပု-ဒေါ်သိန်း)တို့၏သား၊ (ဦးစိန်မောင်-ဒေါ်စိန်ရွှေ)တို့၏သားသမက်၊ ဦးမောင်အုံး-ဒေါ်စိုးသင်း၊ ဦးဘသွင်-ဒေါ်ခင်စန်းရီ၊ ဦးဘဇော်-(ဒေါ်စန်းစန်းယဉ်)၊ (ဦးဖေသိန်း)-ဒေါ်တင်တင်အေး၊ (ဦးမြသိန်း)-ဒေါ်တင်တင်စိန်၊ ဦးသံဒိုင်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးမြသိန်း-ဒေါ်ခင်သန့်ဇင်တို့၏ အစ်ကိုကြီး၊ ဦးဇော်အောင်-ဒေါ်မာမာလေး၊ ဦးမောင်မောင်အေး-ဒေါ်ခင်စန်းလွင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၄၃၇)နေ ဒေါ်စန်းစန်းယု၏ခင်ပွန်း၊ ဒေါ်လှမြတ်ဟန်-ဦးကျော်ဇင်ယု၊ ဦးမျိုးမြင့်အောင် တို့၏ချစ်လှစွာသော ဖခင်ကြီးသည် ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ယု (မြိတ်)
အသက်(၆၅)နှစ်
(မြိတ်အသင်းဝင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်အမှတ်(B-2)၊ အခန်း(၄၁၂)၊ ငါးလွှာနေ ဦးအောင်သန်းမြင့်၏ ဇနီး၊ မထားထားဝင်း၊ ကိုတင်မိုးအောင်၊ မမြမြဝင်း၊ မောင်မြင့်မြတ်ထွန်း၊ မောင်အောင်အောင်တို့၏ မိခင်သည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၃း၀၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ငွေ (ခရမ်းမြို့)
ကိရိယာနှင့်ဆက်သွယ်ရေးဌာနခွဲမှူး (ငြိမ်း)
မက်သနောစက်ရုံ၊ ဆိပ်သာ
ရေနံချက်စက်ရုံ၊ သန်လျင်
အသက် (၆၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးလှမောင်-ဒေါ်နှင်းကျင်) တို့၏ သားလတ်၊ ဒေါ်ဖြူဖြူလှ၏မောင်၊ စင်ကာပူနိုင်ငံနေ ဒေါ်ဝါဝါလှ၏ အစ်ကို၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ (၁၆)လမ်း၊ အမှတ် (၇၀၃-ဘီ) မြေညီထပ်နေ ဒေါ်ကြည်ကြည်ခိုင်၏ခင်ပွန်း၊ ဦးအောင်စိုး-ဒေါ်သီရိဟေမွန်ဦး (YOMA Development Group Ltd.)၊ ဦးမင်းသုနောင်-ဒေါ်စင်သီယာကျော်(စင်ကာပူနိုင်ငံ)၊ မောင်ကျော်ဇင်နေလတ် (SBT Co., Ltd.)-မသင်းသန္တာဝင်းတို့၏ဖခင်၊ မအိမ့်ရတီအောင်၊ မောင်အန်ဒရူးချမ်း (Andrew Chan)၊ မဆောင်းဧကရီ၊ မမေဘယ်ရီ၊ မမေဘရဏီမောင်တို့၏ အဘိုးသည် ၁၄-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်ဒါယကာကြီး

ဦးကျော်ဝေရင်
အသက် (၅၅) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်နေ (ဦးစံရင်-ဒေါ်ခင်ကြည်)တို့၏သားလတ်၊ (ဦးစန်းမောင်)-ဒေါ်သောင်းရင်တို့၏ သားသမက်၊ (ဦးကျော်စိုးရင်)၏ညီ၊ (ဦးခင်သိန်း)-ဒေါ်ခင်စိုးရင်၊ (ဦးကျော်ရွှေရင်)-ဒေါ်သန်းသန်းဝင်းတို့၏ အစ်ကို၊ မောင်သူရလင်း-မကြည်စန်းဝေရင်၊ မမေသူထက်ဝေရင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သန်းသန်းငွေး၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဇော်အောင်
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ပါရမီကွန်ဒိုနေ (ဦးအေးမောင်)-ဒေါ်မြမြတို့၏ သား၊ သုဝဏ္ဏနေ (ဦးခင်မောင်ကြည်-ဒေါ်ခင်လှရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်(၂၄)၊ အခန်း(၄၄)၊ ရွှေအုန်းပင်အိမ်ရာ(၂)နေ ဒေါ်ဇင်ကြည်ရီ ၏ ခင်ပွန်း၊ ဦးအောင်စိုးလွင်-ဒေါ်ရွှေစင်(PAN-PACIFIC YANGON)တို့၏ အစ်ကို၊ မယွန်းရွှေရည်လွင်၊ မအိကေဇင်လွင်တို့၏ ဘကြီးသည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅း၃၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဇော်အောင်
အသက် (၅၄) နှစ်

ရန်ကုန်မြို့၊ ပါရမီကွန်ဒိုနေ (ဦးအေးမောင်)-ဒေါ်မြမြတို့၏သား၊ သုဝဏ္ဏနေ (ဦးခင်မောင်ကြည်-ဒေါ်ခင်လှရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်(၂၄)၊ အခန်း(၄၄)၊ ရွှေအုန်းပင်အိမ်ရာ(၂)နေ ဒေါ်ဇင်ကြည်ရီ၏ခင်ပွန်း၊ ဒေါ်ဥမ္မာကြည်၊ ဦးကျော်စွာကြည်-ဒေါ်သီတာရွှေ၊ (ဦးအောင်မြင့်ကြည်)၊ ဒေါ်စန္ဒာရီ-(ဦးညီညီ)၊ ဒေါ်ကြည်ချယ်ရီတို့၏မောင်၊ (ဦးတေဇာအောင်ကြည်)၊ ဒေါ်စောစန္ဒာနွယ်-ဦးပြည့်ဝန်းဇော်၊ (ဦးဗညားအောင်ကြည်)၊ ဦးသီဟအောင်ကြည်တို့၏အစ်ကို၊ ကိုဝဏ္ဏကျော်စွာ-မဇာလီကျော်၊ မမို့မို့ကျော်စွာ၊ မောင်သြရသပြည့်တို့၏ ဦးလေးသည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅း၃၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်

ဒုတိယသမ္မတ ဦးမြင့်ဆွေ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၅

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၁၈) ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနခန်းမ၌ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများဖြစ်သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် စာမျက်နှာ ၉ ကော်လံ ၁ သို့ ◯

မြောက်ဦးမြို့၌ ရေကြီးရေလျှံမှုကြောင့် ပြည်သူများအား ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေး

မြောက်ဦး ဇွန် ၁၅

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယမန်နေ့က လေးမြို့မြစ် ရေကြီးရေလျှံရာ မြို့ပေါ်နေပြည်သူများအား ရေဘေးကင်းလွတ်ရာနေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး မြို့ပေါ်ရပ်ကွက်များဖြစ်သော လက်ကောက်ဈေးရပ်ကွက်၊ ကန်ချေစု၊ အလယ်ဈေးရပ်ကွက်၊ ကြက်လျှာကျွန်းရပ်ကွက်တို့မှ ရေဘေးအန္တရာယ်ကြုံတွေ့နေရသော ပြည်သူများကို လက်ကောက်ဈေးဘုန်းတော်ကြီးကျောင်းတိုက်နှင့် နီးစပ်ရာစာသင်ကျောင်းများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန် ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများက ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထို့နောက် ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ် (၁၀၂/၂)နှင့် (၁၀၂/၃)အကြား လမ်းအရှည်ပေ ၂၀၀ ခန့် ရေကျော်လျက်ရှိပြီး ရှမ်းတောင်ကုန်ဘောင်ကျေးရွာနှင့် မြောင်းဘွေကျေးရွာအကြား၌ လေးမြို့မြစ်ရေ ရေကျော်လျက်ရှိပြီး မြောင်းဘွေတိုက်နယ်ဆေးရုံအတွင်း ရေများဝင်ရောက်လျက်ရှိရာ ဆေးရုံအတွင်း၌ ဆေးကုသခံယူနေသောအတွင်းလူနာများကို နီးစပ်ရာနေအိမ်များသို့ တာဝန်ရှိသူများက ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ယင်းကျား၊ ယင်းနက်တို့ဗျာနေသို့ အလည်တစ်ခေါက်

● စိုင်းဇော်လတ်(လင်းခေး)

စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်းရှိ ယင်းတိုင်းရင်းသားလူမျိုးတို့နေထိုင်ရာ ကျေးရွာအချို့ဖြစ်သော လွယ်ငင်းကြီး၊ လွယ်ငင်းလေး ကျေးရွာနှင့် ပုတ်ပုံကျေးရွာများသို့ ယခုနှစ် မေလအတွင်းက ဒေသန္တရလေ့လာရေး ခရီးတစ်ခေါက် ရောက်ရှိခဲ့ပါသည်။

ထိုသို့ သွားရောက်လေ့လာမှတ်သားခဲ့ရသည်များမှ ယင်းတိုင်းရင်းသားလူမျိုးစုဖြစ်သော ယင်းနက်၊ ယင်းကျားလူမျိုးများ၏ အကြောင်း တစေ့တစောင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

ယင်းလူမျိုးစုနှစ်မျိုး တွေ့ရှိရသည်။ ယင်းနက်လူမျိုး၊ ယင်းကျားလူမျိုးဟူ၍ ဖြစ်သည်။ ယဘုယျအားဖြင့် တူသယောင်ဟု ထင်မှတ်ရသည်။ သို့သော် ၎င်းတို့၏ ဝတ်စားဆင်ယင်ပုံ၊ ဓလေ့ရိုးရာများ အနည်းငယ်ကွဲပြားခြားနားလျက်ရှိကြသည်။ ထို့ကြောင့် ယင်းနက်နှင့် ယင်းကျားလူမျိုးနှစ်မျိုးတို့၏အကြောင်းကို တင်ပြရသော် ယင်းလူမျိုးစု နှစ်စုလုံးသည် ရှေးယခင်နှစ်ပေါင်းများစွာကာလကပင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းတို့တွင် စတင်နေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးစုများဖြစ်ကြောင်း ဒေသခံယင်းတိုင်းရင်းသားများက ပြောကြားသည်။

ယခုအခါ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်းရှိကျေးရွာများ၌ အများဆုံးမှီတင်းနေထိုင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းနက်လူမျိုးတို့အကြောင်းကို ဦးစွာတင်ပြလိုပါသည်။

ယင်းနက်တို့ နေထိုင်ရာ

ယင်းနက်လူမျိုးတို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် လွယ်ငင်းကြီး၊ လွယ်ငင်းလေး၊ လွယ်ဆောင်၊ ပင်ဝင်၊ ကုန်းပုတ်၊ တာဆိုင်း၊ ကုန်းလမ်း၊ နမ့်ဟိုင်း၊ နောင်ဘို၊ ဆန်ခါ၊ လွယ်ရှန်၊ နမ့်ဟူး၊ နောင်ရှန်နမ့်ဟူး၊ နောင်အိမ်၊ နမ့်ဝမ်ကျေးရွာနှင့် နမ့်မိုကျေးရွာဒေသ ရွာပေါင်း ၁၇ ရွာတို့၌ နေထိုင်လျက်ရှိကြသည်။

ယင်းနက်တို့ အသက်မွေးဝမ်းကျောင်း

စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြသည်။ ဆန်စပါး၊ ပြောင်း၊ နှမ်း၊ ပဲစင်းငုံ အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးလုပ်ကိုင်ရာတွင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ လယ်ယာလုပ်ငန်းရှင်အချင်းချင်း အပြန်အလှန်ကူညီရိုင်းပင်း၊ တစ်ဦးနှင့်တစ်ဦး လက်ခစားစနစ်ဖြင့် လုပ်ကိုင်စိုက်ပျိုးကြပါသည်။

အိမ်တိုင်းအိမ်တိုင်း ကျွဲ၊ နွား၊ ဝက်၊ ကြက် တစ်ပိုင်တစ်နိုင်မွေးမြူထားလေ့ရှိကြကာ တောင်ယာလုပ်ကိုင်သူမိသားစုတွင် ကျွဲနွားအကောင်ရေ အနည်းဆုံး နှစ်ကောင်မှ ၁၀ ကောင်အထိ မွေးမြူထားလေ့ရှိကြသည်ကို တွေ့ရှိရသည်။

ယင်းနက်တို့ ယုံကြည်ကိုးကွယ်မှုနှင့် ဘာသာစကားစာပေ

ယင်းနက်တို့သည် အများစုမှာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသည်။ နတ်ကိုးကွယ်ယုံကြည်မှုသည်လည်း ရှိကြသည်။ တောစောင့်တောင်စောင့်၊ ရွာစောင့်နတ်တို့ကိုကိုးကွယ်ကြသည်။ ထူးခြားသည်မှာ ယင်းနက်လူမျိုးတို့၏ အိမ်ခေါင်းရင်းတွင် ဝါးဖြင့်ပြုလုပ်ထားသော နတ်စင်များကို အိမ်တိုင်းကဲ့သို့ မြင်တွေ့ရသည်။

အခါကြီးရက်ကြီးနေ့များတွင် ဘုရားသွားကျောင်းတက်ခြင်းနှင့်တကွ ငှက်ပျောဖက်ဖြင့် ပြုလုပ်ထားသည့် ခွက်များတွင် ထမင်း၊ ဟင်း၊ လက်ဖက်၊ ငှက်ပျောသီးစုံစွာ အစရှိသည်တို့ထည့်၍ နတ်ပူဇော်လေ့ရှိကြကြောင်း သိရသည်။

ယင်းနက်လူမျိုးတို့သည် သီးခြားဘာသာစကားရှိသော်ငြားလည်း သီးခြားကိုယ်ပိုင်စာပေမရှိဟု ဆိုသည်။ "ကျွန်မတို့ ယင်းလူမျိုးစုအချင်းချင်း ယင်းစကားနဲ့ပဲ ပြောဆိုကြပါတယ်၊ အများနဲ့ကျတော့ ရှမ်းဘာသာစကားကို အများဆုံးအသုံးပြုပြောဆိုလေ့ရှိတယ်၊ ယင်းနက်လူမျိုးကို ယင်းဘာသာစကားနဲ့ လျှန်အေလို့ခေါ်ပါတယ်၊ ရှမ်းဘာသာအရ ယမ်းလမ်လို့ဆိုကြပြီး မြန်မာ(ဗမာ)လူမျိုးတွေကတော့ ယင်းနက်လို့ခေါ်ဆိုကြပါတယ်"ဟု လွယ်ငင်းလေးရွာနေ ယင်းနက်တိုင်းရင်းသူ နန်းဇာဇာထွန်းက ပြောကြားသည်။

ယင်းနက်တို့သည် ရိုးရာဝတ်စုံ အနက်ရောင်ကို ဝတ်ဆင်ကြသည်။ ယင်းနက်အမျိုးသားများ၏ ဘောင်းဘီမှာ ဘောင်းဘီခွသည် ဘောင်းဘီအောက်အဝနှင့် တစ်ဆက်တည်းဖြစ်သည်။ အမျိုးသမီးများက အပေါ်အင်္ကျီ အနက်ရောင် ရှင်မီးပုံသဏ္ဍာန်ရက်လုပ်ထားပြီး အနက်ရောင်ဂါဝန်ဖြင့် တွဲဖက်ဝတ်ဆင်ထားကြသည်။ ယင်းနက်အမျိုးသမီးတို့၏ ခါးတွင် ကြိမ်ကွင်းများစွပ်ထားလေ့ရှိကြသည်။

ယင်းနက်လူမျိုးတို့၏ ရိုးရာဓလေ့ပွဲများမှာ တပို့တွဲလနှင့် တပေါင်းလသို့ရောက်လျှင် စုပေါင်းရှင်ပြုပွဲကို ကျင်းပလေ့ရှိကြသည်။ ရိုးရာထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲကို သတို့သား၏အိမ်၌ ပြုလုပ်လေ့ရှိကြပြီး ထိမ်းမြားပွဲအတွက် ကုန်ကျစရိတ်ကို သတို့သားမိဘဘက်က တာဝန်ယူကျွေးမွေးဆောင်ရွက်ကြကြောင်းနှင့် လက်ထပ်ပြီးနောက် ဇနီးမောင်နှံလိုက်နေမည့် မိဘများဘက်မှ ဆက်လက်တာဝန်ယူသွားကြကြောင်း၊ မင်္ဂလာပွဲကျင်းပရမည့်ရက်တွင် ရွာလူကြီးသူကြီးအား ဖိတ်ခေါ်ကာ သတို့သမီး၊ သတို့သားတို့က ထမင်းဟင်း၊ လက်ဖက်တစ်ထုပ်၊ ငှက်ပျောသီး၊ ကြံသကာများပါသော ကန်တော့ပွဲဖြင့် ရွာသူကြီးထံမှ အကြင်လင်မယားအဖြစ် အသိအမှတ်ပြုခံရန် ကန်တော့ကြရသည်ဟု သိရှိရသည်။

အလားတူ သတို့သားအိမ်သို့လည်း သွားရောက်ပြုလုပ်ကြပြီးမှသာ မင်္ဂလာပွဲ အထမြောက်ပါကြောင်း လွယ်ငင်းလေးရွာလူကြီးများက ဆိုသည်။

အထူးကဏ္ဍ [ခ] သို့ »»»

ယင်းနက်တို့သည် ရိုးရာဝတ်စုံ အနက်ရောင်ကို ဝတ်ဆင်ကြသည်။ ယင်းနက်အမျိုးသားများ၏ ဘောင်းဘီမှာ ဘောင်းဘီခွသည် ဘောင်းဘီအောက်အဝနှင့် တစ်ဆက်တည်းဖြစ်သည်။ အမျိုးသမီးများက အပေါ်အင်္ကျီအနက်ရောင် ရှင်မီးပုံသဏ္ဍာန် ရက်လုပ်ထားပြီး အနက်ရောင်ဂါဝန်ဖြင့် တွဲဖက်ဝတ်ဆင်ထားကြသည်။ ယင်းနက်အမျိုးသမီးတို့၏ ခါးတွင် ကြိမ်ကွင်းများ စွပ်ထားလေ့ရှိကြသည်။

အထူးကဏ္ဍ [က] မှ »»»

ယင်းနက်တို့ လက်မှုပညာ၊ တေးဂီတ၊ ယဉ်ကျေးမှုနှင့် နေထိုင်မှုပုံစံ

ယင်းနက်လူမျိုးတို့သည် စပါးထည့်ရန် ပုတ်ကြီး၊ လွယ်ပလိုင်း၊ ဝါးဖျာရက်လုပ်ခြင်းနှင့် အမျိုးသမီးတို့၏ မိရိုးဖလာ ရက်ကန်းရက်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြသည်။ ယင်းနက်အမျိုးသမီးငယ်များ အသက် ၁၈ နှစ်ပြည့်လျှင် ရက်ကန်းရက်ပညာကို မိဘများက မဖြစ်မနေ စတင်သင်ကြားပေးကြရကြောင်း သိရသည်။

ယင်းနက်တို့တေးဂီတအနေဖြင့် ၎င်းတို့တွင် ဝေါ်ကွန့်ဟုခေါ်သည့် အဆိုအကနှင့် မက်ဟုခေါ်သည့် အဆိုအတီးအဖွဲ့ နှစ်ဖွဲ့ရှိပြီး သီဆိုရာ၌ ကဗျာကိုရွတ်ဆိုကြသည်။ ဝါးဖြင့်ပြုလုပ်ထားသောတူရိယာကိုသာ အသုံးပြုတီးမှုတ်ကြသည်။

ကျစဝပ်ဟုခေါ်သည့် ဝါးပုလွေကိုမှုတ်၍ ကျား၊ မ စုံတွဲရိုးရာအကသည် ယင်းနက်လူမျိုးစုတို့၏ ရိုးရာအကဖြစ်သည်။ ယင်းအပြင် ခေါ်ကွန့်အမည်ရှိ ကပွဲအား သင်္ကြန်ကာလအပြီး အထိမ်းအမှတ်အဖြစ် ကျင်းပကြသည်။

ယင်းနက်တို့သည် ထရံကာ၊ သက်ငယ်မိုး၊ ခြေတံရှည်အိမ်အမြင့်များ ဆောက်လုပ်နေထိုင်ကြသည်။ ဝင်ပေါက်တစ်ခုသာထားရှိကြပြီး ယင်းနက်တို့၏ ဆွေမျိုးမိသားစုဝင်အိမ်ထောင်စုများသည် အိမ်ရာခြံဝင်းကျယ်သောနေရာတို့၌ ဖော်ပြခဲ့ပြီး ခြေတံရှည်အိမ်များအား ဆောက်လုပ်ကာ အေးအတူပူအမျှ တစုတရုံးတည်း စုပေါင်းနေထိုင်ခဲ့ကြကြောင်းနှင့် ယင်းနက်တိုင်းရင်းသားလူမျိုးတို့သည် ရိုးရာဓလေ့၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၊ သာမှု၊ နာမှုကိစ္စအဝဝတို့အား ရိုးရှင်းစွာဖြင့် အသက်ရှင်နေထိုင်ကြသူများဖြစ်ပါကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ဆက်လက်၍ ယင်းကျားလူမျိုးများနေထိုင်ရာ နမ့်စန်မြို့နယ် ပုတ်ပျံရွာသို့ စာရေးသူသွားရောက်လေ့လာခဲ့သည်။

ယင်းကျားလူမျိုးတို့နေထိုင်ရာ

ယင်းကျားတို့သည် ဖော်ပြခဲ့ပြီးသော ယင်းနက်တို့အလားတူ မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများတွင် ရှေးပဝေသဏီမှစ၍ ပေါက်ဖွားနေထိုင်လာခဲ့ကြသည့် မြန်မာတိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်သည်ဟု ယင်းကျားလူမျိုးစုနောက်ခံသမိုင်း၌ ဖော်ပြထားသည်။

ယခုမျက်မှောက်ကာလ၌ ယင်းကျားလူမျိုးအများစုသည် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၏ အရှေ့တောင်ဘက်အရပ်ဒေသနေရာများဖြစ်သော ကျီးအစ်ကျေးရွာ၊ လွယ်ဆိုင်း၊ လွယ်ဖွီး၊ ပုတ်ပျံရွာ၊ လွယ်စန့်၊ တွံတီး၊ လွယ်ပေါင်း၊ မောက်ကျန်ကျေးရွာနှင့် စံဝကျေးရွာ စသည့်ရွာပေါင်း ကိုးရွာတွင် တစုတစည်း အများဆုံးမှီတင်းနေထိုင်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိနိုင်သည်။

ယင်းကျားတို့၏ ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကားနှင့် အပြောအဆို၊ စကားပုံများ

ယင်းကျားတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ ယင်းနက်တို့နှင့်အလားတူ နတ်ကိုးကွယ်ယုံကြည်မှုရှိကြသည်။

ယင်းကျားတို့၏ ဘာသာစကားမှာ မွန်ခမာအုပ်စု၊ 'ဝ'၊ ပလောင်အုပ်စုခွဲတွင် ပါဝင်ကြောင်းသိရသည်။

ယင်းလူမျိုးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုတို့သည် ပလောင်လူမျိုးတို့နှင့် အလွန်နီးစပ်သောကြောင့် ယင်းကျား၊ ယင်းနက်နှစ်မျိုးစလုံးကို မသိသေးသောသူအချို့က ပလောင်လူမျိုးဟု ထင်ကြသည်။

ယင်းကျား၊ ယင်းနက်လူမျိုးစု နှစ်ခု၏ ပြောဆိုကြသော ဘာသာစကားမှာ ယေဘုယျအားဖြင့် တူသယောင်နှင့် ကွဲပြားကြောင်း လေ့လာတွေ့ရှိနိုင်သည်။ ယင်းနက်တို့ စကားပြောလျှင် အသံနေအသံထားမာ၍ ပေါ့ပြီး ယင်းကျားတို့စကားက အသံလေး၍ ပျော့သည်။ စကားပြောနှေးသည်။ ယင်းကျားစကားသည် ရှမ်းစကားလည်းမဟုတ်။ သို့သော် ရှေးယခင်က ရှမ်းလူမျိုးတို့နှင့် အများဆုံး ရောနှောနေထိုင်လာခဲ့ကြရသောအခါ ရှမ်းစကားကို အများသုံးပြောဆိုကြကြောင်း ယင်းကျားတို့က ဆိုသည်။

ယင်းကျားစာပေမရှိသေး

ဘာသာစကားသာရှိသည်။ အများအားဖြင့် ယင်းကျားစကားအပြင် မြန်မာစကား၊ မြန်မာစာ၊ ရှမ်းစကား၊ ရှမ်းစာနှင့် ပအိုဝ်းဘာသာစကားနှင့် စာပေအရေးအသားများကို လေ့လာသင်ယူအသုံးပြုလျက်ရှိကြသည်ကို လေ့လာမှတ်သားခဲ့ရသည်။

ထို့ကြောင့် ယင်းကျားလူမျိုးစုတို့၌ ကိုယ်ပိုင်ဘာသာစကားရှိသော်လည်း ကိုယ်ပိုင်စာပေမရှိသေးသော လူမျိုးစုတစ်ခုဖြစ်ကြောင်း ယင်းကျားတို့၏ ထူးခြားချက်ဟုဆိုရမည့် လူကြီးသူမများက မိမိတို့၏ သားသမီးလူငယ်မောင်မယ်တို့အား ဆုံးမပြောဆိုရာတွင် ယင်းကျားစကားပုံများဖြင့်သာ သာဓကပုံဆောင်ဆုံးမပြောဆိုတတ်လေ့ရှိကြသည်ကို တွေ့ရှိရပေသည်။

ယင်းကျားတို့၏စကားပုံအချို့မှာ "ကျားဆိုးရာ ကံမယုံနဲ့၊ ဝါးလှန်းရင် စောစောလှန်း၊ စောစောထရင်စားရမယ် နောက်ကျမှထရင် ဆန်ပြုတ်ပဲစားရမယ်၊ စောစောစိုက်ရင် ရောင်းဖို့ရမယ် နောက်ကျမှစိုက်ရင် စားဖို့ပဲရမယ်၊ ကလေးမကျမီ ကြမ်းပြင်ထား၊ လူကိုခင်ရင် ရက်ကန်းအတူမရက်နဲ့" ဟူသော အစရှိသည့် မှတ်သားဖွယ်ရာ ယင်းကျားတို့၏ ကံ၊ ဉာဏ်၊ ဝီရိယဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စကားအပြောအဆိုဆိုင်ရာ၊ ကျေးဇူးတရားနှင့်ဆိုင်ရာ၊ လူ့ကျင့်ဝတ်ဆိုင်ရာ၊ အတွေးအခေါ် အယူအဆပိုင်းဆိုင်ရာ ယင်းကျားစကားပုံများစွာရှိကြောင်း လေ့လာမှတ်သားရသည်။

ယင်းကျားတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးသည် ယင်းနက်လူမျိုးတို့နှင့် တူညီကြသည်။ မတူညီသော အချက်တစ်ခုမှာ ယင်းကျားလူမျိုးတို့သည် စိုက်ပျိုးမြေကိုရွေးချယ်ရာ၌ မြေကျယ်သော နေရာကို ရွေးချယ်ရွာတည်လေ့ရှိကြ၏။ ရေနှင့်ဝေးသော နေရာများ၏။

ထို့ကြောင့် အချို့က ဒဏ္ဍာရီဆန်ဆန် ဤသို့ပြောကြသည်။ ယင်းကျားတို့သည် ယင်းလူမျိုးတို့သည် ဘုရားလောင်းကြွလာစဉ်အခါက ရေမတိုက်ခဲ့သည်ကြောင့် ယခုကဲ့သို့ ယင်းရွာများတွင် ရေရှားပါးရခြင်းဖြစ်သည်ဟု အချင်းချင်းပြောဆိုသမုတ်လေ့ရှိကြောင်း ယင်းကျားရွာသူ၊ ရွာသားများက ပြောကြားခဲ့ကြသည်။

ယင်းကျားတို့သည် ချင်း(ဂျင်း)၊ ငရုတ်၊ နာနတ်၊ ပဲစင်းငုံ၊ ပြောင်း၊ ဆန်စပါးတို့ကို အဓိကထားစိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။ ကျွဲ၊ နွား၊ ကြက်၊ ဝက် အိမ်မွေးစနစ်တူညီကြသည်။

ယင်းကျားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုပွဲတော်များနှင့် ရိုးရာဝတ်စားဆင်ယင်မှုတို့မှာ ယင်းနက်လူမျိုးတို့နှင့် အလားဆင်သော်လည်း ယင်းကျားအမျိုးသမီးဝတ်စုံမှာ အရောင်စင်းကျားဒေါင်လိုက်ထည့်သွင်း ရက်လုပ်ထားသည်က တစ်မျိုးလေးပိုမိုလှပစေသည်ဟု ထင်မှတ်ရနိုင်ပေသည်။

အမျိုးသားများက ယင်းနက်ကဲ့သို့ အနက်ရောင်အင်္ကျီ၊ ဘောင်းဘီကို ဝတ်ဆင်ထားကြသည်။ ယင်းကျားတို့သည် ရိုးရာစုပေါင်းရှင်ပြုအလှူမင်္ဂလာပွဲများမှာ ယင်းနက်တို့နှင့်တူညီကြသည်။ ယင်းကျားတို့က နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်ရေလောင်းပွဲကျင်းပခြင်း၊ မီးရှူးလွှတ်တင်ယှဉ်ပြိုင်ပွဲကျင်းပခြင်းနှင့် ယင်းကျားလူမျိုးတို့၏ ရာဇဝင်သမိုင်းကြောင်းအရ မိမိတို့လူမျိုးနွယ်စုတို့ စတင်ပေါက်ဖွားလာရာ နေရာဒေသဟု စွဲမှတ်ပြုယုံကြည်ခဲ့ကြသည့် ရသေ့တောင်(မင်းလောင်းဂူ)သို့ သွားရောက်ကြကာ ယင်းကျားကျေးရွာ ကိုးရွာရှိ လူမျိုးစုတို့အားလုံးက ပွဲလှူနမ့်(ခေါ်) ယင်းကျားလူမျိုးတို့၏ ရေလောင်းလှူသည့် ပွဲတော်သည် ယင်းနက်တိုင်းရင်းသားလူမျိုးစုများနှင့် ယင်းလူမျိုးနွယ်စုတွင် တူညီသယောင်နှင့် မတူဘဲ တစ်မူကွဲပြားလျက်ရှိကြသော်ငြား အတူတကွ ညီညွတ်စုပေါင်းနေထိုင်လျက်ရှိကြသည်။ ။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ရွှေမဉ္ဇူ ရေလယ်ဘုရားကို တွေ့ရစဉ်။

အထူးကဏ္ဍ [ယ] မှ »»»

သုတေသနပြုနိုင်ခြင်း၊ ဒေသခံလူမျိုးတို့၏ ဓလေ့စရိုက်တို့ကို လေ့လာနိုင်ခြင်း စသော အခွင့်အလမ်းများ ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။

ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေသည် မြစ်ကြီးနားခရိုင် တနိုင်းအနီးရှိ ဟူးကောင်းတောင်ကြားတွင် တည်ရှိပြီး ၈၄၅၂ စတုရန်းမိုင်ခန့် (စတုရန်းကီလိုမီတာ ၂၁၈၉၀) ကျယ်ဝန်း၍ ၂၀၀၃ ခုနှစ် မေလ ၁ ရက်က တည်ထောင်ခဲ့သည်။ ယင်းနယ်မြေသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကျားထိန်းသိမ်းရေး နယ်မြေဖြစ်ပြီး တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းထားသော နယ်မြေလည်းဖြစ်သည်။

ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေတွင် ကျားကောင်ရေ ၈၀ မှ ၁၀၀ ကျော်အထိ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားပြီး ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရှိသည့် ရှားပါးကျားမျိုးစိတ်များရှိနိုင်ကြောင်း သဘာဝတောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (Wildlife Conservation Society) ၏ ဖော်ပြချက်အရ သိရသည်။ ကမ္ဘာပေါ်တွင် ကျားကောင်ရေ ၃၅၀၀ ခန့်သာရှိပြီး မျိုးပွားနိုင်သည့် ကျားမကောင်ရေ ၁၀၀၀ ကျော်ရှိသည်။

ဟူးကောင်းတောင်ကြားသည် ၅၅၈၆ စတုရန်းမိုင်ကျယ်ဝန်းသော ချိုင့်ဝှမ်းကြီးဖြစ်၍ အရှေ့၊ အနောက်နှင့် မြောက်ဟူသော သုံးဘက်သုံးမျက်နှာ၌ ကျော်ဖြတ်ရန် ခဲယဉ်းသည့် မြင့်မားသော တောင်တန်းကြီးများဖြင့် ကာဆီးလျက်ရှိပြီး တောင်ဘက်၌မူ တောင်ကုန်းနိမ့်များရှိရာ ၎င်းဘက်မှ ဟူးကောင်းချိုင့်ဝှမ်းအတွင်းသို့ ဝင်ရောက်နိုင်သည်။ အနောက်ဘက်ရှိ ပေ ၈၀၀ ကျော်မြင့်သော ပတ်ကွိုင်တောင်တန်းသည် ချင်းတွင်းမြစ်နှင့် ဗြဟ္မပုတ္တရ(အိန္ဒိယနိုင်ငံ)မြစ်တို့၏ မြစ်လက်တက်များ မြစ်ဖျားခံရာ ရေဝေကုန်းတန်းဖြစ်သည်။ ဟူးကောင်းချိုင့်ဝှမ်း၏ အရှေ့မျက်နှာကို ကာဆီးလျက်ရှိသော ကူမွန်တောင်တန်းသည် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တို့၏ မြစ်လက်တက်များ မြစ်ဖျားခံရာ ရေဝေကုန်းတန်းဖြစ်သည်။ ထိုချိုင့်ဝှမ်း၏ အရှေ့ဘက်နှင့် အနောက်ဘက် ရေဝေကုန်းတန်းတို့မှ ချောင်းကြီးချောင်းငယ် အသွယ်သွယ်တို့သည် ချိုင့်ဝှမ်း၏ အလယ်ဗဟိုဘက်သို့ စီးဆင်းလာရာမှ စုပေါင်းပြီးလျှင် ချင်းတွင်းမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော တနိုင်းခကို ဖြစ်ပေါ်စေသည်။ ပတ်ကွိုင်တောင်၏ မြောက်ဘက် တောင်ကြားဒေသနေရာ၌ ချင်းတွင်းမြစ်ဖြစ်ပေါ်စေသော မြစ်ငယ်တစ်စင်းနှင့် ဗြဟ္မပုတ္တရမြစ်၏ မြစ်လက်တက်တစ်ခုတို့ဆုံ၍ စီးဆင်းရာ ယင်းနေရာကို ဟူးကောင်းတောင်ကြားလမ်းဟု ခေါ်ဆို၍ အာသံပြည်နယ်သို့ လမ်းပေါက်နိုင်သည်။ ထိုတောင်ကြားလမ်းကို မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးပေါက်ဟုလည်း ခေါ်ဆိုကြလေသည်။ ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်ကြည်းတပ်က တရုတ်အစိုးရအား ထောက်ပံ့ရေးပစ္စည်းများပို့ခဲ့သော နာမည်ကျော် လီဒိုလမ်းမကြီးသည် ဟူးကောင်းချိုင့်ဝှမ်းဒေသကို ဖြတ်၍ ဖောက်လုပ်ထားခြင်းဖြစ်သည်။

ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ၂၀၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့စဉ် ဧရိယာ ၂၄၆၀ စတုရန်းမိုင်သာ ကျယ်ဝန်း၍ ၂၀၁၀ ပြည့်နှစ်တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် ဧရိယာ ၁၆၇၃ စတုရန်းမိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့တွင် ဧရိယာ ၂၅၇၅ စတုရန်းမိုင်တို့ကို ထပ်မံတိုးချဲ့တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောသည် သဘာဝအနေအထားနီးပါး တည်ရှိနေပြီး ဇီဝမျိုးစုံကြွယ်ဝသည့် အနေအထားကို လေ့လာကြည့်ရှုနိုင်ခြင်း၊ ကျား၊ ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်များအား လေ့လာနိုင်ခြင်း၊ တောတွင်းသို့ ဆင်စီး၍ ရက်ရှည်ခရီးသွားနိုင်ခြင်း၊ ချောင်းလက်တက်များတစ်လျှောက် လှေစီးစုန်ဆင်းခြင်း၊ ဆင်ဖြင့် လယ်ထွန်သည့်လုပ်ငန်းများ လေ့လာနိုင်ခြင်း၊ တိုင်းရင်းသားရိုးရာနေအိမ်များတွင် တည်းခိုနေထိုင်နိုင်ခြင်း၊ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ပြောင်းလဲသွားသော သဘာဝ ရှုခင်းများအား ကြည့်ရှုခံစားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လေ့လာနိုင်ခြင်းစသော အခွင့်အလမ်းများ ရရှိလေ့လာနိုင်မည်ဖြစ်သည်။

ဟူးကောင်းဘေးမဲ့တောနယ်မြေ၌ ငှက်မျိုးစိတ် ၃၇၀ ခန့်ရှိပြီး ၎င်းတို့အနက် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ဒီးဒုတ်ငှက်မျိုးရင်းဝင်ငှက်များလည်း ပါဝင်သည်။ ကမ္ဘာပေါ်၌ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၃၀၅၀၀ ခန့်ရှိပြီး ယင်းတို့အနက် ၇၀၀၀ ခန့်ကို ဟူးကောင်းချိုင့်ဝှမ်း၌ တွေ့ရသည်။

ဟူးကောင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကျားအပြင် ကျားသစ်၊ ဆင်၊ ဝက်ဝံ၊ တောကျွဲ၊ ပြောင်၊ ဆတ်၊ ချေ၊ တောကြောင်မျိုးစိတ်များ၊ မျောက်မျိုးစိတ်များ၊ တောဆိတ်၊ တောင်ဆိတ်အပါအဝင် နို့တိုက်သတ္တဝါ ၃၅ မျိုး၊ ဖားမျိုး ၄၆ မျိုး၊ ရေချိုငါးမျိုးစိတ် ၃၇ မျိုး၊ လိပ်မျိုးစိတ် လေးမျိုး၊ လိပ်ပြာမျိုးစိတ် အမျိုးမျိုးအပြင် အပင်မျိုးစိတ်ပေါင်း ၁၃၅၀၀ ခန့် လေ့လာနိုင်သည်။

ဘွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ဆွမ်ပရာဘွမ်မြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၇၁၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော၊ ရေခဲတောင်ဂေဟစနစ်တို့ကို လေ့လာနိုင်သည်။ အဓိကကာကွယ်ထိန်းသိမ်းထားသော ဆင်၊ ပြောင်၊ တောဆိတ်၊ သမင်၊ အင်းကျား၊ ခွေးအ၊ တောင်ဆိတ်၊ ကျားသစ်၊ ငှက်မျိုးများကို လေ့လာနိုင်သည်။

ထို့ပြင် မြစ်ကြီးနားမြို့မှ ၉၈ မိုင်ကွာဝေးသော ကမ္ဘာကျော် ကျောက်စိမ်းတုံးကြီးထွက်ရှိသည့် ဖားကန့်ရတနာမြေသို့ သွားနိုင်သေးသည်။ ဖားကန့်ရတနာမြေသည် ဥရုချောင်းအနီးတည်ရှိသည်။ ၂၀၀၀ ပြည့်နှစ် ဇူလိုင်လက အလျားပေ ၇၀၊ အနံ ၁၆ ပေ၊ အမြင့်ပေ ၃၀ ရှိပြီး တန်ချိန် ၃၀၀၀ အလေးချိန်ရှိသော ကျောက်စိမ်းတုံးကြီးကို နမ့်မော်ရွာတောင်ဘက် သုံးဖာလုံအကွာ ရေကြည်ချောင်းအနီးမှ တူးဖော်ရရှိခဲ့သည်။

မြစ်ကြီးနားမြို့မှ ၁၀၆ မိုင်ကွာဝေးသော မိုးညှင်းမြို့နယ်တွင် ကချင်ပြည်နယ်၏ အထင်ကရ စေတီတော်ဖြစ်သည့် ရွှေမဉ္ဇူ ရေလယ်ဘုရားကိုသွားရောက်ဖူးမြော်နိုင်သည်။ ရွှေမဉ္ဇူဘုရားသည် အင်းတော်ကြီးကန်၏ အနောက်ဘက်ကမ်းခြေမှ ပေ ၁၅၀၀ အကွာ လင်းလုံသဲသောင်စွယ်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသည်။ ယခုအခါ ဉာဏ်တော်အမြင့်ပေ ၅၀၊ ဖိနပ်တော် ၃၉ ပေ ၁၀ လက်မ ရှိသည်။ စေတီတော်၏ ပစ္စယံအဆင့်ဆင့်တွင် မုခ်ဦးငယ်များ တည်ဆောက်ထားပြီး ကျောက်ဆင်းတုတော်များ စံပယ်တော်မူလျက်ရှိသည်။ အရန်စေတီငယ်ပေါင်း ၁၅၂ ဆူကိုလည်းတည်ထားသည်။ ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၈ ရက်မှ လပြည့်အထိ ကျင်းပလေ့ရှိသည်။ ဘုရားပွဲတော် ကျင်းပချိန်နီးကပ်လာလျှင် သဲလမ်းမကြီးနှစ်လမ်း ပေါ်လာတတ်သည်။ ဘုရားပွဲပြီးသည့်အခါ သဲလမ်းများရေထဲပြန်မြုပ် သွားတတ်သည်။ ပွဲတော်ပြီးလျှင်လည်း လေတိုက်ပြီး ပွဲတော်ကျင်းပရာ နေရာမှ ကျန်ရှိသော အမှိုက်များလေထဲပါသွားသည်ဟု သိရသည်။

ရွှေမဉ္ဇူ ဘုရားတည်ရှိသည့် အင်းတော်ကြီးကန်သည် အရှေ့တောင်အာရှတွင် အကြီးဆုံး ရမ်ဆာရေဝပ်ဒေသကြီးဖြစ်ပြီး အာဆီယံ အမွေအနှစ်ဉယျာဉ်တစ်ခု ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ဇီဝအဝန်းနယ်မြေတစ်ခုလည်းဖြစ်သည်။ အင်းတော်ကြီးတွင် သမိုင်းဝင်ရေလယ် ရွှေမဉ္ဇူဘုရားကို ဖူးမြော်ခြင်း၊ ရေဝပ်ဒေသ ဂေဟစနစ်လေ့လာနိုင်ခြင်း၊ ဆင်၊ စက်လှေ၊ မိရိုးဖလာလှော်ခတ်သည့် လှေသမ္ပန်တို့ဖြင့် ရေပျော်ငှက်၊ ဆောင်းခိုငှက်များကို လှည့်လည်ကြည့်ရှုနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဒေသသစ်သားတိုင်ရှည်ကြီးများဖြင့် ဆောက်လုပ်ထားသော နန့်မီးလောင်ဘုန်းတော်ကြီးကျောင်း၊ လုံးစန့်ကျေးရွာရှိ ရှေးဟောင်းဘုရားများ၊ ဒေသသမိုင်းအဆိုအရ လွဲမွှန်မုဆိုးမခြေရာ၊ နတ်နန်း၊ လုံးတုံ၊ မိုင်းနောင်၊ နန့်မီးလောင်ကျေးရွာများမှ မိရိုးဖလာ လက်မှုပညာရပ်အဖြစ် နီး၊ ကြိမ်၊ သင်ဖြူးဖျာ ရက်လုပ်ခြင်းနှင့် ဂျပ်ခုတ်လက်ရက်ကန်း၊ နန့်ဗဒဲကျေးရွာမှ ဝါးခွက်၊ ဝါးယပ်တောင်လုပ်ငန်း၊ ဟဲဗန်ကျေးရွာမှ ဘူးခါးသီးဖြင့်ပြုလုပ်သည့် ဘူးခါးခွက် အသုံးအဆောင်မျိုးစုံကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည့်အပြင် သဘာဝပေါက်သစ်ပင်မျိုးစုံ၊ ကုန်းနေရေနေ တွားသွားသတ္တဝါမျိုးစိတ်မျိုးကွဲများ၊ သစ်ခွများ၊ လိပ်ပြာများ၊ အင်းဆက်များ၊ ငါးမျိုးစိတ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ဟူးကောင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကျားအပြင် ကျားသစ်၊ ဆင်၊ ဝက်ဝံ၊ တောကျွဲ၊ ပြောင်၊ ဆတ်၊ ချေ၊ တောကြောင် မျိုးစိတ်များ၊ မျောက်မျိုးစိတ်များ၊ တောဆိတ်၊ တောင်ဆိတ်အပါအဝင် နို့တိုက်သတ္တဝါ ၃၅ မျိုး၊ ဖားမျိုး ၄၆ မျိုး၊ ရေချိုငါးမျိုးစိတ် ၃၇ မျိုး၊ လိပ်မျိုးစိတ်လေးမျိုး၊ လိပ်ပြာမျိုးစိတ် အမျိုးမျိုးအပြင် အပင်မျိုးစိတ်ပေါင်း ၁၃၅၀၀ ခန့် လေ့လာနိုင်

ရေခဲဖုံးတောင်များနှင့် မေခ၊ မလိခမြစ်နှစ်သွယ်ပေါင်းဆုံသည့် မနောမြေ

ခရီးသွားမှတ်စု - စိုးစိုးနိုင်(ကြေးမုံ)

ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

ယခင်အပတ်မှအဆက် »»»

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် သစ်တောထိန်းသိမ်းရေးနယ်မြေအဖြစ် ပထမဆုံးတည်ထောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် ကြေညာခဲ့သည်။ ယခုအခါ အာဆီယံအမွေအနှစ်ဆိုင်ရာဥယျာဉ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ယင်းဥယျာဉ်သည် မြန်မာနိုင်ငံ မြောက်ဘက်စွန်းရှိ ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၁၄၇၂ စတုရန်းမိုင်ကျယ်ဝန်းသည်။ မြန်မာနိုင်ငံ၌ အကြီးဆုံးသဘာဝဥယျာဉ်ဖြစ်ပြီး တောင်တန်းများ၊ ရေတံခွန်များ၊ ရေစီးသန်သော စမ်းချောင်းများနှင့် ချောင်းများဖြင့် ဖွဲ့စည်းတည်ရှိသည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ရှားပါးတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ပန်ဒါနီ၊ တောင်ဆိတ်နီ၊ သမင်၊ ဒရယ်၊ ချေ၊ ဆတ်တို့နှင့် သားရဲတိရစ္ဆာန်မျိုးစိတ် အမြောက်အမြားတို့အပြင် ရှားပါးငှက်များ၊ ရှားပါးအနက်ရောင်သစ်ခွများ၊ ရိုးပဒီးနှင့် ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥများကို ထိန်းသိမ်းကာကွယ်ထားပြီး အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ တောင်ပေါ်ထင်းရှူးတော ဂေဟစနစ်များကိုလည်း ထိန်းသိမ်းထားသည်။

အဆိုပါ ဥယျာဉ်သည် ရုက္ခဗေဒ၊ ဘူမိဗေဒ၊ သတ္တဗေဒနှင့် ပထဝီဝင်ကျောင်းသားများအတွက် ကွင်းဆင်းလေ့လာရန် အကောင်းဆုံးပြတိုက်တစ်ခုဖြစ်သည်။ ရေခဲဖုံးတောင်ပေါ်များသို့ တက်ရောက်နိုင်ခြင်း၊ ဧရာဝတီမြစ်ဖျားခံရာ ဒေသပတ်ဝန်းကျင်အခြေအနေများလေ့လာနိုင်ခြင်း၊ သာယာလှပသော သဘာဝရေမြေတောတောင်ရှုခင်းများ ခံစားကြည့်ရှုနိုင်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ လေ့လာရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ဒေသခံ ရဝမ်၊ လီဆူး၊ မြန်မာ-တိဘက်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုစနစ်များကို လေ့လာနိုင်ခြင်း စသော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်းမြို့နယ်တို့တွင်တည်ရှိပြီး ဧရိယာ ၁၀၄၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် မှတ်တမ်းတင်ထားပြီးသော ငှက်မျိုးစိတ် ၃၇၀၊ လိပ်ပြာမျိုးစိတ် ၃၆၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၈၂ မျိုးတို့အား လေ့လာနိုင်ခြင်း၊ ဆောင်းကာလတွင် ဆီးနှင်းဖုံးတောင်ပေါ် သဘာဝရှုခင်း၊ သဘာဝတောင်ပေါ် ထင်းရှူးတော၊ တောင်ဇလပ်တောများကို လေ့လာခံစားနိုင်ခြင်း၊ ဆီးနှင်းဖုံးတောင်ထိပ်သို့ ခြေကျင်တောင်တက်ခရီးရှည်သွားလာခံစားနိုင်ခြင်း၊ တောတွင်း ဖောင်စီးခရီးကြမ်း သွားလာခံစားနိုင်ခြင်း၊ ဖုန်ကန်ရာဇီဒေသ ဇီဝမျိုးစုံမျိုးကွဲလေ့လာနိုင်ခြင်းနှင့်

အထူးကဏ္ဍ [ဂ] သို့ »»»



အင်ဥကြော်

ဒီမနက် အိမ်ရှင်မဈေးကအပြန်မှာ အင်ဥတွေဈေးခြင်းထဲပါလာတာတွေ့လို့ မေးကြည့်တော့ ပေါ်ဦးပေါ်ဖျား ဈေးထဲမှာတွေ့လို့မို့ ဝယ်လာတာလို့ဖြေပါတယ်။ ပေါ်ဦးပေါ်ဖျားဆိုတော့ ဈေးကမသေးလှပါဘူး။ နို့ဆီဘူးတစ်လုံးကို တစ်ထောင့်နှစ်ရာ၊ တစ်ပြည်ကို ကိုးထောင့်ခြောက်ရာပါတဲ့။ ဈေးများလှချည်လားလို့ စောဒကတက်မိတော့ ထိုင်းကို အိတ်စ်ပို့ဆွဲနေတာ ဒီဈေးနဲ့ စားခွင့်ရတာ ကံကောင်းတယ်မှတ်လို့ ဇနီးသည်က ခပ်ဆတ်ဆတ်ပြောပြီး အိမ်ထဲဝင်သွားလို့ အသာငြိမ်နေလိုက်ရပါတယ်။

တကယ်တော့ အင်ဥဆိုတာက အညာစာပါ။ စစ်ကိုင်းတိုင်းဒေသကြီးထဲက အင်တောကြီးတွေမှာ ပေါပေါများများရှာလို့ရပါသတဲ့။ မိုးဦးကျစ မိုးတစ်ပြိုက်၊ နေတစ်ပြိုက်ကာလမျိုးမှာ အင်တောကြီးတွေထဲမှာ ရှာရတာပါတဲ့။ တစ်နှစ်မှာ တစ်ခါသာပေါ်တဲ့ သဘာဝသစ်ဥ၊ သစ်ဖုမျိုးမို့လည်း တန်ဖိုးထားစားကြဟန်တူပါရဲ့။ သစ်ရွက်ဆွေး၊ မြေဆွေးတွေအောက်မှာ ပေါက်ရလို့ထင်ပါရဲ့။ အင်ဥတွေက သစ်ဆွေး၊ မြေဆွေးအရောင် မည်းမှောင်နေပါတယ်။

အင်ဥပေါ်ချိန်ဆို စစ်ကိုင်း၊ မန္တလေးဘက်က ထမင်းဆိုင်တွေမှာ အထူးဟင်းလျာအဖြစ် ကြော်ရောင်း၊ သုပ်ရောင်းကြတာကို စားဖူးပါတယ်။ ဝါးလိုက်ရင် မာတာတာနဲ့ ဆိမ့်တိမ့်တိမ့်ရှိတဲ့ အင်ဥအရသာက စွဲမက်စရာပါ။ အခုလို ကားလမ်း၊ ရထားလမ်း ကောင်းကောင်းပေါက်တဲ့အချိန်အခါမို့ နယ်ထွက်ကုန်ဒေသစာတွေကို ပေါ်ဦးပေါ်ဖျားအချိန်တွေတိုင်းမှာ မြို့နယ်မရွေး တွေ့မြင်ရပြီး စားသုံးခွင့်ရကြတာပါ။

အင်ဥရဲ့ဂုဏ်ကို ယောအတွင်းဝန်ဦးဘိုးလှိုင်ရဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ "မြေဥ, အင်ဥ, မှိုဥ, မှိုမျိုးတို့ကို သံသေဒဇဟူ၍လည်းကောင်း၊ ဘူမိဆန္ဒဟူ၍လည်းကောင်း၊ သီလိန္ဒကဟူ၍လည်းကောင်း ခေါ်ကုန်၏။ ထိုမှိုမျိုးတို့သည် ကျိခွဲကုန်၏။ အေးကုန်၏။ ချိုဆိမ့်၏။ ကြေခဲ၏။ မစင်ကြယ်လျှင် ဝမ်းသွန်၊ ဝမ်းပျက်၊ သလိပ်နာတို့ကိုဖြစ်စေတတ်၏။ ထိုဝတ္ထုမျိုးတို့တွင် စင်ကြယ်သောတွင်း၊ တောင်ပို့၊ သစ်၊ ဝါး၊ တုံးတို့၌ဖြစ်သော ဝတ္ထုမျိုးတို့သည် အပြစ်နည်းကုန်၏။ ထိုမှတစ်ပါးသောအရပ်၌ဖြစ်သော ဝတ္ထုမျိုးတို့သည် အပြစ်များကုန်၏"လို့ ဖော်ပြထားပါတယ်။

အင်ဥကိုစားသုံးရာမှာ သုပ်စား၊ ကြော်စားကြပါတယ်။ သစ်ရွက်ဆွေး၊ မြေဆွေးတွေနဲ့ ရောယှက်ပြီးပေါက်တာမို့ အင်ဥမှာ ကပ်နေတဲ့ သဲတွေ၊ ဖုန်တွေကိုတော့ စိတ်ရှည်ရှည်နဲ့ ဆေးရပါမယ်။ အင်ဥကိုရေဆေးရင် ဆန်ခါထဲထည့်ပြီး ရေဖွားဖွားနဲ့ အကြိမ်ကြိမ်ဆေးပါမှ ဖုန်၊ သဲ စင်ပါတယ်။ သဲမစင်ရင် သဲစတွေကို ဝါးမိပြီး အရသာပျက်ပါတယ်။ အချို့က ရေစင်စင်ဆေး၊ ပါးပါးလှီးပြီး အစိမ်းအတိုင်း ကြော်စားကြပေမယ့် သုပ်စားမယ်ဆိုရင်တော့ ရေနွေးဖြော ရပါမယ်။ အင်ဥအလုံးလေးတွေက အရွယ်အကြီးအသေးမညီလို့ ဓားနဲ့လှီးမယ့်အစား ကတ်ကြေးသုံးတာက ပိုပြီးလွယ်ကူကြောင်း အကြံပြုပါတယ်။

အစိမ်းအတိုင်းကြော်စားတဲ့အခါ ရေဆေးတာမစင်ခဲ့ရင်လည်း ဖက်ရွက်ဆွေးနံ့ထွက်တတ်ပါတယ်။ အင်ဥကို ရေနွေးဖြောမယ်ဆိုရင် ဒယ်အိုးထဲမှာ ဆားခတ်ပြီး ရေနွေးဆူဆူမှာ ကြာကြာလေးဖြောပါ။ သုပ်စားမယ်ဆိုရင် ပါးပါးလှီး၊ ကြက်သွန်စိမ်းထည့်၊ သံပရာရည်ညှစ်ပြီး ဆားသင့်ရုံနဲ့ ဆီချက်လောင်း သုပ်ကြပါတယ်။ အစပ်ကြိုက်ရင်တော့ ငရုတ်သီးစိမ်းတောင့်လေး ညှပ်ထည့်ပါ။

ကြော်စားရင်တော့ မထူမပါးလှီးထားတဲ့ အင်ဥတွေကို ကြက်သွန်ဖြူလေး ဓားပြားရိုက်ပြီး မွှေးလာအောင် ဆီသတ်၊ နနွင်းမှုန့်လေး နည်းနည်းအရောင်လှအောင်ထည့်ပြီး ဆားသင့်ရုံနဲ့ ကြော်ရုံပါပဲ။ အင်ဥကြော်တဲ့အခါ နူးသာရုံရေအသင့်အတင့်ထည့်ပြီး စလောင်းဖုံးပိတ် တည်ရပါမယ်။ ဒယ်အိုးထဲ ဆီပြန်လာတဲ့အခါ မွှေးရနံ့သင်းပျံ့တဲ့ အင်ဥကြော်အသင့်ဖြစ်ပါပြီ။ အင်ဥကြော်ကို စားသုံးတဲ့အခါ အင်ဥအတွင်းက အမည်းရောင်ဥနှစ်လေးရဲ့ နူးညံ့ညံ့အိတိတိ အရသာကိုတော့ စားဖူးသူတိုင်း မေ့နိုင်ကြမယ်မထင်ပါဘူး။ **စံလွင်(ငါးဦးစီး)**

နေရာကောင်းရောင်းမည်

ပေ (၂၀×၇၀)၊ ရေ မီး၊ အုတ်ခတ်၊ မစိုးရိမ် (၂)လမ်း၊ အေဝမ်းလမ်းမှလည်း ဝင်လို့ရ၊ ၉ မိုင်၊ မရမ်းကုန်း၊ တိတ်ဆိတ်အေးချမ်း၍ ပတ်ဝန်းကျင် အလွန်သန့် သိန်း(၂၅၀၀)

ဖုန်း-၀၉-၉၇၂၆၆၃၃၃၆

နာမည်ပေါက်ရောင်းမည်

ပေ (၄၀×၆၀)၊ မြေသီးသန့် စံချိန်မှီ (၁) ကျောက်တန်း၊ နံမည်ပေါက်ပါမစ်၊ ရင်းနှီးမြှုပ်နှံသင့်သည့်မြေ၊ သိန်း(၉၀)

ဖုန်း-၀၉-၉၇၂၆၆၃၃၃၆



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ သိုလှောင်ကန် (B-72) မှ စီဂျီအို (CGO) ၁၁၀၁၄၇၂ ဂါလန်(ဂါလန်တစ်သန်းတစ်သိန်းတစ်ထောင်လေးရာခုနစ်ဆယ့်နှစ်တိတိ)အား သံကန်ပြတ် (သံကန်အပြောင်ရှင်း)စနစ်ဖြင့်လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ စီဂျီအို (CGO) ၁၀၀၀၀၀၀ဂါလန် (ဂါလန်တစ်သန်းတိတိ)အားလည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်- ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့)၊ ၁၃း၀၀ နာရီ
အချိန်နှင့် နေရာ — မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်- ၁၂-၇-၂၀၁၈ရက် (ကြာသပတေးနေ့)၊ ၁၄း၀၀ နာရီ

၄။ သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၁၂-၆-၂၀၁၈ ရက်မှစ၍ Download ရယူလျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း

တက္ကသိုလ်ဝင်တန်းအဆင့်/အောင်မြင်ထားသူများအတွက်

City & Guilds No - 836055

နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလန်နိုင်ငံ (UK) Diploma သင်တန်းများ

(6)Month (or) (1) Year Level 2,3,4,5 ဆင့်ထန်းများ

- Civil Engineering Diploma
- Electrical and Electronic Engineering Diploma
- Mechanical Engineering Diploma
- Air-Con Diploma
- Diploma in Electrical Installation

June 21 မတိုင်မီ 20% Dis;

Site visit ... Excursion

SKY STAR Engineering Training Centre

Address : အမှတ်(66/6e)...
E-mail : skystarengineeringcentre@gmail.com Facebook: Sky Star Engineering Training Centre
09424795112, 09424795113

DREAM Curtain & Sofa

ဆိုဖာ ခိုင်ခံ့မျိုးစုံ ပြုပြင်ရေး

09-5060996
09-765060996

Facebook page တွင်လည်းကြည့်နိုင်ပါသည်။

Taxi ပိုင်ရှင်များအတွက် သတင်းကောင်း

လူကြီးမင်းတို့၏ Taxi ကားများကို လုံခြုံစိတ်ချမှုရှိစေရန် အထူးမွမ်းမံသင်တန်းပေးထားသော ကျွမ်းကျင် ယာဉ်မောင်းများနှင့် အကျိုးတူဆောင်ရွက်လိုပါက အမြန်ဆက်သွယ်ပါ။ လိုအပ်ချက်- ၂၀၀၂အထက် Modelဖြစ်ရမည်။ Probox, fielder, Succeed ဦးစားပေးမည်။ ဝန်ဆောင်ခပေးရန်မလိုပါ။ အိမ်ပေးဖြစ်ရမည်။

ဆက်သွယ်ရန်-၀၉-၇၆၅၄၀၀၄၅၀

အမည်နှင့် မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးစံသူ [၁၂/ဥကမ(နိုင်)၀၇၇၃၁၆]၏ သမီးဖြစ်သူ မနှင်းအိဖြိုး (၅-၁၀-၁၉၉၇)၏ အမည်နှင့် မွေးသက္ကရာဇ်အမှန်မှာ မအိနှင်းဖြိုး (၁၃-၇-၁၉၉၇) ဖြစ်ပါသည်။

ရောင်းမည်/ငှားမည်/ဝယ်မည်

၁။ ဗဟန်းလမ်းမ၊ မြေ (၀. ၄)ဧက (ရောင်း)
၂။ ဗဟန်းရွှေတောင်ကြား မြေ (၀. ၂)ဧက RC2 (ရောင်း)
၃။ ကမ္ဘာအေးဘုရားလမ်းသွယ်၊ မြေ ပေ(၉၀×၂၀၀) RC1 (ငှား)
၄။ ရန်ကင်း၊ တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်းမြို့နယ်များရှိ လမ်းမပေါ်တွင် သိန်း (၇၀၀၀) သုံးမည်။ မြေကွက်ဝယ်လိုသည်။

Tel:09-400500684

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၅) [illegible]လမ်း မြေကွက်အမှတ် (၁၁၁)၊ (အလျား ၂၃'×အနံ၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ကို ဦး[illegible] (၁၂/ဓခန(နိုင်)၀၂၉၄၉၇)က မိမိပိုင်ဆိုင်ထား၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်စရံငွေပေးချေထားပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စပါယ် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၇၇)
အမှတ်-၁၁၉၊ [illegible]လမ်း၊ [illegible]ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဓာတုဗေဒဂုဏ်ထူးသီးသန့်

ကျွမ်းကျင်သော ဆရာမ၏ ပြည့်စုံသော သင်ကြားမှုများ အိမ်အရောက် သင်ပါသည်။

ဖုန်း-၀၉-၄၄၃၀၇၀၃၇၃

ယောက်ျားစီး Shoe ဖိနပ်ထုတ်လုပ်သော စက်ပစ္စည်းရောင်းရန်ရှိပါသည်။

ဖုန်း-၀၉-၄၂၁၁၄၂၆၄၊ ၀၉-၅၀၄၇၄၆၈

KO YE

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

09421120927

မြေကွက်များဈေးကောင်းပေးဝယ်သည်။

အိပ်အရောက်ငွေချေစနစ်၊ ပွဲခပေးရန်မလို ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

PH.09-254118190
PH.09-73090236

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
ကြံခင်းမြို့နယ် တရားရုံးတော်
၂၀၁၈ ခုနှစ် တရားမကြီး မှု အမှတ် – ၁၇

ဒေါ်ဖြူဖြူဝင်း	နှင့်	ဦးဖြိုးဇော်လှိုင်
(တရားလို)		**(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ သစ္စာလမ်းနေ ဦးဖြိုးဇော်လှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူဝင်းက "လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ (၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဇင်ဝေထွန်း)
မြို့နယ်တရားသူကြီး
ကြံခင်းမြို့နယ်တရားရုံး

ဦးစိန်ဝင်းလှိုင် [၉/ပကခ(နိုင်)၀၀၀၀၁၀] သိစေရန်ကြေညာခြင်း

(၁) လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေနှင့် ၃၁-၁-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၆၃)၊ ဦးပိုင်အမှတ်(၁၂/က)၊ လယ်မြေဧရိယာ (၄. ၆၀)ဧကအနက်မှ မခွဲမစိတ်ရသေးသော ဧရိယာ (၁. ၀၀)ဧကရှိ လူကြီးမင်းအမည်ပေါက် ဝင်းထရံခတ်ထားသောမြေကွက်ကို လယ်ယာမြေကို အခြားနည်းသုံးအသုံးပြုခွင့် လျှောက်ထားပြီး၊ ဆန်စပါးကြိတ်ခွဲသိုလှောင်ရုံမြေအဖြစ်မှ စက်သုံးဆီဆောက်လုပ်ခွင့်လျှောက်ထားမှုကို ဆောင်ရွက်ပေးရန် သဘောတူ၍ ကျပ်သိန်း (၃၃၀၀)ဖြင့် ရောင်းချခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေက စရန်ငွေအဖြစ် ကျပ်သိန်း (၂၀၀၀)ကို ဖော်ပြပါနေ့ ၃၁-၁-၂၀၁၅ရက်တွင် ချုပ်ဆိုခဲ့သော စရန်ပေးစာချုပ်အရ ပေးအပ်ခဲ့ရာ လူကြီးမင်းမှလက်ခံရရှိခဲ့ပါသည်။

(၂) စရန်ငွေလက်ခံပြီး ၁၆-၂-၂၀၁၅ရက်တွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် (ဆန်စပါးကြိတ်ခွဲသိုလှောင်ရုံမြေ) ခွင့်ပြုမိန့်ပုံစံ (၁၅)ကို ရရှိပါသည်။

(၃) ထို့နောက် လူကြီးမင်းမှ ပုံစံ(၁၅)ရရှိသော ဆန်စပါးကြိတ်ခွဲသိုလှောင်မြေ မြေကေ(၄. ၆)ကေအနက်မှ (၁)ကေကိုခွဲစိတ်ပြီး ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ခွဲထုတ်ပြီး ဆီဆိုင်ဖွင့်နိုင်သည်အထိ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်ကြောင်း လျှောက်ထားသော စာရွက်စာတမ်းများကိုလူ ကြီးမင်းက လက်ရောက်ပေးအပ်ရန် သဘောတူခဲ့ကြောင်း ၃၁-၁-၂၀၁၅ရက်စွဲပါ စရန်ပေးငွေအရောင်းအဝယ်စာချုပ်အပိုဒ်(၇)နှင့် (၁၂)အရ သဘောတူ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခဲ့သည်။

(၄) လူကြီးမင်းသည် အထက်ပါစရန်ပေးစာချုပ်ပါစည်းကမ်းချက်များကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ငွေလို၍ ယူနိုက်တက်အမရာဘဏ်လီမိတက် ဘုန်းကြီးလမ်း (လမ်းမတော်ဘဏ်ခွဲ)တွင် အထက်ပါ ပုံစံ(၁၅)ထွက်ရှိသော စာရွက်စာတမ်းများအပ်နှံပြီး၊ ငွေကျပ်သိန်း (၇၀၀၀) ODစနစ်ဖြင့် ၂၇-၁-၂၀၁၅ရက် တွင်ချေးယူခဲ့ပါသည်။ ထို့နောက် ဂရန်ကို ၈-၁၂-၂၀၁၅ရက်တွင် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိပြီး၊ ယူအေဘီဘဏ်သို့ ၁-၃-၂၀၁၇ရက်တွင် အပြေအကျေဆပ်ခဲ့ပါသည်။ ထိုဂရန်ကိုကျွန်ုပ်မိတ်ဆွေနှင့် မသက်ဆိုင်သောအခြားသူတစ်ဦးကို ရောင်းချခဲ့ကြောင်း သိရှိရပါသည်။

(၅) သို့သော် ကျွန်ုပ်မိတ်ဆွေထံမှ လူကြီးမင်းက ရယူထားသော စရန်ငွေကျပ်သိန်း (၂၀၀၀)အနက် ကျပ်သိန်း(၁၀၀၀)ကို ၃-၅-၂၀၁၇ရက်တွင် ပြန်လည်ပေးသွင်းခဲ့ပါသည်။

